# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

**အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့ မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာ ဘုရားသည် ချီးမွမ်းတော်မူ၏။**

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့။ Monday, 8 March 2021 ၁၀၃၁၀


# နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်)

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်ဖြစ်မြောက်ခြင်း မရှိသေးသည့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်ရပ်တည်ပိုင်ခွင့်မရှိသေးသူများက “ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ” (CRPH)အမည်ဖြင့် ကော်မတီဖွဲ့စည်းဆောင်ရွက်နေခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့်အပြင် ကြီးလေးသည့်ရာဇဝတ်မှုကို ကျူးလွန်ရာရောက်သဖြင့် ယင်းတရားမဝင်ကော်မတီတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန်နှင့် ထိုသို့ဆောင်ရွက်ပါက ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ CRPH က အစိုးရဖွဲ့စည်းခြင်း၊ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များဖွဲ့စည်းခြင်း စသည့် ဥပဒေနှင့်ဆန့်ကျင်သည့်အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်းကို လုပ်ဆောင်လာကြောင်း တွေ့ရှိရပါသည်။ ယင်းသို့သော လုပ်ဆောင်မှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည့်အပြင် ရာဇသတ်ကြီးပုဒ်မ ၁၂၂ အရ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကို ကျူးလွန်ရာရောက်ပြီး သေဒဏ်ဖြစ်စေ၊ နှစ်ဆယ်နှစ်ကာလအထိ ထောင်ဒဏ်ဖြစ်စေချမှတ်နိုင်သည့် ပြစ်မှုဖြစ်ပါသည်။ ထို့အပြင် CRPH နှင့် CRPH က ဖွဲ့စည်းသည့်အဖွဲ့အစည်းများတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းမရှိသော်လည်း CRPH ကို အထောက်အကူပြုစေရန်အတွက် နိုင်ငံ့ဝန်ထမ်းများကို တာဝန်ပျက်ကွက်အောင် ဆွဲဆောင်စည်းရုံးသူများ၊ လှုံ့ဆော်သူများ၊ ခြိမ်းခြောက်သူများသည် ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ အရ အစိုးရအမှုထမ်းများအား ဟန့်တားခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းကို ကျူးလွန်ရာရောက်ပြီး ထောင်ဒဏ် ခုနစ်နှစ်အထိ ချမှတ်နိုင်သောပြစ်မှုဖြစ်ပါသည်။


စာမျက်နှာ ၅ ကော်လံ ၁ သို့ ❐


# နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးစီးပွားအတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်သွားမည်

**နေပြည်တော် မတ် ၇**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်လုံခြုံအေးချမ်းသာယာရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် တစ်ဦးတစ်ယောက်၊ တစ်ပါတီအဖွဲ့အစည်းအတွက် ဦးတည်ရည်မှန်းချက်ထားကာ နိုင်ငံတော်အား နည်းမျိုးစုံအသုံးပြုဆန့်ကျင်လှုပ်ရှားနေသူများကို နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးစီးပွားအတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ နိုင်ငံတော်အား နည်းမျိုးစုံအသုံးပြု ဆန့်ကျင်လှုပ်ရှားနေသူများ နိုင်ငံတော်အတွင်း (အေးချမ်းစွာဆန္ဒပြသည်) ဟူသော ခေါင်းစဉ်ဖြင့် ပြယုဂ်ကောင်းအောင် မီဒီယာအားပြုကာ ကောလာဟလထုတ်လွှင့်၍ နောက်ကွယ်မှ ကြိုးကိုင်စီစဉ်သူများ၏ အလိုကျအတိုင်း လူငယ်ထုများကိုသာ ရှေ့တန်းတင်ရန် ဆောင်ရွက်လျက်ရှိနေကြောင်း။


စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❖




ဆူပူဆန္ဒပြသူများက အများပြည်သူ အသုံးပြုနေသည့်လမ်းပေါ်တွင် အတားအဆီးများဖြင့် ပိတ်ဆို့ထားမှုကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းဖယ်ရှားနေစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ


**ငြိမ်းငြိမ်းချမ်းချမ်း ညီညွတ်ချစ်ခင်ခြင်းဖြင့် ပိုမိုသာယာလှပသော အနာဂတ်ဆီသို့ ...**
ဆောင်းပါး စာမျက်နှာ » ၆

**တိုင်းပြည်ကောင်းကျိုးအတွက် ခွဲခြားရှုမြင်ရမည့် “ဓမ္မနှင့် အဓမ္မ”**
ဆောင်းပါး စာမျက်နှာ » ၈

**တရုတ်နိုင်ငံ၏ ပို့ကုန်တင်ပို့မှု ယခုနှစ် ပထမနှစ်လတာကာလအတွင်း မြင့်တက်မှုရှိခဲ့**
စာမျက်နှာ » ၁၂

# (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ် ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ကြေးမုံ

# အမျိုးသမီးဂုဏ်ရည်ဖြင့် နိုင်ငံ့တန်ဖိုးမြှင့်တင်

မတ်လ ၈ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ဖြစ်သည်။ မြန်မာနိုင်ငံမှ အမျိုးသမီးထုတစ်ရပ်လုံးအတွက်လည်း မြန်မာအမျိုးသမီးများနေ့အဖြစ် ဂုဏ်ပြုရမည့်နေ့တစ်နေ့ ဖြစ်သည်။ မြန်မာအမျိုးသမီးများသည် သမိုင်းကြောင်းတစ်လျှောက်တွင် အမျိုးသမီးတို့၏ဂုဏ်ရည်ကို ထိန်းသိမ်းမြှင့်တင်၍ ယဉ်ကျေးမှုမြင့်မားသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏တန်ဖိုးကို မြှင့်တင်ပေးခဲ့ကြပေသည်။

တစ်ချိန်က ပုခက်လွှဲသောလက်များဖြင့် နိုင်ငံ့သားကောင်းရတနာများကို မွေးထုတ်ပေးခဲ့ပေသည်။ ယနေ့ခေတ်အချိန်အခါတွင် အမျိုးသားများနှင့်တန်းတူ ရင်ပေါင်တန်း၍ နိုင်ငံဖွံ့ဖြိုးရေးတွင် တစ်တပ်တစ်အား ပါဝင်နေကြပေသည်။ အမျိုးသမီးများသည် အမျိုးသားများထက် သာလွန်သည်ဟု ဆိုရမည်ဖြစ်သည်။ ပုခက်လွှဲသောမိခင်လက်ဖြင့် သားကောင်းသမီးကောင်းများကို ပြုစုပျိုးထောင် မွေးထုတ်ပေးရေးတာဝန်အပြင် မြန်မာတို့၏ ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းရေး၊ လူ့ဘောင်လောက ငြိမ်းချမ်းသာယာဝပြောရေး၊ တတ်စွမ်းသည့်ပညာဖြင့် ကုန်ထုတ်စွမ်းအားမြင့်မားတိုးတက်ရေးတို့ကို ဖော်ဆောင်ပေးနေကြသည်။

ယခုအခါ မြန်မာနိုင်ငံတွင်အမျိုးသမီးထုလူဦးရေမှာ အမျိုးသားထုလူဦးရေထက် ပိုမိုလာခဲ့သည်။ အမျိုးသမီးထု ပိုမိုများပြားလာသည်နှင့်အမျှ မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍများမှာလည်း ပိုမိုကျယ်ပြန့်လာသည်။ အမျိုးသားများနှင့် တန်းတူယှဉ်ပြိုင်လုပ်ကိုင်လာနိုင်ကြသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်စုံတွင် အမျိုးသမီးစွမ်းဆောင်ရှင်များ တာဝန်ယူလုပ်ကိုင်နေကြသည်။ အချို့လည်း ခေါင်းဆောင်ပိုင်းနေရာများသို့ ရောက်ရှိအောင်ပင် ကြိုးပမ်းအားထုတ်နိုင်ကြသည်။ အမျိုးသမီးများ၏ စွမ်းပကားများမှာ သမိုင်းကြောင်းအစဉ်အလာနှင့်အညီ အံ့မခန်းဖွယ်ရာများရှိသည်။

အမျိုးသမီးများအနေဖြင့် နုနယ်သည့်ပင်ကိုစိတ်ထားအရ ထိလွယ်ရှလွယ် အပြောင်းအလဲမြန်တတ်သော သဘောရှိသည်။ ယင်းအချက်တို့ကို သတိမူထိန်းသိမ်းပြုပြင်ပြီး လူ့ဘောင်လောကအကျိုးကို သယ်ပိုးထမ်းဆောင်နိုင်ပါလျှင် မြန်မာအမျိုးသမီးတို့၏ ဂုဏ်ရည်နှင့်စွမ်းဆောင်မှုများမှာ အတိုင်းထက်အလွန်ဖြစ်မည်။

မြန်မာ့သမိုင်းကြောင်းတစ်လျှောက်လုံးတွင် မြန်မာအမျိုးသမီးများသည် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ထွန်းကားပြန့်ပွားစေရန် စံနမူနာပြ ကြိုးပမ်းဆောင်ရွက်မှုများရှိခဲ့သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အစဉ်အလာကြီးမားသည့် အမျိုးသမီးတို့၏ ချစ်ခင်မြတ်နိုးဖွယ်ရာယဉ်ကျေးမှုဓလေ့စရိုက်များ မပျောက်မပျက်စေရန်နှင့် အမျိုးအန္တယ်ကို ထိန်းသိမ်းစောင့်ရှောက်မှုနှင့် အမျိုးအန္တယ်မတိမ်ကောစေရေးတို့ကို မြန်မာအမျိုးသမီးတို့ စံနမူနာပြ ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးနိုင်ခဲ့သည်။ သို့သော် ဆွမ်းဆန်ထဲ ကြွက်ချေးရောဆိုသကဲ့သို့ မထိန်းသိမ်းမစောင့်ရှောက်ခဲ့သူအချို့လည်းရှိသည်။ ထိုတစ်ဦးတစ်ယောက်အတွက်နှင့် တိုင်းပြည်ဂုဏ်ရည် မပျက်စီးအောင် အမျိုးသမီးထုကြီးက ဝိုင်းဝန်းထိန်းသိမ်း ပြုပြင်စောင့်ရှောက်ပေးကြရမည် ဖြစ်သည်။

ယဉ်ကျေးမှုအစဉ်အလာကြီးမားသော မြန်မာအမျိုးသမီးတို့၏ ဂုဏ်ရည်နှင့် မဆီလျော်သော အပြုအမူ အကျင့်အကြံများကို ရှောင်ရှားကြရမည် ဖြစ်သည်။ အရှက်အကြောက်ကြီးမားသော ဟိရိဩတ္တပ္ပတရား၊ ယဉ်ကျေးသိမ်မွေ့သော အမူအရာများသည် မြန်မာအမျိုးသမီးတို့၏ ချစ်ခင်မြတ်နိုးဖွယ်ရာ ဂုဏ်ရည်များဖြစ်သည်။ “ပုခက်လွှဲသောလက်သည် ကမ္ဘာကိုအုပ်စိုး၏”ဟူသော မိခင်ဂုဏ်ရည်မှသည် “သားကောင်းမိခင်” ဟူသော အစဉ်အလာကောင်းကို ထိန်းသိမ်းစောင့်ရှောက်ရမည် ဖြစ်သည်။ မြန်မာအမျိုးသမီးတို့သည် မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးရေးဟူသော မိခင်တာဝန်ကိုသာမက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုစသော နိုင်ငံတော်၏လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးကြရမည် ဖြစ်သည်။

ယနေ့အချိန်အခါတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ပေါင်တန်းနိုင်ပါသည်။ တန်းတူအခွင့်အရေးများလည်း ရှိကြပါသည်။ သို့သော်လည်း အမျိုးသမီးများနှင့် မအပ်စပ်သည့် မသင့်လျော်ရာအလုပ်များနှင့် အမျိုးသမီးတို့ဂုဏ်ရည်အစဉ်အလာများ မပျက်ယွင်းစေရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ပေးသင့်သည်။ မိခင်အုပ်ထိန်းသူများသည် နုပျိုသစ်လွင်ဖြူစင်သည့် မိမိတို့သမီးငယ်များ၏ဘဝများ မပျက်စီးအောင်၊ ညစ်နွမ်းမသွားအောင်၊ အမျိုးသမီးဂုဏ်ရည်နှင့် အရှက်အကြောက်ကြီးမားသည့်စိတ်ရင်းများ မပျက်ပြယ်အောင် တည့်မတ်ပေးသင့်သည်။ မြန်မာအမျိုးသမီးငယ်များ လမ်းမှားများပေါ်သို့ ရောက်ရှိသွားမည်ဆိုလျှင် နိုင်ငံအတွက် ရင်လေးဖွယ်ရာဖြစ်မည်။ အထူးသဖြင့် အမျိုးသမီးတို့၏အရေးအကြီးဆုံးအချက်မှာ အမျိုးသမီးဂုဏ်ရည်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတကာအမျိုးသမီးများနေ့တွင် မြန်မာအမျိုးသမီးများ၏ ယဉ်ကျေးမှုအစဉ်အလာကြီးမားသော အမျိုးသမီးဂုဏ်ရည်ကို ထုတ်ဖော်ပြသကြရမည် ဖြစ်သည်။ စွမ်းဆောင်ရည်မြင့်မားသော မြန်မာအမျိုးသမီးများက အနာဂတ်ကို ပုံဖော်ထုဆစ်ကြမည့် မျိုးဆက်သစ်များကို ပြုစုပျိုးထောင်ရေးသာမက မျက်မှောက်ကာလ တိုင်းပြည်အကျိုး၊ လူမျိုးအကျိုးကို တတ်စွမ်းသမျှ ပါဝင်သယ်ပိုးကြရမည် ဖြစ်သည်။ အမျိုးသမီးများ၏ ဂုဏ်သိက္ခာများပျက်ယွင်းစေသည့် အပြုအမူများဖြင့် ထုတ်ဖော်ပြသခြင်းကို ရှောင်ရှားကြရမည် ဖြစ်သည်။ သို့မှသာ ဂုဏ်သိက္ခာရှိသော ယဉ်ကျေးမှုအစဉ်အလာကြီးမားသည့်နိုင်ငံအဖြစ် ရပ်တည်နိုင်မည် ဖြစ်ပါကြောင်း။ ။

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အငယ်တန်း | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - | ဦးဝင်းနိုင် | သတင်းထောက်များ | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | ဓာတ်ပုံသတင်းထောက် | - | ဦးခင်မောင်ဝင်း |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | စာပြင် | - | ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| ဘာသာပြန် | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် | - | ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| စာတည်းများ | | ဦးအောင်ကျော်ကျော် | ဒီဇိုင်း | | |
| အကြီးတန်း | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့ |
| သတင်းထောက်များ | | ဒေါ်နေဇာဇာထွန်း | | | |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ရာတွင် အများကြည်ညိုလေးစားခံရပြီး ပါတီနိုင်ငံရေးကင်းရှင်းသူများကိုသာ တာဝန်ပေး

ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ အသစ်ပြန်လည်ခန့်အပ်ခြင်းနှင့်ပတ်သက်၍ ၎င်းတို့၏ သက်တမ်းမှာလည်း ဥပဒေအရ လဲလှယ်ရမည့်အချိန်ဖြစ်ကြောင်း၊ ယခုအချိန်တွင် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ရာတွင် လက်မခံသည့် လုပ်ရပ်မျိုးများ လုပ်ဆောင်နေကြသည်ကို တွေ့ရကြောင်း၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ရာတွင် အများကြည်ညိုလေးစားခံရပြီး အတတ်နိုင်ဆုံး ပါတီနိုင်ငံရေးကင်းရှင်းသူများကိုသာ တာဝန်ပေးအပ်လိုကြောင်း၊ ပါတီနိုင်ငံရေး အရောင်အသွေးမကင်းသည့်အတွက် ယခုလိုလက်မခံသည့် ဖြစ်စဉ်မျိုးများ ဖြစ်ပွားလာခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ကြိုက်နှစ်သက်သည်၊ မကြိုက်နှစ်သက်သည်ရှိနိုင်ကြောင်း၊ ဒီမိုကရေစီရင့်ကျက်သည့်နိုင်ငံများတွင် စည်းကမ်းဥပဒေနှင့်အညီ တာဝန်ပေးအပ်မှုကို လက်ခံကြကြောင်း၊ ရပ်ကွက်/ကျေးရွာများနှင့် အနီးစပ်ဆုံးဖြစ်သည့် မြို့နယ်အုပ်ချုပ်ရေးတာဝန်ရှိသူများသည် နိုင်ငံရေးအရောင်အသွေး ကင်းရှင်းရန်လိုအပ်ကြောင်း၊ ယင်းအတွက် စိစစ်ဆောင်ရွက်မှုများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အတွင်း ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မတ် ၇

ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ Aureum Place Hotel အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်)၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)နှင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်) တို့မှ နာယက၊ ဥက္ကဋ္ဌများနှင့် ခရီးလှည့်လည်ရေးလုပ်ငန်းကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



### များစွာထိခိုက်နစ်နာ

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကိုဗစ်-၁၉ ကြောင့် အခြားသော နိုင်ငံများနည်းတူ မြန်မာနိုင်ငံ၌လည်း ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသည့် လုပ်ငန်းနယ်ပယ်များတွင် များစွာထိခိုက်နစ်နာခဲ့ရပြီး ခရီးသွားလုပ်ငန်း၏သက်ရောက်မှုသည် Multiplier Effect ဖြစ်သောကြောင့် ခရီးသွားလုပ်ငန်းရပ်တန့်မှုနှင့်အတူ အခြားသော ဆက်စပ်လုပ်ငန်းများဖြစ်သည့် ဟိုတယ်၊ စားသောက်ဆိုင်၊ ဧည့်လမ်းညွှန်၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှအစ ခေါင်းရွက်ဗျပ်ထိုးဈေးသည်အဆုံး ထိခိုက်ဆုံးရှုံးခဲ့ရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အဆိုပါဆုံးရှုံးမှုများကို အမြန်ဆုံးကုစားဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တစ်ပြေးညီ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်နိုင်ရန်နှင့် ခရီးသွားလာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းမျဉ်း စည်းကမ်းများအတိုင်း မပေါ့မလျော့ ဆောင်ရွက်ရန်အရေးကြီးပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာလအလွန်တွင် ခရီးသွားပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတ်မှတ်စည်းမျဉ်း စည်းကမ်းများအတိုင်း ခရီးသွားလာပါက ခရီးသွားနှင့် လုပ်ငန်းရှင်များအနေဖြင့် အထိုက်အလျောက် အကျိုးရှိမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများအပါအဝင် လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များမှ နားလည်မှု၊ ယုံကြည်မှုဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသများသို့ လာရောက် လည်ပတ်ချင်စိတ် ဖြစ်ပေါ်အောင် ရှိပြီးသည့် ခရီးစဉ်ဒေသများကို အဆင့်မြှင့်တင်ဆောင်ရွက်သကဲ့သို့ ခရီးစဉ်ဒေသသစ်များ ရှာဖွေဖော်ထုတ်ရန် လိုအပ်ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်နိုင်ရန် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များက လုပ်ငန်းလိုအပ်ချက်များ၊ အခက်အခဲများကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြပေးရန် ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ခရီးသွားလုပ်ငန်း ပြန်လည်စတင်ရာတွင် ကိုဗစ်-၁၉ ရောဂါ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး စစ်ဆေးခံနိုင်ရန် ဆောင်ရွက်မည့်အချက်များ၊ ခရီးသွားများ စွဲဆောင်မှုရှိစေရန် ဆောင်ရွက်ရမည့်အခြေအနေများနှင့် ခရီးစဉ်ဒေသသစ်များ ဖော်ထုတ်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက Destination Management Organization- (DMO) ဖွဲ့စည်းထားရှိမှု၊ ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဘုရားများပြန်လည်ဖွင့်လှစ်ထားရှိမှု၊ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ထားရှိမှုနှင့် ဟိုတယ်များ အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့ကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အသင်းအဖွဲ့များမှ နာယက၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက ဟိုတယ်များ ပြန်လည်ဖွင့်လှစ်လိုမှု၊ ရာသီအလိုက် ပွဲတော်များ ဆောင်ရွက်လိုသည့် အခြေအနေ၊ ဒေသဆိုင်ရာဧည့်လမ်းညွှန်သင်တန်း ဖွင့်လှစ်ပေးစေလိုသည့် အခြေအနေ၊ Golf Tour နှင့် Trekking Tour များ ဆောင်ရွက်ပေးစေလိုသည့် အခြေအနေများကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နန်းမြိုင်ဟိုတယ်သို့ သွားရောက်ကြည့်ရှုပြီး ဟိုတယ်အတွင်း၊ အပြင် သန့်ရှင်းသာယာလှပစေရေး လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ထားရှိရန် မှာကြားသည်။

ဆက်လက်၍ ဖွင့်လှစ်လျက်ရှိသော ကန်တော်ကြီးအမျိုးသား ရုက္ခဗေဒဥယျာဉ်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ဥယျာဉ်အတွင်း ပန်းအလှပင်များ လှပဝေဆာစွာစိုက်ပျိုးထားရှိမှုနှင့် ဥယျာဉ်စိမ်းလန်းစိုပြည်စွာ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြသခဲ့ပြီး ဥယျာဉ်အတွင်းရှိ ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်၊ သစ်ခွပြတိုက်နှင့် လိပ်ပြာပြတိုက်တို့အား လှည့်လည်ကြည့်ရှုသည်။ ထို့နောက် Hotel Pyin Oo Lwin ကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတ်မှတ်စည်းမျဉ်း စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံ့ဝန်ထမ်းများအနေဖြင့် CDM တွင် မနစ်မွန်းစေရေး သတိပေးထုတ်ပြန်ချက်

**နေပြည်တော် မတ် ၇**

နိုင်ငံ့ဝန်ထမ်းအများစုအနေဖြင့် မိမိတို့၏ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် CDM ၌ ပါဝင်ခြင်းမရှိဘဲ သစ္စာရှိရှိ ဆောင်ရွက်နေမှုအပေါ် ခြိမ်းခြောက်အကျပ်ကိုင် ဖိအားပေးမှုဖြစ်စဉ်တစ်ခုအား ဆိုရှယ်မီဒီယာမှတစ်ဆင့် မိမိကိုယ်မိမိသုံးဌာန ခေတ္တဝန်ကြီးအဖြစ် သတ်မှတ်ထားသည့် ဆေးကုသမှုမရှိသော ဆေးပညာရှင် ဦးဇော်ဝေစိုးက ၂၀၂၁ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် တရားမဝင် ကြေညာချက်ထုတ်ပြန်ခြင်းဖြင့် ပြုလုပ်ခဲ့သည်။

ဆေးပညာရှင် ဦးဇော်ဝေစိုး၏ CDM ၌ မပါဝင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများအား တရားမဝင် ခြိမ်းခြောက်ဖိအားပေးအကျပ်ကိုင်မှု ကြေညာချက်၌ CDM ၌ မပါဝင်သေးသည့် ဝန်ထမ်းများ ၂၀၂၁ ခုနှစ်၊ မတ်လ ၇ ရက်နေ့ ည ၁၂ နာရီမတိုင်မီ နောက်ဆုံးထား၍ CDM ၌ ပါဝင်နိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်မည့် ဖုန်းနံပါတ်များ ဖော်ပြပြီး CDM ၌ ပူးပေါင်းပါဝင်မှုမရှိပါက မတ်လ ၈ ရက်နေ့မှစ၍ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကြေညာချက်သည် တရားမဝင် မိမိကိုယ်မိမိ ဝန်ကြီးအဖြစ် ခန့်အပ်ထားသည့် တရားမဝင် လူပုဂ္ဂိုလ်တစ်ဦးမှ တရားမဝင်အစိုးရ လုပ်ပိုင်ခွင့်အသွင် နိုင်ငံတော်မှ တရားဝင်ခန့်အပ်ထားသည့် ဝန်ထမ်းတစ်ဦးကို ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခွင့်ရှိသကဲ့သို့ ခြိမ်းခြောက်ထားခြင်း၊ CDM ၌ မပါမဖြစ် ပါဝင်လာစေရန် တစ်ဖက်မှလည်း ဖြားယောင်းစည်းရုံးခြင်း တွေ့ရှိရသည်။

ဖေဖော်ဝါရီလတွင် CDM စတင်ချိန်မှစ၍ ဆေးပညာရှင် ဦးဇော်ဝေစိုး အပါအဝင် တရားမဝင် အဖွဲ့အစည်းအသီးသီးက ဆိုရှယ်မီဒီယာများမှတစ်ဆင့် CDM ၌ ပါဝင်ကြမည့် ဝန်ထမ်းများအား လစာပေးအပ်မည်၊ ဝန်ထမ်းအဖြစ် ထုတ်ပယ်ပါကလည်း အလုပ်ခန့်အပ်ပေးမည်၊ နေစရာအစိုးရဝန်ထမ်းအိမ်ရာမှ ဖယ်ရှားခံရပါကလည်း နေစရာအိမ်ပေးမည် စသည်ဖြင့် အမျိုးမျိုးသော မက်လုံးပေးဆွဲဆောင်မှုများဖြင့် စည်းရုံးဆောင်ရွက်ခဲ့ရာ အစပထမပိုင်း၌ နိုင်ငံ့ဝန်ထမ်းများ၏ ခန့်မှန်း ၃၀ ရာခိုင်နှုန်းမှာ CDM ၌ ပါဝင်ခဲ့သော်လည်း ဖေဖော်ဝါရီလ တတိယပတ်မှစ၍ CDM ၌ ပါဝင်သည့် ဝန်ထမ်းအချို့မှာလည်း မိမိတို့၏ မှားယွင်းသောလုပ်ရပ်ကို သိမြင်လာခြင်း၊ CDM ခေါင်းဆောင်ဆိုသူများ၏ အပြောနှင့်အလုပ် မညီမှုအပေါ် စိတ်ပျက်စိတ်ကုန်လာခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရုံးပြန်လည်တက်ရောက်ကြရေး သတိပေးနှိုးဆော်စာများ TV၊ သတင်းစာများမှတစ်ဆင့် ဖတ်ရှုရခြင်းတို့ကြောင့် မူလအလုပ်တာဝန်ဝတ္တရားများအား သတ်မှတ်အချိန်မီ ပြန်လည်ထမ်းဆောင်ခဲ့ကြသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၆ ရက်နေ့ နိုင်ငံ့ဝန်ထမ်းများ လစာထုတ်ချိန်၌ CDM ၌ ဆက်လက်ပါဝင်နေကြသူများအနေဖြင့် မူလစည်းရုံးခံခဲ့ရချိန် ရရှိမည့်လစာနှင့်ပတ်သက်၍ သက်ဆိုင်ရာဖုန်းနံပါတ်များနှင့် တရားမဝင် အသင်းအဖွဲ့များထံ စုံစမ်းမေးမြန်းခဲ့ကြကြောင်း သိရှိရသည်။

CDM ပါဝင်သူ ဝန်ထမ်းများအား ဆေးပညာရှင် ဦးဇော်ဝေစိုး အပါအဝင် အဖွဲ့အစည်းမျိုးစုံတို့က အံ့မခန်းမက်လုံးပေး၍ စည်းရုံးမှုကြောင့် ပါဝင်လာခဲ့သော်လည်း နိုင်ငံ့ဝန်ထမ်းများ၏ အဓိကအကျဆုံး မူရင်းလစာရရှိရေးကိစ္စ၌မူ CDM ပါဝင်သည့် ဝန်ထမ်းဟောင်းအချို့တို့မှာ ဖော်ပြပါ ပမာဏရရှိကြသော်လည်း CDM ဝန်ထမ်းများအတွက် အလှူငွေကောက်ခံသူ အဖွဲ့အစည်းအသီးသီးအနက် အချို့သောအလှူခံပုဂ္ဂိုလ်၊ တရားမဝင်အဖွဲ့အစည်းများမှလည်း အလှူရှင်အသီးသီးမှ ပေးပို့လာသည့် CDM အတွက် ထောက်ပံ့နေမှုများကိုလည်း အလွဲသုံးဆောင်ရွက်လျက်ရှိကြကြောင်း သိရှိရသည်။

| စဉ် | မြို့/ဌာန | ဝန်ထမ်းဦးရေ | တစ်ဦးချင်း ရရှိနှုန်းထား(ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| ၁ | တောင်ငူမြို့ | ၁၅၂၀ | ၃၀၀၀၀ | |
| ၂ | ဝမ်းတွင်းမြို့ | ၅၀ | ၅၀၀၀၀ | |
| ၃ | နတ်မောက်မြို့ | ၈ | ၂၅၀၀၀ | |
| ၄ | ဖားကန့်မြို့ | ၇၃ | ၁၀၀၀၀၀ | |
| ၅ | စစ်ကိုင်းမြို့ | ၁၃၀၀ | ၂၀၀၀၀၀ | |
| ၆ | တာချီလိတ်မြို့ | ၈၇ | ၁၀၀၀၀၀ | |
| ၇ | ညောင်ရွှေမြို့ | ၃၂ | ၇၀၀၀၀ | |
| ၈ | တောင်တွင်းကြီးမြို့ | ၉ | ၂၀၀၀၀၀ | |
| ၉ | ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်(သန်လျင်) | ၁၈၀ | ၇၀၀၀ | |
| ၁၀ | မကွေးတက္ကသိုလ် | ၁၃၄ | ၇၀၀၀ | |
| ၁၁ | ရန်ကုန်အဝေးသင် တက္ကသိုလ် | ၆၃ | ၈၀၀၀ | |

နိုင်ငံ့ဝန်ထမ်းတစ်ဦးချင်းစီ၏ရရှိသည့် အနိမ့်ဆုံးလစာနှုန်းထားမှာ တစ်သိန်းလေးသောင်းဖြစ်ပြီး ကျန်ဝန်ထမ်းများမှာလည်း အဆင့်လိုက် သတ်မှတ်လစာနှုန်းထားရရှိကြသူများ ဖြစ်ပါသည်။ အထက်ဖော်ပြပါဇယားတွင်ရရှိသည့် အနိမ့်ဆုံးထောက်ပံ့ကြေးမှာ CDM တစ်ဦးလျှင် သုံးသောင်းခန့်သာရှိရာ နိုင်ငံတော်မှသတ်မှတ်ထားသည့် နေ့စားအလုပ်သမားတစ်ဦး တစ်ရက်လေးထောင့်ရှစ်ရာကျပ်နှုန်းဖြင့် နှိုင်းယှဉ်ပါက CDM ဆောင်ရွက်သူများ၏ စည်းရုံးမှု၊ ဝါဒဖြန့်မှုနောက် CDM တွင် လိုက်ပါဆောင်ရွက်သူများ၏ မိသားစုစားဝတ်နေရေး ဘဝအခြေအနေမှာ များစွာစိတ်မကောင်းဖြစ်ဖွယ်ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

CDM ဆောင်ရွက်ရာတွင်လည်း ပါဝင်ပြီးပါက ပြန်လည်ထွက်ခွာမှု မရှိနိုင်စေရေး အချက် ၁၀ ချက်ပါ ဝန်ခံကတိအမျိုးမျိုး၊ CDM အဖွဲ့၏ သတ်မှတ်ပုံစံအမျိုးမျိုး ဖြည့်စွက်ရပြီး အထောက်အထား သိမ်းယူထားခြင်းဖြင့် CDM ပါဝင်သည့်ဝန်ထမ်းများအနေဖြင့် ဆုတ်လည်းဆူး၊ စားလည်းရူးဖြစ်ရလျက် လတ်တလော မိသားစုစားဝတ်နေရေး၊ ဘဝရှင်သန်ရပ်တည်နေထိုင်ရေး၊ ရှေ့အနာဂတ်မှာ ပျက်သုဉ်းသွားမှုကိုလည်း စိတ်မကောင်းစွာ တွေ့ရှိရသည်။

သို့ဖြစ်၍ တရားမဝင် မိမိကိုယ်မိမိ ခန့်အပ်ထားသည့် လူပုဂ္ဂိုလ်တစ်ဦးမှ တရားဝင်နိုင်ငံ့ဝန်ထမ်းများအား CDM၌ပါဝင်လာစေရေး တရားမဝင်ခြိမ်းခြောက်ဖိအားပေးအကျပ်ကိုင်မှုအပေါ် နိုင်ငံ့ဝန်ထမ်းကောင်းများအနေဖြင့် စိုးရိမ်ထိတ်လန့်ကြောက်ရွံ့မှုမရှိကြစေရန် အသိပေးနှိုးဆော်ခြင်းဖြစ်ပြီး လာရောက်နှောင့်ယှက်ခြိမ်းခြောက်ပါက သက်ဆိုင်ရာရုံးဌာနနှင့် ရပ်ကွက်အလိုက်ရှိနေသည့် လုံခြုံရေးအဖွဲ့များနှင့် မူလတိုင်ကြားရန် သတ်မှတ်ထားသည့် ဖုန်းနံပါတ်များသို့ အချိန်မီ အသိပေးအကြောင်းကြားပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## ကျန်းမာရေးဝန်ထမ်းများသို့ အသိပေးကြေညာချက်

ဆေးတက္ကသိုလ်(၁)တွင် တာဝန်ထမ်းဆောင်ခဲ့၍ ဆေးကုသမှုမရှိသော ဆေးပညာရှင် ဦးဇော်ဝေစိုးသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်ရပ်တည်ပိုင်ခွင့် မရှိသေးသူများက နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကိုကျူးလွန်လျက် တရားမဝင်ဖွဲ့စည်းထားသည့် "ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ" (CRPH)တွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကျန်းမာရေးဝန်ထမ်းများအားလည်း ၎င်းနှင့်ပူးပေါင်းဆောင်ရွက်လာစေရန် နည်းမျိုးစုံဖြင့် စည်းရုံးဆောင်ရွက်နေကြောင်း တွေ့ရှိရပါသည်။ ဦးဇော်ဝေစိုး ကျူးလွန်ခဲ့သည့် ပြစ်မှုများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနက အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ထားကြောင်းနှင့် ၎င်းဆက်လက်ကျူးလွန်ခဲ့သည့် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုအတွက် ထိရောက်စွာဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသဖြင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ၎င်းအား အားပေးကူညီရာရောက်သည့် ပြုမူ ဆောင်ရွက်ခြင်းမျိုးကို မလုပ်ဆောင်မိကြစေရန်နှင့် ယင်းသို့ ဆောင်ရွက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထား

**နေပြည်တော် မတ် ၇**

ဆေးတက္ကသိုလ် (၁)တွင် တာဝန်ထမ်းဆောင်ခဲ့၍ ဆေးကုသမှုမရှိသည့် ဆေးပညာရှင် ဦးဇော်ဝေစိုးသည် ၎င်း၏လူမှုကွန်ရက်၌ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများနှင့် လက်အောက်ဝန်ထမ်းများအား ရုံးမတက်ဘဲ သပိတ်မှောက်ရာတွင် ပါဝင်ဆန္ဒပြရန် လှုံ့ဆော်မှုများ ပြုလုပ်ခဲ့သဖြင့် ၂၀၂၁ ခုနှစ် မတ် ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် လသာမြို့မရဲစခန်း၌ ရာဇသတ်ကြီး ပုဒ်မ ၅၀၅ – က ဖြင့် အမှုဖွင့်အရေးယူထားရှိသည်။

ထို့ပြင် ၎င်းသည် နိုင်ငံတော်တည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်လျက်ရှိသည့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နေကြောင်း တွေ့ရှိရသည့်အတွက် ၎င်းအား နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုဖြင့် အရေးယူရန် ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းကိုကိုသိန်း (ခ)သက္ကမိုးညိုသည်၎င်း၏လူမှုကွန်ရက်၌ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသောသတင်းများကို ရေးသားဖော်ပြခဲ့သဖြင့် ဖေဖော်ဝါရီ ၃ ရက်တွင် ပုဗ္ဗသီရိမြို့နယ် ပတ္တာနယ်မြေရဲစခန်း၌ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က) ဖြင့်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများ CDM လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်စေရန် လှုံ့ဆော်မှုများ ပြုလုပ်ခဲ့သဖြင့် ဖေဖော်ဝါရီ ၁၇ ရက်တွင် ဇမ္ဗူသီရိမြို့နယ် အမှတ် (၁) မြို့မရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅ – က ဖြင့်လည်းကောင်း အမှုများရေးဖွင့်ထားရှိသည်။

သို့ဖြစ်၍ ဖော်ပြပါ ဦးဇော်ဝေစိုးနှင့် ဒေါက်တာ ဝင်းကိုကိုသိန်း (ခ) သက္ကမိုးညို တို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့နှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ တိုင်ကြားနိုင်ရန် ထုတ်ပြန်ထားသည့် တယ်လီဖုန်းနံပါတ်များသို့ သတင်းပေးတိုင်တန်းနိုင်ကြောင်းနှင့် လက်ခံထားပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားကြောင်း သိရှိရသည်။

**သတင်းစဉ်**

✻ ကျောဖုံးမှ

အရေးယူနိုင်ပြီး အမြင့်ဆုံးပြစ်ဒဏ်အနေဖြင့် ထောင်ဒဏ် ၂၀ နှစ်အထိ ကျခံစေနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် မိမိတို့အား အထက်ဖော်ပြပါကျူးလွန်မှုများ ကျူးလွန်လာလျှင်ဖြစ်စေ၊ ကျူးလွန်ခံရနိုင်သည့် အန္တရာယ်ရှိလာလျှင် ဖြစ်စေ နီးစပ်ရာရဲစခန်းသို့လည်းကောင်း၊ မိမိတို့နေထိုင်ရာ နယ်မြေဒေသရှိ ခရိုင်အလိုက် အောက်တွင် ဖော်ပြထားသော တယ်လီဖုန်းနံပါတ်များသို့လည်းကောင်း သတင်းပို့ တိုင်တန်းနိုင်ကြောင်းနှင့် သတင်းပို့ တိုင်တန်းလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ ချက်ချင်းအရေးယူ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

**နေပြည်တော်ရဲတပ်ဖွဲ့**

(က) ဥတ္တရသီရိခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၆၇ ၅၅၀၁၉၁၊ ၀၆၇ ၅၅၀၁၉၂၊ ၀၆၇ ၅၅၀၀၄၁
(ခ) ဒက္ခိဏသီရိခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၆၇ ၅၅၀၁၉၃၊ ၀၆၇ ၅၅၀၃၈၈၊ ၀၆၇ ၅၅၀၀၄၂

**ကချင်ပြည်နယ်ရဲတပ်ဖွဲ့**

(က) မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၈၈၀၈၂၅၆၉၄၊ ၀၉ ၈၈၀၈၂၅၆၉၅၊ ၀၉ ၈၈၀၈၂၅၆၉၆
(ခ) ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၈၈၀၈၂၅၇၀၀၊ ၀၉ ၈၈၀၈၂၅၇၀၁၊ ၀၉ ၈၈၀၈၂၅၇၀၂
(ဂ) မိုးညှင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၈၈၀၈၂၅၆၉၇၊ ၀၉ ၈၈၀၈၂၅၆၉၈၊ ၀၉ ၈၈၀၈၂၅၆၉၉
(ဃ) ပူတာအိုခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၈၈၀၈၂၅၆၇၅၊ ၀၉ ၈၈၀၈၂၅၆၇၆၊ ၀၉ ၈၈၀၈၂၅၆၇၇

**ကယားပြည်နယ်ရဲတပ်ဖွဲ့**

(က) လွိုင်ကော်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၂၆၄၂၉၀၃၁၂၊ ၀၉ ၂၆၄၂၉၀၃၄၇၊ ၀၉ ၂၆၄၂၉၀၃၄၂
(ခ) ဘော်လခဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၂၆၄၂၉၀၂၁၇၊ ၀၉ ၂၆၄၂၉၀၂၆၆၊ ၀၉ ၂၆၄၂၉၀၂၆၈

**ကရင်ပြည်နယ်**

(က) ဘားအံခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၄၈၁၂၅၃၀၁၊ ၀၉ ၈၈၀၄၇၄၈၈၃၊ ၀၉ ၈၈၃၂၉၉၆၈၂
(ခ) ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၂၆၀၅၃၂၂၀၃၊ ၀၉ ၆၆၄၉၄၆၅၁၉၊ ၀၉ ၇၇၄၃၈၃၇၅၉
(ဂ) မြဝတီခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၂၂၆၈၉၈၉၉၊ ၀၉ ၆၆၄၈၅၇၇၈၅၊ ၀၉ ၇၄၀၈၄၇၉၅၀
(ဃ) ဖာပွန်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၂၈၂၁၂၃၁၃၊ ၀၉ ၆၉၂၉၅၅၅၅၇၊ ၀၉ ၈၈၂၉၁၇၅၉၆

**ချင်းပြည်နယ်ရဲတပ်ဖွဲ့**

(က) မင်းတပ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၄၈၁၂၅၃၀၁၊ ၀၉ ၈၈၀၄၇၄၈၈၃၊ ၀၉ ၈၈၃၂၉၉၆၈၂
(ခ) မတူပီခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၄၉၆၁၅၅၀၁၊ ၀၉ ၄၄၉၆၁၅၆၁၈၊ ၀၉ ၄၂၂၉၁၁၄၂၇
(ဂ) ဖလမ်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၂၂၆၈၉၈၉၉၊ ၀၉ ၄၂၇၉၈၅၀၉၁၊ ၀၉ ၄၂၆၄၁၉၉၉၂
(ဃ) ဟားခါးခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၄၃၆၆၇၆၂၆၊ ၀၉ ၄၄၃၄၀၈၁၀၀၊ ၀၉ ၂၅၈၇၄၅၉၂၈

**စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၆၈၀၁၅၁၀၉၉၊ ၀၉ ၆၈၀၇၄၅၈၉၉၊ ၀၉ ၆၈၀၃၇၄၉၇၄
(ခ) ရွှေဘိုခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၂၅၈၄၆၆၆၈၊ ၀၉ ၄၃၀၃၄၄၆၃၊ ၀၉ ၇၉၃၁၇၇၉၃၁
(ဂ) ကန့်ဘလူခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၄၈၅၀၃၂၈၊ ၀၉ ၉၉၇၈၈၃၀၂၅၆၊ ၀၉ ၇၅၉၆၉၈၇၈၃
(ဃ) မုံရွာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၀၀၉၃၂၀၇၊ ၀၉ ၂၃၀၀၉၄၂၊ ၀၉ ၄၀၂၅၄၇၁၃၉
(င) ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၂၅၆၀၇၄၃၊ ၀၇၁ ၇၃၁၃၁၊ ၀၇၁ ၇၃၁၃၃
(စ) ကသာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၇၅ ၂၅၁၀၁၄၊ ၀၉ ၂၅၉၈၅၁၅၈၁၊ ၀၉ ၇၇၅၇၄၅၃၆၉
(ဆ) ကလေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၂၀၇၂၀၅၃၅၊ ၀၉ ၉၇၀၄၆၀၂၅၈၊ ၀၉ ၆၈၆၈၀၄၉၀၁
(ဇ) ခန္တီးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၇၃ ၂၄၈၁၀၀၊ ၀၉ ၄၂၀၇၄၁၁၉၈၊ ၀၉ ၂၆၂၆၉၀၁၂၃
(ဈ) မော်လိုက်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၅၁၉၀၄၈၁၊ ၀၉ ၄၂၁၅၉၉၉၉၅၊ ၀၉ ၄၂၂၄၆၅၇၈၃
(ည) တမူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၇၃ ၄၀၂၇၇၊ ၀၉ ၉၇၄၈၃၂၁၈၃၊ ၀၉ ၇၅၅၆၂၄၄၂၉

**တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ထားဝယ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၂၅၁၁၃၈၅၇၇၊ ၀၉ ၄၄၇၉၂၀၂၇၃၊ ၀၉ ၆၆၉၉၀၅၂၈၁
(ခ) မြိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၂၅၆၄၄၅၄၂၄၊ ၀၉ ၈၉၆၉၉၉၆၈၄၊ ၀၉ ၆၇၉၄၉၆၆၃၁
(ဂ) ကော့သောင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၈၉၅၉၁၂၁၆၉၊ ၀၉ ၆၆၈၈၈၈၁၉၉၊ ၀၉ ၂၅၃၅၈၃၅၀၉

**ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ပဲခူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၂၀၁၇၅၀၁၆၊ ၀၉ ၄၄၇၂၈၂၇၇၄၊ ၀၉ ၇၉၄၈၆၁၅၀၆
(ခ) တောင်ငူခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၂၅၀၀၅၉၅၂၀၊ ၀၉ ၂၅၄၀၃၃၃၉၃၊ ၀၉ ၉၆၉၇၇၃၉၀၇
(ဂ) ပြည်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၂၃၆၆၄၂၉၄၊ ၀၉ ၄၂၃၆၈၄၈၆၀၊ ၀၉ ၄၂၅၅၅၁၇၃၆
(ဃ) သာယာဝတီခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၃၀၈၁၁၇၀၊ ၀၉ ၄၃၀၇၁၈၆၉၊ ၀၉ ၂၅၄၂၉၀၃၈၅

**မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) မကွေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၂၅၄၈၅၈၂၊ ၀၉ ၂၆၁၀၁၇၁၇၅၊ ၀၉ ၂၆၁၀၁၇၁၁၆
(ခ) မင်းဘူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၂၆၁၀၁၇၄၄၅၊ ၀၉ ၂၆၁၀၁၇၄၂၅၊ ၀၉ ၂၆၁၀၁၇၁၀၅
(ဂ) သရက်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၂၆၁၀၁၇၂၃၈၊ ၀၉ ၂၆၁၀၁၇၀၄၀၊ ၀၉ ၂၆၁၀၁၇၂၈၈
(ဃ) ပခုက္ကူခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၂၆၁၀၁၇၅၄၈၊ ၀၉ ၂၆၁၀၁၇၃၁၇၊ ၀၉ ၂၆၁၀၁၇၂၅၇
(င) ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၂၅၄၈၅၈၁၈၊ ၀၉ ၄၂၅၄၈၅၈၁၃၊ ၀၉ ၄၂၅၄၈၅၈၃၄

**မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) မန္တလေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၉၇၃၇၁၅၄၃၈၊ ၀၉ ၈၈၉၈၄၆၄၆၊ ၀၉ ၈၈၉၈၅၈၇၈၈
(ခ) ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၇၇၇၈၄၇၂၇၈၊ ၀၉ ၇၉၄၁၉၅၆၈၃၊ ၀၉ ၉၆၉၆၂၉၈၂၈
(ဂ) မြင်းခြံခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၀၀၁၀၃၃၆၉၊ ၀၉ ၄၀၀၁၀၃၃၇၄၊ ၀၉၄၀၀၁၀၄၉၃၃
(ဃ) မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၇၅၇၁၈၂၂၃၈၊ ၀၉ ၄၀၀၁၀၄၆၁၁၊ ၀၉ ၄၀၀၁၀၁၁၂၄
(င) ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၀၀၁၀၂၆၉၉၊ ၀၉ ၄၀၀၁၀၂၈၉၉၊ ၀၉ ၄၀၀၁၀၂၈၁၁
(စ) ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၈၈၁၁၄၁၁၂၊ ၀၉၇၉၄၂၀၈၉၆၀၊ ၀၉ ၇၉၂၄၄၈၅၂
(ဆ) ညောင်ဦးခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၀၀၁၀၃၃၂၈၊ ၀၉ ၄၀၀၁၀၃၃၄၈၊ ၀၉ ၄၀၀၁၀၃၃၈၆

**မွန်ပြည်နယ်ရဲတပ်ဖွဲ့**

(က) မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၇၅၆၂၅၃၈၉၂၊ ၀၉ ၆၈၄၇၃၈၃၉၅၊ ၀၉ ၆၈၂၇၈၇၈၈၂
(ခ) သထုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၂၃၃၃၂၇၄၄၊ ၀၉ ၄၂၃၃၃၂၇၄၅၊ ၀၉ ၄၂၃၃၃၂၇၄၆

**ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့**

(က) စစ်တွေခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၆၈၆၂၉၄၅၂၅၊ ၀၉ ၆၈၉၃၁၈၄၂၇၊ ၀၉ ၆၈၈၉၀၀၇၈၇
(ခ) မြောက်ဦးခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၆၉၉၅၀၈၈၈၄၊ ၀၉ ၆၇၁၀၀၅၆၇၁၊ ၀၉ ၆၈၃၉၇၂၀၉၃
(ဂ) မောင်တောခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၆၆၂၄၄၁၃၃၆၊ ၀၉ ၆၉၀၈၇၅၄၈၀၊ ၀၉ ၆၉၄၃၅၉၄၀၂
(ဃ) ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၂၃၂၃၉၉၆၆၊ ၀၉ ၄၂၃၂၃၉၉၆၇၊ ၀၉ ၄၂၃၂၃၉၉၆၈
(င) သံတွဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၆၇၈၄၄၃၇၁၃၊ ၀၉ ၆၇၂၉၃၇၃၄၈၊ ၀၉ ၉၆၉၁၇၉၆၀

**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၂၆၁၈၂၉၆၆၊ ၀၉ ၄၂၆၁၈၃၂၂၇၊ ၀၉ ၄၂၆၁၈၃၂၄၅
(ခ) အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၂၆၁၈၃၂၂၈၊ ၀၉ ၄၂၆၁၈၃၃၃၉၊ ၀၉ ၄၂၆၁၈၃၂၉၃
(ဂ) တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၂၆၁၈၃၁၉၃၊ ၀၉ ၄၂၆၁၈၃၂၃၇၊ ၀၉ ၄၂၆၁၈၃၂၃၈
(ဃ) မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၂၆၁၈၃၂၇၇၊ ၀၉ ၄၂၆၁၈၃၂၈၂၊ ၀၉ ၄၂၆၁၈၃၂၆၄

**ရှမ်းပြည်နယ်ရဲတပ်ဖွဲ့**

(က) လားရှိုးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၅၅၀၊ ၀၉ ၃၄၆၁၁၂၈၅၁၀၊ ၀၉ ၃၄၆၁၁၃၂၇၁၀
(ခ) ကျောက်မဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၅၉၃၊ ၀၉ ၃၄၆၁၁၂၈၅၆၉၊ ၀၉ ၃၄၆၁၁၃၂၆၄၅
(ဂ) တောင်ကြီးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၇၇၇၊ ၀၉ ၃၄၆၁၁၂၈၉၉၉၊ ၀၉ ၃၄၆၁၁၂၈၆၈၄
(ဃ) လင်းခေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၃၄၆၁၁၂၈၆၆၈၊ ၀၉ ၃၄၆၁၁၃၂၆၀၃၊ ၀၉ ၃၄၆၁၁၃၂၅၉၅
(င) လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၇၄၄၊ ၀၉ ၃၄၆၁၁၃၂၈၁၉၊ ၀၉ ၃၄၆၁၁၂၈၉၂၄
(စ) ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၅၈၇၊ ၀၉ ၃၄၆၁၁၃၂၅၇၉၊ ၀၉ ၃၄၆၁၁၂၈၆၄၃
(ဆ) တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၈၀၁၊ ၀၉ ၃၄၆၁၁၃၂၇၈၅၊ ၀၉ ၃၄၆၁၁၂၈၉၆၅
(ဇ) မိုင်းဆက်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၉၄၀၊ ၀၉ ၃၄၆၁၁၃၂၇၂၈၊ ၀၉ ၃၄၆၁၁၃၂၅၀၄
(ဈ) မူဆယ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၃၀၇၂၊ ၀၉ ၃၄၆၁၁၃၂၉၆၇၊ ၀၉ ၃၄၆၁၁၂၈၇၄၂
(ည) ဟိုပန်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၉၅၉၊ ၀၉ ၃၄၆၁၁၃၃၀၂၃၊ ၀၉ ၃၄၆၁၁၃၂၉၇၅
(ဋ) မိုးမိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၉၄၂၊ ၀၉ ၃၄၆၁၁၃၃၁၅၅၊ ၀၉ ၃၄၆၁၁၂၈၈၄၁

**ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ပုသိမ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၂၀၀၉၈၃၀၆၊ ၀၉ ၆၈၅၁၉၄၈၆၆၊ ၀၉ ၄၅၁၂၃၆၀၇၀
(ခ) ဟင်္သာတခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၂၁၇၁၃၃၄၄၊ ၀၉ ၄၄၇၃၇၄၁၅၀၊ ၀၉ ၉၅၉၅၉၁၀၉၇
(ဂ) မြောင်းမြခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၆၈၂၀၅၅၉၇၅၊ ၀၉ ၂၆၄၈၃၆၈၀၉၊ ၀၉ ၄၅၉၂၉၃၃၄၅
(ဃ) လပွတ္တာခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၉၅၀၉၇၇၃၇၆၊ ၀၉ ၄၅၆၆၉၉၉၆၈၊ ၀၉ ၄၀၃၇၂၂၆၀၁
(င) မအူပင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၇၉၁၁၉၀၅၁၉၊ ၀၉ ၆၈၈၆၂၄၁၃၅၊ ၀၉ ၄၅၀၁၈၃၅၂၆
(စ) ဖျာပုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၇၇၉၉၂၉၆၂၉၊ ၀၉ ၄၀၀၀၂၁၃၈၆၊ ၀၉ ၆၆၆၉၇၄၂၁၂

**ပြည်ထဲရေးဝန်ကြီးဌာန**

❐ ရှေ့ဖုံးမှ

၃။ သို့ပါ၍ နိုင်ငံတော်တည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော် သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်သူများ၊ CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများကို အားပေးကူညီသူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန် ထပ်မံ အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## အဂတိလိုက်စားမှုများနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်မှုအခြေအနေအား သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် မတ် ၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဟောင်း သူရဦးအောင်ကိုသည် ပြည်ထောင်စုဝန်ကြီး တာဝန်ထမ်းဆောင်စဉ် နိုင်ငံတော်မှလူပုဂ္ဂိုလ်များသို့ ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ငွေကြေးနှင့်ပစ္စည်းများ လက်ခံရယူခဲ့သည့်အပေါ် အရေးယူပေးပါရန် တိုင်ကြားချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ အဂတိလိုက်စားထားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သူရဦးအောင်ကိုအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ အမှုဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

အလားတူ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် နိုင်ငံတော်အဆင့် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်အချို့သည်လည်း အဂတိလိုက်စားမှုများရှိကြောင်း ပဏာမစိစစ်တွေ့ရှိရသဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ငြိမ်းငြိမ်းချမ်းချမ်း ညီညွတ်ချစ်ခင်ခြင်းဖြင့် ပိုမိုသာယာလှပသော အနာဂတ်ဆီသို့ ...

**လေးလေးနွယ်**

မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ကောသလမင်းကြီး၏ စစ်သူကြီး နှစ်ယောက်သည် မသင့်မြတ်ကြ။ တွေ့သည်နှင့် ရန်ဖြစ်ကြသည်ကို တစ်မြို့လုံးပင် သိကြ၏။ ကောသလမင်းကြီးမှစ၍ မည်သူမျှ ထိုနှစ်ဦးကို သင့်မြတ်အောင် မလုပ်နိုင်ကြ။

တစ်နေ့သောအခါ မြတ်စွာဘုရားသည် မိုးသောက်ချိန်အခါ ကျွတ်ထိုက်သော သတ္တဝါတို့ကို ကြည့်တော်မူရာ ထိုနှစ်ဦးကို မြင်တော်မူ၍ ဆွမ်းခံကြွချိန်တွင် ကိုယ်တော်တစ်ပါးတည်း ဆွမ်းခံထွက်တော်မူပြီး စစ်သူကြီးတစ်ဦး၏ အိမ်ရှေ့တွင် ရပ်တော်မူ၏။

**မေတ္တာအကျိုး**

စစ်သူကြီးသည် မြတ်စွာဘုရားကို အိမ်ပေါ်သို့ ပင့်တော်မူ၏။ မြတ်စွာဘုရားသည် မေတ္တာအကျိုးကို ဟောတော်မူ၍ စစ်သူကြီးသည် သစ္စာတရားကို နာကြားရသော အဆုံးတွင် သောတာပတ္တိဖိုလ်၌ တည်လေ၏။ မြတ်စွာဘုရားလည်း သောတာပန်တည်ပြီးသော စစ်သူကြီးအား သပိတ်ကိုထမ်းစေလျက် အခြားစစ်သူကြီးတစ်ဦး၏ အိမ်ရှေ့တွင် ရပ်တော်မူပြန်၏။

ထိုစစ်သူကြီးသည်လည်း မြတ်စွာဘုရားကို အိမ်ပေါ်သို့ ပင့်ပြန်၏။ မြတ်စွာဘုရားကလည်း ရှေ့နည်းအတူ တရားဟောကြားတော်မူပြန်ရာ ထိုစစ်သူကြီးလည်း သောတာပန်တည်ပြန်၏။

စစ်သူကြီးနှစ်ဦးသည် အပြန်အလှန် ဝန်ချတောင်းပန်ကြ၏။ ထိုအကြောင်းခြင်းရာနှင့် ဆက်စပ်၍ မြတ်စွာဘုရားက ရှေးအခါကလည်း ဤသို့ သင့်မြတ်စေရန် ဆောင်ရွက်ပေးခဲ့ဖူး၏ဟု ဆိုကာ အတိတ်ဇာတ်ကို ဟောတော်မူခဲ့သည်။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ရသေ့ဖြစ်ပြီး မြစ်ကမ်းအနီးတွင် နေထိုင်၏။ ဗာရာဏသီမြို့တွင် ပွဲတော်ကြီး ကျင်းပလေရာ နတ်၊ နဂါး၊ ဂဠုန်တို့ပါ လူယောင်ဖန်ဆင်း၍ လာကြ၏။ ထိုပွဲတွင် နဂါးသည် ဂဠုန်၏ ပခုံးပေါ်သို့ အမှတ်တမဲ့ လက်တင်၍ ပွဲကြည့်၏။ ဂဠုန်က နဂါးမှန်းသိသောအခါ နဂါးသည် မြို့မှ ထွက်၍ မြစ်ဆိပ်သို့ ပြေးလေသည်။

ထိုအချိန်တွင် ဘုရားလောင်းရသေ့သည် မြစ်ဆိပ်၌ ရေချိုးဆင်းနေရာ နဂါးသည် ပတ္တမြားလုံးအသွင် ဖန်ဆင်း၍ သင်္ကန်းကြားတွင် ဝင်နေ၏။ ဂဠုန်သည် နဂါးကို စားလိုသော်လည်း မစားဘဲနေသောကြောင့် ဘုရားလောင်းရသေ့က မြတ်သော ရသေ့ရဟန်းကို ပူဇော်ခြင်းကြောင့် နဂါးကို စားလိုလျက် မစားသော သင့်ကို ဗြဟ္မာမင်းစောင့်ရှောက်၍ အသက်ရှည်ပါစေ။ သင့်အတွက် နတ်သုဓာရနိုင်ပါစေဟု မေတ္တာပို့ ဆုပေးပြီးနောက် နဂါးနှင့်ဂဠုန် နှစ်ဦးစလုံးကို ကျောင်းသို့ခေါ်ကာ မေတ္တာဘာဝနာအကျိုးကို ဟောကြားသဖြင့် ဂဠုန်နှင့် နဂါးသည် ညီညွတ်ချစ်ခင်သွားကြလေသည်။

တစ်ဦးကို တစ်ဦး ရန်ပြုတိုက်ခိုက်ခြင်းသည် မိမိနှင့်သူတစ်ပါး နှစ်ဦးသားကို ကောင်းကျိုးမခံစားရစေသည့်အတွက် မြတ်စွာဘုရားက မေတ္တာဘာဝနာ၏အကျိုးကို ဟောကြားခဲ့ပြီး ရန်သူကို အေးမြစေသော မေတ္တာစွမ်းအားကြောင့် ငြိမ်းချမ်းချစ်ခင်သွားကြကြောင်းကို ၅၅၀ ဇာတ်နိပါတ်တော်တွင် ဖတ်မှတ်ခဲ့ရဖူးသည်။

**အမှန်တရား တစ်ခု**

အဖွဲ့အစည်း၊ အစုအဖွဲ့ တစ်ခုအတွင်း၊ လူမျိုးတစ်မျိုးအတွင်း၊ နိုင်ငံတစ်ခုနှင့်တစ်ခုအတွင်း ရန်ပြုတိုက်ခိုက်ခြင်း၊ စစ်မက်ဖြစ်ပွားခြင်းသည် လူသားအပေါင်းကို ဘေးဒုက္ခများနှင့် ရင်ဆိုင်ရစေသောကြောင့် လောကီနှင့် လောကုတ္တရာ နှစ်ဖြာအတွက် အကျိုးမဖြစ်ထွန်းနိုင်သည်မှာ သစ္စာ၊ အမှန်တရား တစ်ခု ဖြစ်ပေသည်။

တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ခံယူချက်၊ သဘောထားအမြင်များ မတူညီသည့်အခါ စိတ်ဝမ်းကွဲပြားမှုများ စတင်လာပါသည်။ စိတ်သဘောထား မတိုက်ဆိုင်ကြသဖြင့် ပြစ်တင်ရှုတ်ချခြင်း၊ ထိုမှ တစ်ဆင့် တဖြည်းဖြည်း ခြိမ်းခြောက်ခြင်း၊ ရန်ပြုခြင်း၊ တိုက်ခိုက်အကြမ်းဖက်ခြင်းများအထိ ဦးတည်လာပါတော့သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇ အရ နိုင်ငံကို အရေးပေါ်အခြေအနေ ကြေညာထားသည့် ယခုအချိန်တွင် လူထုလှုပ်ရှားမှုများ၊ လူငယ်များ၏ လမ်းပေါ်ထွက် ဆန္ဒပြမှုများ ရှိလာသည်။ ဝန်ထမ်းအချို့သည် အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင် ပါဝင်လာကြသည်။ လက်ရှိကာလတွင် နေရာဒေသအချို့၌ သာမန်ဆူပူမှုအဆင့်မျိုးထက် ကျော်လွန်ကာ နည်းမျိုးစုံအသုံးပြု၍ အကြမ်းဖက်မှုအသွင်သို့ ကူးပြောင်းလာသည်။

**နိုင်ငံ့ဝန်ထမ်းများ**

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် တာဝန်များကို ဆက်လက်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်ရန် ဆိုရှယ်မီဒီယာများ၊ လူမှုပတ်ဝန်းကျင်များတွင် အရှက်ခွဲခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများ နိုင်ငံတော်ကို ဆန့်ကျင်နေသူဝင့်ယှက်နေသူအချို့က လုပ်ဆောင်လျက်ရှိသည့်အပြင် နည်းမျိုးစုံဖြင့် Social Bullying ပြုလုပ်လျက်ရှိသည်။

ထို့အပြင် CDM တွင် မပါဝင်သည့် ရုံးတစ်ခု၏ ရှေ့သို့ ဆန္ဒပြသူများသည် ရောက်ရှိလာကာ ရုံးရှေ့သံတံခါးကို သံကြိုးနှစ်ဆင့်ဖြင့် ခတ်သွားခဲ့ခြင်း၊ အများပြည်သူ အသုံးပြုသွားလာနေသည့် လမ်းကြောင်းများကို တာယာကွင်းများ အစုအပုံလိုက်ဖြင့် တားဆီးခြင်း၊ မီးရှို့ခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်လှဲ၍ လမ်းပိတ်ဆို့ခြင်း၊ ကွန်ကရစ်တုံးများချ၍ လမ်းပိတ်ဆို့ခြင်း၊ လုံခြုံရေးကင်မရာ(CCTV) များကို ဖျက်ဆီးခြင်း၊ ပြည်သူပိုင်ယာဉ်များကို ဖျက်ဆီးခြင်း၊ ရန်ပြုတိုက်ခိုက်ခြင်းများ ဆောင်ရွက်လာကြသည်။

**ဒီမိုကရေစီဟု ကြွေးကြော်နေသော်လည်း ဒီမိုကရေစီယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သည့် အဖျက်အမှောင့် လုပ်ငန်းများကို ပြောင်ပြောင်တင်းတင်း လုပ်ဆောင်လာကြသည်။ တပ်မတော်မှ နိုင်ငံတော်အာဏာကို ဝင်ရောက်ထိန်းသိမ်းခဲ့သည့် ဖြစ်ရပ်အား ဆုပ်ကိုင်လျက် ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တပ်မတော်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဆန့်ကျင်လိုစိတ်များ ဖြစ်ပေါ်လာအောင် သွေးခွဲမှုများ ဆောင်ရွက်လျက်ရှိသည်။**

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲပြားအောင် မြှောက်ပင့်လှုံ့ဆော်နေကြသည်။ အမှားကို အမှန်ဖြစ်အောင်၊ မဟုတ်သည်ကို အဟုတ်ထင်အောင် ပြောဆိုစည်းရုံးကြကာ ကိုယ်ကျိုးစီးပွားအတွက် အသုံးချနေကြသည်။ သွေးထိုးလှုံ့ဆော်မှုများကို နားယောင်နေသော သွေးဆူနေသည့် လူအုပ်စုကြီးကို ရှေ့တန်းသို့တွန်းပို့ကာ တစ်ဖွဲ့နှင့် တစ်ဖွဲ့၊ တစ်ဦးနှင့်တစ်ဦး အပြစ်တင် ဆန့်ကျင်အောင်၊ သံသယများဖြင့် ရန်ပြုတိုက်ခိုက်လိုစိတ်များ ဖြစ်ပေါ်အောင် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်နေကြသည်။ ထိုကဲ့သို့ လုပ်ဆောင်နေကြခြင်းသည် ဒီမိုကရေစီနှင့် ဆန့်ကျင်နေသည့်အပြင် ဥပဒေကို မျက်ကွယ်ပြုခြင်းလည်း ဖြစ်သည်။

**မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲပြားအောင် မြှောက်ပင့်လှုံ့ဆော်နေကြသည်။ အမှားကို အမှန်ဖြစ်အောင်၊ မဟုတ်သည်ကို အဟုတ်ထင်အောင် ပြောဆိုစည်းရုံးကြကာ ကိုယ်ကျိုးစီးပွားအတွက် အသုံးချနေကြသည်။ သွေးထိုးလှုံ့ဆော်မှုများကို နားယောင်နေသော သွေးဆူနေသည့် လူအုပ်စုကြီးကို ရှေ့တန်းသို့တွန်းပို့ကာ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဦးနှင့်တစ်ဦး အပြစ်တင်ဆန့်ကျင်အောင်၊ သံသယများဖြင့် ရန်ပြုတိုက်ခိုက်လိုစိတ်များ ဖြစ်ပေါ်အောင် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်နေကြသည်။ ထိုကဲ့သို့ လုပ်ဆောင်နေကြခြင်းသည် ဒီမိုကရေစီနှင့် ဆန့်ကျင်နေသည့်အပြင် ဥပဒေကို မျက်ကွယ်ပြုခြင်းလည်းဖြစ်။**

ထို့ကြောင့် နိုင်ငံတော်အား ဆန့်ကျင်ဆန္ဒပြသည့် ဦးစီးဦးဆောင်ပြုလုပ်သူများအား စစ်ဆေးဖော်ထုတ်ကာ ဥပဒေအရ ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်းကိုလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။

**မတူကွဲပြားခြင်း**

ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းတွင် ကိုယ်ပိုင်အတွေးအခေါ်၊ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်၊ စိတ်ခံစားချက်၊ ရပ်တည်ချက်တို့သည် အမျိုးမျိုး ရှိနေပေလိမ့်မည်။ ထိုကဲ့သို့ မတူကွဲပြားခြင်းသည် ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သည့်အတွက် လေးစားတန်ဖိုးထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့သမိုင်းတစ်လျှောက်တွင် သွေးခွဲရန်တိုက်ခြင်းမှ ကောင်းကျိုးမရခဲ့ပုံများကို သင်ခန်းစာယူ၍ တစ်ဦးကိုတစ်ဦး မေတ္တာထားကာ သည်းခံခြင်း၊ နားလည်ခွင့်လွှတ်ခြင်း၊ ငြိမ်းငြိမ်းချမ်းချမ်း ညီညွတ်ချစ်ခင်ခြင်းတို့ဖြင့် ပိုမိုသာယာလှပသော အနာဂတ်ဆီသို့ လျှောက်လှမ်းနိုင်အောင် ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု ဆန္ဒပြု ရေးသားလိုက်ရပေသည်။ ။

## စစ်တွေမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်

**စစ်တွေ မတ် ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စစ်တွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ရန်ပုံငွေ လွှဲပြောင်းပေးအပ်ခြင်းကို ယမန်နေ့နံနက်ပိုင်းက စစ်တွေခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ စစ်တွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းစိုးဦးက ရန်ပုံငွေလွှဲပြောင်းပေးအပ်ရခြင်း ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကျေးရွာသူ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။ ထို့နောက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၁၃ ရွာသို့ ငွေကျပ်သိန်း ၁၀၀ စီ ပေးအပ်ရာ ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်ရေးကော်မတီဝင်များက လက်ခံရယူကြသည်။

စစ်တွေမြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ကျေးရွာပေါင်း ၃၀ ကို ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၃ ရွာအား နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ် သိန်း ၁၃၀၀ကို ခွဲဝေချထားပြီးဖြစ်ရာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးပါက သက်ဆိုင်ရာကျေးရွာများအနေဖြင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။

တင်ထွန်း
(ပြန်/ဆက်)

# နေပြည်တော်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် သွားရောက်ဖူးမြော်

**နေပြည်တော် မတ် ၇**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်သည် ယနေ့နံနက်ပိုင်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့၊ ပျဉ်းမနားမြို့နှင့် တပ်ကုန်းမြို့များရှိဘုန်းတော်ကြီးကျောင်းတိုက်များသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့ အမှတ်(၆)ရပ်ကွက် ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒ အရှင်သူမြတ်ထံသို့ လည်းကောင်း၊ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အရှင်သူမြတ်ထံသို့လည်းကောင်း၊ တပ်ကုန်းမြို့ ဆရာစံရပ်ကွက်ရှိ မဟာသီဟနာဒတိုက် ပဓာနနာယကဆရာတော် သာသနဓဇဓမ္မာစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ အရှင်သူမြတ်ထံသို့ လည်းကောင်း။

ရွှေအင်းရိပ်သာစာသင်တိုက် ပဓာနနာယကဆရာတော် ဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒ အရှင်သူမြတ်နှင့် နေပြည်တော်တိုင်းသံဃနာယကဥက္ကဋ္ဌ၊ ဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသာမိ အရှင်သူမြတ်များထံသို့ လည်းကောင်း သွားရောက်ဖူးမြော်ပြီး ဆရာတော် အရှင်သူမြတ်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဆရာတော် အရှင်သူမြတ်များက ဟောကြားတော်မူသော ဩဝါဒကထာနာယူခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီးအား မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ သွားရောက်ဖူးမြော်ကြည်ညို၊ ကျောင်းအတွင်း နိုင်လွန်ကတ္တရာလမ်းခင်းခြင်းဆောင်ရွက်နိုင်ရန် ကြည့်ရှု

**မန္တလေး မတ် ၇**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုသည် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်သော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဝန် ဦးကျော်ဆန်း၊ ဦးမျိုးအောင်၊ ဦးသိန်းဌွေး၊ မန္တလေးတိုင်းဒေသကြီး သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်လှိုင်တို့နှင့်အတူ ချမ်းအေးသာစံမြို့နယ် ဖိုးဇလမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြားရှိ မဟာဝိဇိတာရုံကျောင်းတိုက်သို့ ယနေ့နံနက် ၈နာရီက သွားရောက်၍ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်ဂိုဏ်းလုံးဝန်ဆောင်နာယက၊ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသနှင့် ဆရာတော်များအား ဖူးမြော်ကြည်ညိုကြကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူကြသည်။



ဆက်လက်၍ ဆရာတော်ကြီးများနှင့်အတူ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနမှ တာဝန်ရှိသူများ လိုက်ပါ၍ မဟာဝိဇိတာရုံကျောင်းတိုက်အတွင်းရှိ အဝင်လမ်းများအား နိုင်လွန်ကတ္တရာလမ်းခင်းနိုင်ရေးအတွက် လိုက်လံကြည့်ရှုကာ လုပ်ငန်းများအမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

အဆိုပါ မဟာဝိဇိတာရုံကျောင်းတိုက် အဝင်လမ်းများအား နိုင်လွန်ကတ္တရာလမ်းခင်းရန် ယခင်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့လျှောက်ထားခဲ့မှုအပေါ် ဆရာတော်ကြီးက ထပ်မံဩဝါဒပြုသဖြင့် အရှည် ပေ ၁၂၀၀ နိုင်လွန်ကတ္တရာလမ်းအား မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ ခင်းကျင်းလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးခရိုင်အတွင်းရှိ ရဟန်း၊ သံဃာတော်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (ပထမ)အကြိမ် ထိုးနှံပေးခြင်းအား နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ရှိ မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပ

**မန္တလေး မတ် ၇**

မန္တလေးခရိုင်အတွင်းရှိ ရဟန်း၊ သံဃာတော်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (ပထမ)အကြိမ် ထိုးနှံပေးခြင်းကို ယနေ့ညနေ ၃ နာရီက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ရှိ မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်းအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့် အဖွဲ့ဝင်များဖြစ်ကြသော ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဝန် ဦးကျော်ဆန်း၊ ဦးမျိုးအောင်၊ ဦးသိန်းဌွေး၊ မန္တလေးတိုင်းဒေသကြီး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လှိုင်နှင့် တာဝန်ရှိသူများက ဆေးထိုးရန်ကြွရောက်လာသော ရဟန်း၊ သံဃာတော်များအား ဖူးမြော်ကန်တော့ပြီး ကာကွယ်ဆေးထိုးနှံပေးမှုအား ကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် မစိုးရိမ်တိုက်သစ်မှ ၉၉ ပါး၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ၂၁ ပါး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းမှ ၁၇ ပါး၊ ဘွဲ့ခံဆရာတော် ငါးပါး စုစုပေါင်း ၁၄၂ ပါးအား ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း၊ ဆက်လက်၍ စာသင်တိုက်များမှ ဆရာတော်၊ သံဃာတော်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

# တိုင်းပြည်ကောင်းကျိုးအတွက် ခွဲခြားရှုမြင်ရမည့် "ဓမ္မနှင့် အဓမ္မ"

ငြိမ်းချမ်းမောင်

"ဓမ္မ"ဟူသည် သုစရိုက် ဆယ်ပါး၊ သူတော်ကောင်းတရား၊ ကုသိုလ်တရား၊ ကောင်းသောအမှု၊ ကောင်းသော အလုပ်တို့ဖြစ်သည်။ "အဓမ္မ" ဟူသည် ဓမ္မနှင့် ဆန့်ကျင်ဘက်တရားဖြစ်သည်။ ဒုစရိုက်ဆယ်ပါး၊ အကုသိုလ်တရား၊ မသူတော်တရား၊ မကောင်းသောအမှု၊ မကောင်းသောအလုပ်ဖြစ်သည်။ တစ်နည်းဆိုလျှင် ဓမ္မသည် တရားဥပဒေနှင့်အညီဖြစ်သည်။ အဓမ္မသည် တရားဥပဒေမဲ့ဖြစ်သည်။ ဓမ္မနှင့်အဓမ္မနှစ်မျိုးစလုံးသည် မျှတသည့် တူညီသော အကျိုးပေးများရှိကြပေသည်။

**ဓမ္မနှင့်အဓမ္မ**

ယခုကာလ၌ ဓမ္မနှင့်အဓမ္မတို့သည် ဒွန်တွဲဖြစ်ပေါ်တတ်ရာတွင် လောကသဘာဝအရ အဓမ္မဝါဒအားကြီးသောခေတ် ဖြစ်နေသည်ကို တွေ့နေရသည်။ မကောင်းမှုနှင့်ပတ်သက်သည့် အများကယူဆကြသော အရာများတွင် ထင်ရာစိုင်းခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ မသိနားမလည်ခြင်း၊ ဂရုမစိုက်ခြင်း စသည့် မမျှတသည့် အမူအကျင့်များ ပါဝင်သည်။ ထို့အပြင် မကောင်းမှုမှန်းသိပါလျက်နှင့် တမင်တကာ အမှားပြုလုပ်ခြင်း၊ အခြားသူများအား ထိခိုက်စေရန် တမင်ရည်ရွယ်လျက် ခွဲခြားဆက်ဆံခြင်း၊ အခြားသူများကို စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် ဂုဏ်သိက္ခာတို့အား နှိမ့်ချရန်ရည်ရွယ်လျက် အရှက်ခွဲခြင်း၊ ဖျက်ဆီးတတ်ခြင်းနှင့် မလိုလားအပ်သော အကြမ်းဖက်မှုများပြုလုပ်ခြင်း စသည်တို့နှင့် ပတ်သက်နေသည်။

မျက်မှောက်ကာလတွင် ဓမ္မနှင့် အဓမ္မတရားများ မည်ကဲ့သို့ ဖြစ်ပျက်နေသည်ကို အလွယ်တကူ ဆင်ခြင်ရှုမြင်နိုင်မည်ဖြစ်သည်။ လက်ရှိအခြေအနေ၌ အဓမ္မများ လွှမ်းမိုးဖြစ်ပေါ်နေသဖြင့် ဓမ္မဖြင့် အဓမ္မများ ပျက်ပြယ်သွားအောင် ကြိုးပမ်းဆောင်ရွက်နေရသော အချိန်အခါဖြစ်သည်။ အဓမ္မ များ ချုပ်ငြိမ်းပြီး ဓမ္မတရားများ ထွန်းကားလာကာ တိုင်းရင်းသားပြည်သူအားလုံး စိတ်နှလုံးအေးချမ်းရေး၊ တိုင်းပြည်သာယာဝပြောရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည်။ ဓမ္မဖြင့် မြန်မာ့လူ့ဘောင်လောကကြီး ထွန်းလင်းတောက်ပလာအောင် ကြိုးပမ်းအားထုတ်နေသည်။

**ဓမ္မဓိဋ္ဌာန်ကျကျရှုမြင်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံရေး အခြေအနေအရ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်နေသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားပြည်သူအားလုံး ညီမျှသော အခွင့်အရေးရရှိရေး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ ကျား/မ မရွေး၊ ဘဝနိမ့်မြင့်မရွေး အားလုံးပင် ညီမျှသော အခွင့်အရေးများ ရရှိခံစားနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေသည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အသက်ဝိညာဉ်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ အတည်ပြုပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မြန်မာ့နိုင်ငံရေးယဉ်ကျေးမှု အခင်းအကျင်း အပြောင်းအလဲသစ်ကို ဖြတ်သန်းလျက်ရှိရာတွင် မည်သူတို့သည် "ဓမ္မ"၊ မည်သူတို့သည် "အဓမ္မ" ဖြစ်သည်ကို ခွဲခြားရှုမြင်နိုင်ရမည် ဖြစ်ပါသည်။ ၁-၂-၂၀၂၁ ရက်နေ့မှ စတင်သည့် မြန်မာ့နိုင်ငံရေးဖြစ်စဉ်ကို ဓမ္မနှင့် အဓမ္မ နှိုင်းယှဉ်၍ ပြည်သူများအနေဖြင့် ဓမ္မဓိဋ္ဌာန်ကျကျ ပြတ်ပြတ်ထင်ထင် ရှုမြင်စေလိုပါသည်။

**လမ်းခင်းပုံဖော်**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ပြည်သူအားလုံး လိုလားနှစ်သက်သည့်၊ နိုင်ငံတကာကလည်း သဘောကျလက်ခံသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရန်အတွက် ၂၀၀၈ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုလူတန်းစား အလွှာအသီးသီးက အချိန်ကာလများစွာ ဆွေးနွေးတိုင်ပင်ညှိနှိုင်း ရေးဆွဲကာ အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ထို့နောက် ဒီမိုကရေစီနိုင်ငံကို ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်ကြီးသုံးရပ်ဖြင့် ခိုင်ခိုင်မာမာတည်ဆောက်နိုင်ရန်အတွက် ၂၀၁၀ ပြည့်နှစ်မှစတင်၍ ပါတီစုံဒီမိုကရေစီစနစ်ကို စတင်အသက်ဝင် အကောင်အထည်ဖော်ခဲ့ပါသည်။ ထိုကဲ့သို့ ဒီမိုကရေစီအခြေခံအုတ်မြစ်ကြီး ငွားငွားစွင့်စွင့်ပေါ်ထွက်လာခြင်းသည် ဒီမိုကရေစီလိုလားသူများအတွက် အခွင့်အလမ်းကောင်းဖြစ်ပါသည်။ ထိုဒီမိုကရေစီခရီးလမ်းကို နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားကိုရှေးရှု၍ တပ်မတော်သည် စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် လမ်းခင်းပုံဖော်ပေးခဲ့ခြင်း ဖြစ်ပါသည်။

**အောင်မြင်စွာကျင်းပ**

၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီး ပထမဆုံး ပြည်သူ့အစိုးရ စတင်ပေါ်ပေါက်လာခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ဒုတိယအကြိမ်မြောက်ကျင်းပ၍ ပြည်သူ့အစိုးရ ထပ်မံပေါ်ပေါက်လာခဲ့ပါသည်။ ပြည်သူ့အစိုးရများပေါ်ပေါက်လာရေးအတွက် အများပြည်သူတို့၏ စစ်မှန်သော သဘောထားဆန္ဒများဖြင့် ရွေးချယ်တင်မြှောက်ကြသည်။ ရွေးကောက်ပွဲများသည် ပြည်သူ့ဆန္ဒအစစ်အမှန်ဖြစ်၍ ဝမ်းမြောက်ဖွယ်ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများအပြင် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများပါ အောင်မြင်စွာကျင်းပပေးနိုင်ခဲ့၍ ဒီမိုကရေစီခရီးလမ်းကို အတော်အသင့် ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်ခဲ့ပါသည်။

ဒီမိုကရေစီနိုင်ငံတိုင်းတွင် ရွေးကောက်ပွဲနှင့် အငြင်းပွားမှုများ ဖြစ်ကြသည်မှာ အထူးအဆန်းတော့ မဟုတ်ပါ။ ရွေးကောက်ပွဲကို ပြည်သူလူထုတစ်ရပ်လုံး၊ မတူကွဲပြားသည့် ပါတီအဖွဲ့အစည်းအားလုံး တစ်တိုင်းပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရသောကြောင့် ရွေးကောက်ပွဲဆိုင်ရာ ပြဿနာများ၊ အငြင်းပွားမှုများ ရှိတတ်ပါသည်။ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၁၀၊ ၂၀၁၂၊ ၂၀၁၅၊ ၂၀၁၇ ရွေးကောက်ပွဲများ၌ ရွေးကောက်ပွဲဆိုင်ရာ ကြီးမားသည့် ပြဿနာများ၊ အငြင်းပွားမှုများ မဖြစ်ပေါ်ခဲ့သည်ကို ယနေ့ပြည်သူအားလုံး သိရှိထားကြပြီးဖြစ်ပါသည်။ သာမန်အငြင်းပွားမှုများသာရှိခဲ့သော ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်နှင့် တာဝန်ရှိသူများက ရွေးကောက်ပွဲဥပဒေနှင့်အညီ ဖြေရှင်းပေးနိုင်ခဲ့ပါသည်။

**ပြည်သူ့ဆန္ဒအစစ်အမှန်**

အများသူငါ လိုလားနှစ်သက်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲသည် ဒီမိုကရေစီစနစ်ကို ခိုင်မာစွာ အသက်ဝင်စေသည့် အခြေခံအုတ်မြစ် ဖြစ်ပါသည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများဖြစ်မှသာလျှင် ပြည်သူအားလုံး၏ သဘောထားဆန္ဒ အစစ်အမှန်များကိုလည်း ထင်ဟပ်ပေါ်လွင်စေမည်ဖြစ်သည်။ ပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄ တွင် "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌တည်သည်"ဟု ဖော်ပြထားပါသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကိုင်တွယ်ကျင့်သုံးမည့် ဥပဒေပြုရေးမဏ္ဍိုင်မှ လွှတ်တော်အသီးသီးမှ မြို့နယ်အလိုက် ကိုယ်စားလှယ်များကို ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်ပေးခဲ့ကြသည်။ အစိုးရအဖွဲ့၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အဖွဲ့အစည်းအသီးသီးတို့ကို ရွေးကောက်ပွဲမှတစ်ဆင့် သွယ်ဝိုက်၍ရွေးချယ်ပေးခဲ့သည်။

ရွေးကောက်ပွဲဟူသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မှန်မှန်ကန်ကန်၊ အမြော်အမြင်ရှိရှိ၊ ဆင်ခြင်တုံတရားကြီးမားစွာဖြင့် ကိုင်တွယ်ကျင့်သုံးမည့်သူများကို အကောင်းဆုံးရွေးချယ်ပေးရသဖြင့် အလွန်အရေးကြီးသည်။ လွတ်လပ်မှု၊ သန့်ရှင်းမှု၊ တရားမျှတမှုရှိမှသာ ပြည်သူအားလုံး၏ ဆန္ဒအစစ်အမှန်ကို ထင်ဟပ်ပေါ်လွင်စေမည်ဖြစ်သည်။ သို့မှသာ အချုပ်အခြာအာဏာသည် ပြည်သူပြည်သား၊ နိုင်ငံသူ နိုင်ငံသားများထံမှ စစ်မှန်သော ဆင်းသက်ခြင်းမျိုးကို ဖြစ်စေမည်ဖြစ်သည်။

**သာမန်အငြင်းပွားမှုမဟုတ်**

တတိယအကြိမ်မြောက် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲသည် အထက်ဖော်ပြပါ စစ်မှန်ပြီး အောင်အောင်မြင်မြင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲနှင့်မတူဘဲ စစ်မှန်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအခင်းအကျင်းမှ သွေဖည်သွားသည်ဟု ဆိုရမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တရားဝင်ထုတ်ပြန်ခဲ့သော မဲစာရင်းများကို စိစစ်စေခဲ့သည်။ စိစစ်ချက်များအရ မဲမသမာမှုများဖြစ်နိုင်သည့် မဲစာရင်းပေါင်း ၁၀၄၈၂၁၁၆ (တစ်ဆယ်သန်း လေးသိန်းကျော်)ကျော် ရှိခဲ့ကြောင်း သိရှိရသည်။ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တရားဝင်ထုတ်ပြန်ချက်အရ မဲပေးပိုင်ခွင့်ရှိသူ လူဦးရေ ၃၈ သန်းရှိပြီး ၎င်းတို့အနက် မဲစာရင်း ၁၀ သန်းကျော် မဲမသမာမှုဖြစ်နိုင်ကြောင်း စိစစ်တွေ့ရှိချက်မှာ မဲပေးပိုင်ခွင့်ရှိသူ လူဦးရေပမာဏ၏ လေးပုံတစ်ပုံကျော်(၂၅ ရာခိုင်နှုန်းကျော်) မဲမသမာမှုဖြစ်နေသည်ဟု ဆိုရမည်ဖြစ်သည်။ အဆိုပါကိစ္စသည် သာမန်မှားယွင်းမှု၊ သာမန်အငြင်းပွားမှု မဟုတ်သည်ကို ပြည်သူလူထုတစ်ရပ်လုံး သေချာစွာ လေ့လာကြည့်လျှင် သိမြင်နိုင်မည်ဖြစ်သည်။

ရွေးကောက်ပွဲ မဲစာရင်းအမှားအယွင်းနှင့်ပတ်သက်၍ အများပြည်သူ သိရှိစေနိုင်ရန်အတွက် တပ်မတော်အနေဖြင့် ပွင့်လင်းမြင်သာစွာဖြင့် စိစစ်တွေ့ရှိချက်များကို စာရင်းဇယားထုတ်ပြန်ခြင်း အကြိမ် ၃၀၊ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်းအား ရွေးကောက်ပွဲမတိုင်မီ နှစ်ကြိမ်၊ ရွေးကောက်ပွဲအပြီး လေးကြိမ် စုစုပေါင်း ခြောက်ကြိမ် တရားဝင်ထုတ်ပြန်ပေးခဲ့ပါသည်။ တပ်မတော်သတင်းစာရှင်းလင်းပွဲများ၌လည်း ပြည်တွင်း/ပြည်ပ သတင်းမီဒီယာ ၅၀ ကျော်ရှေ့တွင် သက်သေအထောက်အထား ခိုင်ခိုင်လုံလုံဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းပြသခဲ့ပြီးဖြစ်သည်ကို သတင်းမီဒီယာများအားလုံး ဖော်ပြချက်များအရ ပြည်သူများလည်းသိရှိကြပြီး ဖြစ်ပေလိမ့်မည်။

**တစ်ရက်တည်းနှင့် မဆုံးဖြတ်နိုင်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်ဖြစ်သော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ဖြစ်စေရေး၊ ရိုးသားဖြောင့်မတ်သည့် နိုင်ငံရေးဖြစ်စေရေးတို့ကို ရွေးကောက်ပွဲမတိုင်မီကပင် အကြိမ်ကြိမ်အသိပေးပြောကြားခဲ့သည်ကို သိရှိကြမည် ဖြစ်ပါသည်။ "လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ" ဖြစ်ခြင်း/မဖြစ်ခြင်းကို ရွေးကောက်ပွဲကျင်းပခဲ့သည့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့ တစ်ရက်တည်းကြည့်ရုံဖြင့် ဆုံးဖြတ်၍ မရနိုင်ပါ။

စာမျက်နှာ ၉ သို့ »»

**တတိယအကြိမ်မြောက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် အထက်ဖော်ပြပါ စစ်မှန်ပြီး အောင်အောင်မြင်မြင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲနှင့်မတူဘဲ စစ်မှန်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အခင်းအကျင်းမှ သွေဖည်သွားသည်ဟု ဆိုရမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တရားဝင်ထုတ်ပြန်ခဲ့သော မဲစာရင်းများကို စိစစ်စေခဲ့သည်။ စိစစ်ချက်များအရ မဲမသမာမှုများဖြစ်နိုင်သည့် မဲစာရင်းပေါင်း ၁၀၄၈၂၁၁၆ (တစ်ဆယ်သန်း လေးသိန်းကျော်)ကျော် ရှိခဲ့ကြောင်း သိရှိရသည်။ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တရားဝင်ထုတ်ပြန်ချက်အရ မဲပေးပိုင်ခွင့်ရှိသူ လူဦးရေ ၃၈ သန်းရှိပြီး ၎င်းတို့အနက် မဲစာရင်း ၁၀ သန်းကျော် မဲမသမာမှုဖြစ်နိုင်ကြောင်း စိစစ်တွေ့ရှိချက်မှာ မဲပေးပိုင်ခွင့်ရှိသူ လူဦးရေပမာဏ၏ လေးပုံတစ်ပုံကျော် (၂၅ ရာခိုင်နှုန်းကျော်) မဲမသမာမှုဖြစ်နေသည်ဟု ဆိုရမည်ဖြစ်သည်။ အဆိုပါကိစ္စသည် သာမန်မှားယွင်းမှု၊ သာမန်အငြင်းပွားမှု မဟုတ်သည်ကို ပြည်သူလူထုတစ်ရပ်လုံး သေချာစွာလေ့လာကြည့်လျှင် သိမြင်နိုင်မည် ဖြစ်သည်။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြားငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကိုဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့်ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့်ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# ပြည်ချစ်ပန်းသို့ စကားလက်ဆောင်

☆ **သွားလမ်းလည်းသာ၊ လာလမ်းလည်းဖြောင့်**
**အမှောင့်လည်းကင်း၊ အေးချမ်းခြင်းကို**
**ရှိုင်းပင်းဖော်ဆောင်ကြပါစို့။**

☆ **အတားအဆီး၊ အဆီးအတား**
**မည်သို့များလည်း၊ အားခဲဖြတ်ကျော်**
**နိုင်ငံတော်နှင့် နိုင်ငံသား၏**
**ကျေးဇူးသိလျက်**
**ကျသည့်ဝန်တာ ကျေကြပါစို့။**

☆ **ဝန်ထမ်းပီပီ၊ ဝန်ထမ်းသည်မို့**
**ဦးတည်ထမ်းရွက်၊ ပြည်သူ့တွက်လျှင်**
**ထမ်းရွက်သယ်ပိုး၊ ပြည့်အကျိုးလျှင်**
**ကြိုးပမ်းလုပ်ဆောင်ကြပါစို့။ ။**

**ထက်မင်း**

»» **စာမျက်နှာ ၈ မှ**

ရွေးကောက်ပွဲမတိုင်မီ ပြုလုပ်ခဲ့ကြသော မဲဆွယ်စည်းရုံးရေးကာလ၊ ရွေးကောက်ပွဲကျင်းပသည့် တစ်ရက်တာကာလ၊ ရွေးကောက်ပွဲအပြီးကာလ အနည်းဆုံး အဆိုပါကာလ သုံးခုစလုံး၌ လွတ်လပ်၍ တရားမျှတမှု ရှိ/မရှိ၊ သံသယကင်းကင်း၊ သန့်သန့်ရှင်းရှင်း ရှိ/မရှိ သုံးသပ်စိစစ်ရမည် ဖြစ်ပါသည်။

ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲတွင် ဖော်ပြပါအချိန်ကာလ သုံးခုစလုံး၌ လွတ်လပ်မှု၊ တရားမျှတမှု၊ သန့်ရှင်းမှုများအပေါ်တွင် အငြင်းပွားစရာများဖြစ်စေခဲ့သည်မှာ အမှန်ဖြစ်သည်။ ထို့ကြောင့်လည်း ယနေ့အထိ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့်ပတ်သက်၍ နိုင်ငံရေးပါတီ ၂၀ ပါတီမှ ကြေညာချက် ၂၆ စောင် ထုတ်ပြန်ခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာ မဲမသမာမှုများဖြစ်နိုင်သည့် စာရင်းများကို ရှင်းလင်းပြီးစီးမှုမပြီးမချင်း တတိယအကြိမ် လွှတ်တော်ကို ဆိုင်းငံ့ထားရန် တောင်းဆိုခဲ့ကြပါသည်။ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍လည်း ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁၀ ရက်နေ့မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့အထိ မြို့နယ် ၉၉ မြို့နယ်၌ ဆန္ဒထုတ်ဖော်မှုများ ၁၂၄ ကြိမ် ပြုလုပ်ခဲ့သည်ကို တွေ့ရှိရပါသည်။

**သဘောထားထုတ်ပြန်**

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာလျက် “လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ”ဖြစ်စေရေး ဥပဒေပြဋ္ဌာန်းချက်များကို မကျော်လွန်စေဘဲ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂ ရက်နေ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအကြိုကာလ၌ ဖြစ်ပေါ်နေသည့် အခြေအနေများ၊ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တည်ဆဲဥပဒေများကို ကျော်လွန်၍ ညွှန်ကြားချက်အမျိုးမျိုး ထုတ်နေမှုများ၊ ကြိုတင်မဲပေးချိန်၌ ကြုံတွေ့နေရသည့် ဥပဒေနှင့် မညီညွတ်မှုများအား ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့အား သဘောထားထုတ်ပြန်ကြေညာခြင်း၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးအား လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် ဒေသခံတိုင်းရင်းသားပြည်သူများအား ခြိမ်းခြောက်မှုမပြုစေရေးနှင့် နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးလှုပ်ရှားခွင့်ရရှိစေရေး ဆောင်ရွက်ပေးရန် သဘောထားထုတ်ပြန်ကြေညာခြင်းတို့အား ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ရွေးကောက်ပွဲအငြင်းပွားမှုများ ဖြေရှင်းနိုင်ရန်နှင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ် အများပြည်သူ သံသယကင်းရှင်းစွာ အသိအမှတ်ပြုနိုင်ရေး သက်သေခံဥပဒေပုဒ်မ ၇၄ နှင့် ၇၆ တို့အရ စာရွက်စာတမ်းများ ကူးယူတောင်းခံသည့် သဘောထားထုတ်ပြန်ချက် ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ရွေးကောက်ပွဲကော်မရှင်မှ စာရွက်စာတမ်းများ ကူးယူခွင့်ကို ခွင့်မပြုခဲ့ပါ။ စာရွက်စာတမ်းများ ကူးယူခွင့်တောင်းခံခြင်းမှာ နိုင်ငံသားတစ်ဦး၏ ဥပဒေနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးနှင့် ကန့်ကွက်ပိုင်ခွင့် အခွင့်အရေးတို့အရ တောင်းခံခြင်းဖြစ်သည့်အတွက် ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းသည့် သဘောထားထုတ်ပြန်ချက်များအား ဥပဒေနှင့်အညီ ထုတ်ပြန်ခဲ့ပါသည်။

**ရှင်းလင်းစွာသိမြင်နိုင်**

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ် ၂၀၃ ဦးတို့က အခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး ခေါ်ယူရန် တင်ပြချက်အား ပြည်ထောင်စုလွှတ်တော်က ငြင်းဆန်ခဲ့ပါသည်။ ငြင်းဆန်မှုအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်း ရှိ/မရှိ ပြန်လည်ဆန်းစစ်ပေးပါရန် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် သဘောထားထုတ်ပြန်ခဲ့ပါသည်။ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် တပ်မတော်၏ ရွေးကောက်ပွဲအပေါ် စိစစ်တွေ့ရှိချက်များ၊ မဲမသမာမှုဖြစ်စေနိုင်သည့်စာရင်းများ ထုတ်ပြန်နေရခြင်းမှာ လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာသည့် အထွေထွေရွေးကောက်ပွဲရလဒ်ကို သံသယကင်းရှင်းစွာ အသိအမှတ်ပြုလိုခြင်းကြောင့်ဖြစ်သည်ကို ရှင်းလင်းစွာ သိမြင်နိုင်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းပေးရန်နှင့် လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲရလဒ်ဖြစ်ကြောင်း ထုတ်ဖော်ပြသနိုင်မည်ဆိုလျှင် ပြည်သူ့ဆန္ဒ အစစ်အမှန်ကို ထပ်ဟပ်မည်ဖြစ်သည်။ ထိုအခါ တပ်မတော်နှင့် အခြားသော နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူ့ဆန္ဒနှင့်အညီ လက်ခံသွားမည်ဖြစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကိုရှေးရှုပြီး ပြည်ထောင်စုလွှတ်တော်ကသော်လည်းကောင်း၊ နိုင်ငံတော်အစိုးရကသော် လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကသော်လည်းကောင်း နည်းလမ်းရှာ ဖြေရှင်းပေးပါရန် သဘောထားထုတ်ပြန်ခြင်းတို့ ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။

တပ်မတော်အနေဖြင့် ဖော်ပြပါထုတ်ပြန်ချက်များကို ထုတ်ပြန်ခဲ့သည့်အပြင် အစိုးရအဖွဲ့ထံ အထက်ပါကိစ္စများကို ဖြေရှင်းပေးနိုင်ရေးအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးခေါ်ယူပေးပါရန်လည်း တင်ပြခဲ့သည်ကို ရှင်းရှင်းလင်းလင်း မြင်တွေ့ရမည်ဖြစ်သည်။

**နည်းလမ်းရှာဖြေရှင်း**

ဤသို့ဖြင့် တပ်မတော်အနေဖြင့် ကြေညာချက်များထုတ်ပြန်၍ ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း ရွေးကောက်ပွဲနှင့် တိုက်ရိုက်သက်ဆိုင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ဖြေရှင်းပေးရန် ပထမအဆင့်ပြောကြားခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းပေးရန် ငြင်းဆန်သောအခါ ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ဖြေရှင်းပေးနိုင်ပါရန် ဆောင်ရွက်ခဲ့သည်။ ပြည်ထောင်စုလွှတ်တော်အနေဖြင့် ဥပဒေနှင့်အညီ တောင်းဆိုသည့် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး ခေါ်ယူပေးရန် ငြင်းဆန်သောအခါ လက်ရှိကြုံတွေ့နေရသော အခြေအနေများကို နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တစ်ခုခုက နည်းလမ်းရှာ ဖြေရှင်းပေးပါရန် တောင်းဆိုခဲ့သည်ကိုလည်း တွေ့ရမည်ဖြစ်သည်။

၎င်းအဆင့်အားလုံးကို ငြင်းပယ်ခံရသည့်အခါ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတွင် အဓိကတာဝန်ရှိသော သမ္မတဦးစီးသည့် အရပ်ဘက်၊ စစ်ဘက်အားလုံးကို ကိုယ်စားပြုသည့် “အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ” အစည်းအဝေး ခေါ်ယူ၍ တွေ့ဆုံဆွေးနွေးကြရန် တင်ပြခဲ့သည်ကိုလည်း တွေ့ရမည်ဖြစ်သည်။ တပ်မတော်အနေဖြင့် ဤသို့ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အဆင့်ဆင့် ဆောင်ရွက်ခဲ့သော်လည်း အရာမထင်ခဲ့ပေ။

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄ အရ “နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်စေရန်” ကိုလည်းကောင်း၊ ပုဒ်မ ၆(ဃ)နှင့် ပုဒ်မ ၇ တို့အရ “စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး”ကို လည်းကောင်း၊ ပုဒ်မ ၆ (စ)အရ “နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည်သည်” ကိုလည်းကောင်း အလေးထားလိုက်နာ ဆောင်ရွက်ခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ ဖြစ်ပွားခဲ့သည့် မဲမသမာမှုဖြစ်နိုင်သောစာရင်း တစ်ဆယ်သန်းလေးသိန်းကျော်အား တာဝန်ရှိသူ အဆင့်ဆင့်က ဖြေရှင်းပေးခြင်းမရှိဘဲ လွှတ်တော်အသီးသီး ခေါ်ယူခြင်း၊ အစိုးရဖွဲ့စည်းရန် ကြိုးစားခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၀ (ဂ)နှင့် ပုဒ်မ ၄၁၇ ပါ “နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့်ရယူရန် ဆောင်ရွက်ခြင်း”သာဖြစ်သည်ကို အထင်အရှား တွေ့မြင်ရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်ယာယီသမ္မတက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်အား သုံးသပ်ဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၈ အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ လွှဲအပ်တာဝန်ပေးခဲ့ခြင်းသည် ပကတိဖြစ်စဉ် အမှန်တရားများကို သွေဖည်၍ “အဓမ္မ”ဆောင်ရွက်ခဲ့မှုများအား ဖွဲ့စည်းပုံအခြေခံဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ “ဓမ္မ” ဓိဋ္ဌာန်ကျကျ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ရှုမြင်ရမည်ဖြစ်ပါသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးနှင့်အဖွဲ့ 14th United Nations Congress on Crime Prevention and Criminal Justice သို့ တက်ရောက်



**နေပြည်တော် မတ် ၇**


ဂျပန်နိုင်ငံ ကျိုတိုအပြည်ပြည်ဆိုင်ရာ ညီလာခံစင်တာ၌ ကျင်းပသော 14th United Nations Congress on Crime Prevention and Criminal Justice သို့ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ပါဝင်တက်ရောက်**

ညီလာခံသို့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပညာရှင်များ ပါဝင်တက်ရောက်ခဲ့ကြပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြစ်မှုဆိုင်ရာ တရားမျှတမှုတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် ဘက်ပေါင်းစုံချဉ်းကပ်မှု၊ တရားဥပဒေစိုးမိုးမှု တိုးတက်ကောင်းမွန်ရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများ၊ အကြမ်းဖက်မှုများ၊ လူကုန်ကူးမှုများနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးစသည့် နိုင်ငံဖြတ်ကျော် မှုခင်းများတွင် အဖွဲ့ဝင် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများနှင့် နည်းပညာအကူအညီများကို ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ လုပ်ငန်းညှိနှိုင်းဆွေးနွေး



**မြစ်ကြီးနား မတ် ၇**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၆ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ Virtual Meeting ဖြင့် ကျင်းပရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ကောင်စီအဖွဲ့ဝင်များနှင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှာကြားချက်များ၊ မူဝါဒများကို ရှင်းလင်းပြောကြားပြီး ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများသည် ယခုလိုအပြောင်းအလဲကာလတွင် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် အဆင့်ဆင့်စီမံခန့်ခွဲအုပ်ချုပ်ရသူများဖြစ်ကြောင်း၊ ထို့ကြောင့် စီမံခန့်ခွဲသည့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များခန့်ထားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်များအပေါ် မြန်မြန်ဆန်ဆန်ဖြင့် ထိရောက်စွာ စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းကိုလည်း နိုင်ငံတော်တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ခရိုင်၊ မြို့နယ်အတွင်း တည်ငြိမ်အေးချမ်းရေးကို တာဝန်ယူဆောင်ရွက်ရသကဲ့သို့ စီးပွားရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များကိုလည်း ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်များအတိုင်း ကုန်သည်လုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းဖြင့် ချိတ်ဆက်ပေါင်းစပ်ပြီး ဥပဒေနှင့်အညီ လက်တွဲဆောင်ရွက်သွားရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက ခရိုင်နှင့် မြို့နယ်များအလိုက် ဆန္ဒဖော်ထုတ်နေမှုအခြေအနေအပေါ် နယ်မြေတည်ငြိမ်အေးချမ်းမှုရှိစေရေး ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေမှု အခြေအနေများ၊ စီမံအုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေမှု၊ မြို့နယ်အလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုအခြေအနေများနှင့် ပြည်သူ့ဝန်ဆောင်မှုရုံးများ ဖွင့်လှစ်၍ ဝန်ဆောင်မှုပေးနိုင်သည့် အခြေအနေ၊ IDPs စခန်းအခြေအနေနှင့် မြို့နယ်အလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေများ၊ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရေး စီမံဆောင်ရွက်သွားမည့် အစီအမံများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ခန့်ထားနိုင်မှုအခြေအနေတို့နှင့် ပတ်သက်ပြီး အသီးသီးတင်ပြခဲ့ကြရာ တင်ပြချက်များအပေါ် ပြည်နယ်ကောင်စီအဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်ရာတွင် တင်ပြညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ လိုအပ်ချက်များ၊ ဖြည့်ဆည်းဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် နယ်စပ်ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ပြည်နယ်ကောင်စီဥက္ကဋ္ဌက ခရိုင်နှင့် မြို့နယ်များအလိုက် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များအပေါ် ညွှန်ကြားချက်နှင့်အညီ ခွဲဝေဆောင်ရွက်ရေး၊ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ခရိုင်၊ မြို့နယ်၊ ရပ်/ကျေးအဆင့်ထိ ဖွဲ့စည်းဆောင်ရွက်သွားရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တောင်ပေါ်၊ မြေပြန့်တစ်ပြေးညီ အားလုံးလွှမ်းခြုံထိုးနှံနိုင်ရေး၊ မြို့နယ်အလိုက် လုပ်ငန်းအရည်အသွေး စစ်ဆေးရေးလုပ်ငန်းကို ပြည်နယ်ကောင်စီ၏ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်သွားရေး၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရေး၊ မြို့နယ်အလိုက် ဖွင့်လှစ်နိုင်သည့် အခြေခံပညာကျောင်းများကို အမြန်ဆုံးဖွင့်လှစ်နိုင်ရေးတို့နှင့် နေရပ်စွန့်ခွာ ပြည်သူများ ၎င်းတို့၏ နေရပ်ပြန်လည်အခြေချနေထိုင်နိုင်ရေးတို့ကို ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ကြရေးတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှုများအား ကြည့်ရှုအားပေး



**ဘားအံ မတ် ၇**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့်အဖွဲ့ဝင်များသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ် ၆ ရက် နံနက်ပိုင်းက ဘားအံမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးစတင်ထိုးနှံပေးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးသည်။

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့တွင် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများဦးဆောင်၍ ဆရာတော်၊ သံဃာတော်များ၊ ဝန်ထမ်းများနှင့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုအခြေအနေများကို လိုက်လံကြည့်ရှုခဲ့ကြပြီး ပူးပေါင်းကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကာကွယ်ဆေးထိုးရန်လာရောက်ကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကား ပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်းအောက်ဆီဂျင်ပါဝင်မှုပမာဏတိုင်းတာပေးခြင်း၊ သွေးတိုး၊ ဆီးချို၊ သွေးချိုတိုင်းတာပေးခြင်းအစရှိသည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဦးစွာဆောင်ရွက်ပေးကြပြီး ပုံမှန်အခြေအနေရှိမှသာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

ဘားအံမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုး စုရပ် လေးနေရာခွဲထားပြီး နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကာ စုရပ်တစ်ခု၌ တစ်ရက်လျှင် လူ ၂၀၀ ကျော်ခန့် မျှော်မှန်း၍ မတ် ၆ ရက်မှ ၈ ရက်အထိ သုံးရက်တာကာလအတွင်း လူဦးရေ ၂၅၀၀ ခန့်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# COVAX အစီအစဉ်မှ AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအသုတ် ဖီဂျီ လက်ခံရရှိ

**ဆူဗာ မတ် ၇**
ဖီဂျီနိုင်ငံသည် ဗြိတိန်-ဆွီဒင်ဆေးဝါးကုမ္ပဏီထုတ် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအသုတ်ကို ယနေ့ညတွင် လက်ခံရရှိခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလွှဲအပ်ပွဲကို မြို့တော်ဆူဗာမှ အနောက်ဘက် ကီလိုမီတာ ၂၀၀ ခန့်အကွာရှိ နာဒီအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဖီဂျီဝန်ကြီးချုပ် ဗိုရက်ဘေနီမာရာမာ၊ ကျန်းမာရေးဝန်ကြီး အိုင်ဖရေမီ ဝါကေနာဘက်ဒ်နှင့် သံတမန်အစုအဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ချီးမြှင့်ခဲ့ကြသည်။

ဖီဂျီနိုင်ငံသည် COVAX အစီအစဉ်မှတစ်ဆင့် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို လက်ခံရရှိမည်ဟု ဖီဂျီကျန်းမာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဂျမ်းစ်ဖောင်းက ကနဦး ပြောကြားခဲ့သည်။

ဖီဂျီအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် စတင်ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ရှေ့တန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများနှင့် ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးစင်တာများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်ဖွဲ့ဝင် စေတနာ့ဝန်ထမ်းများကို ဦးစားပေးထိုးနှံပေးရန် စီစဉ်ထားသည်။

ဖီဂျီနိုင်ငံတွင် ၂၀၁၉ ခုနှစ် မတ် ၁၉ ရက်က ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ စတင်တွေ့ရှိခဲ့ပြီး ထိုအချိန်မှစ၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၆၃ ဦး ရှိလာပြီး ၎င်းတို့အနက် နှစ်ဦးသည် ထိုရောဂါဖြင့် သေဆုံးခဲ့သည်။ သို့သော် ရောဂါကူးစက်ခံရသူများအနက် လူနာ ၅၄ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာသွားပြီး လက်ရှိအချိန်တွင် လူနာခုနစ်ဦးသာ ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း အစိုးရမှထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။




ဖီဂျီအစိုးရသည် နိုင်ငံ၏လူဦးရေ ၉၀၀၀၀၀ ခန့် ရှိသည့်အနက် ၃၀၀၀၀ ကျော်တို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ လက်ရှိအချိန်အထိ စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# ဘာလင်၌ အဏုမြူစွမ်းအင် ဆန့်ကျင်ရေးဆန္ဒပြ



**ဘာလင် မတ် ၇**
ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်းရှိ ဖူကူရှီးမားဒိုင်အိချိ အဏုမြူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ မတော်တဆဖြစ်ခဲ့မှု ၁၀ နှစ်ပြည့်မတိုင်မီတွင် ဂျာမနီနိုင်ငံ ဘာလင်မြို့တော်၌ အဏုမြူစွမ်းအင်ဆန့်ကျင်ရေး ဆန္ဒပြပွဲတစ်ခုကို မတ် ၆ ရက်တွင် ကျင်းပခဲ့သည်။

ယင်းဆန္ဒပြပွဲကို မြို့တော်ဘာလင်ရှိ လူထုအဖွဲ့အစည်းတစ်ခုက လူ ၂၀၀ ခန့်အား စုဝေးပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဆန္ဒပြသမားများက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၏ သင်္ကေတအဖြစ်လှည့်လည်နိုင်သောထီးများကို ကိုင်ဆောင်ခဲ့ကြပြီး ကမ္ဘာပေါ်ရှိ အဏုမြူဓာတ်ပေါင်းဖိုများအားလုံးကို ဖျက်သိမ်းပစ်ရန် တောင်းဆိုခဲ့ကြသည်။

ယင်းစုဝေးပွဲအခမ်းအနားတွင် မြို့တော်ဘာလင်၌နေထိုင်သည့် ဂျာမန်စာပေဆုရ ဂျပန်လူမျိုး စာရေးဆရာနှင့် ကဗျာဆရာမ ယောခါဒါယိုကိုက အမှာစကားပြောကြားခဲ့သည်။

အလားတူ ဆန္ဒပြပွဲများကို မတ် ၇ ရက်တွင် ဂျာမနီနိုင်ငံ တစ်ဝန်းလုံး၌ ဆက်လက်ကျင်းပရန် စီစဉ်ထားသည်။

၂၀၁၁ ခုနှစ်တွင် ဂျပန်နိုင်ငံမှ ဖူကူရှီးမားဒိုင်အိချိ အဏုမြူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ မတော်တဆမှု ဖြစ်ပွားပြီးနောက်တွင် ဂျာမနီအစိုးရက နိုင်ငံအတွင်းရှိ အဏုမြူဓာတ်ပေါင်းဖို ၁၇ လုံးကို အဆင့်ဆင့်ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့သည်။

ဂျာမနီနိုင်ငံတွင် လက်ရှိကာလ၌ ဓာတ်ပေါင်းဖိုခြောက်လုံးမှာ လည်ပတ်နေဆဲရှိသည်။ လည်ပတ်ဆဲ အဏုမြူဓာတ်ပေါင်းဖိုများကို ၂၀၂၂ ခုနှစ်တွင် လည်ပတ်မှုရပ်နားရန် ဂျာမနီအစိုးရက စီစဉ်ထားသည်။

တစ်ချိန်တည်းမှာပင် ဂျာမနီအစိုးရသည် လေစွမ်းအင်၊ နေစွမ်းအင်နှင့် အခြားပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အမျိုးအစားများကို မြှင့်တင်သုံးစွဲရန် ကြိုးပမ်းနေသည်။

၂၀၂၀ ပြည့်နှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်မှ ထုတ်ယူခဲ့သည့် လျှပ်စစ်ဓာတ်အားပမာဏသည် နိုင်ငံတွင်းရှိ အခြားစွမ်းအင်ဖြင့် ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားပမာဏ၏ ၅၀ ရာခိုင်နှုန်းကျော်အထိ ရနိုင်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း**

# ချီလီနိုင်ငံတွင် လူဦးရေ လေးသန်းကျော် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးဖြစ်

**ဆန်တီယာဂို မတ် ၇**
ချီလီနိုင်ငံတွင် လူဦးရေလေးသန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီး လူဦးရေ ငါးသိန်းကျော်မှာ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံခဲ့ပြီးဖြစ်သည်ဟု ချီလီအစိုးရ ကျန်းမာရေးဌာနက မတ် ၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ချီလီနိုင်ငံသား ဦးရေ ၄၀၄၁၅၃၆ ဦးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူခဲ့ပြီး ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသည့် ဦးရေမှာ ၅၅၁၄၈၅ ဦး ဖြစ်ကြောင်း ကျန်းမာရေးဆိုင်ရာ စာရင်းအင်းနှင့် ပြန်ကြားရေးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ကာကွယ်ဆေး ထိုးနှံပြီးသူများအနက် အသက် ၆၀နှင့်အထက် ဦးရေမှာ ၂၆၁၄၆၁၅ ဦးဖြစ်ကြောင်း ချီလီကျန်းမာရေးဌာန ဝန်ကြီး အန်ရိကွီပဲရစ်က မတ် ၆ ရက်တွင် ပြောကြားခဲ့သည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူ ဦးရေ၏ ၅၉ ဒသမ ၂ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ပြီး ၄၀ ဒသမ ၈ ရာခိုင်နှုန်းမှာ အမျိုးသားများ ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



ချီလီနိုင်ငံမှ အီကွေဒေါနိုင်ငံ သို့ ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးအလုံးရေ ၂၀၀၀၀ အား လှူဒါန်းခဲ့ကြောင်း ချီလီပြည်ထဲရေးဝန်ကြီး ဂိုဒရီယိုဒဲဂါဒိုက ပြောကြားသည်။

ချီလီနိုင်ငံ၌ လတ်တလောတွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ ဦးရေ၂၀၀၀၀ အား မှတ်ပုံတင်ထားသည်ဟု ချီလီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- ဇော်ဝင်း**

# ဂရိနိုင်ငံ၌ ငလျင်လှုပ်မှုကြောင့် အဆောက်အအုံ ရာနှင့်ချီ ပျက်စီး

**အေသင် မတ် ၇**
ပြီးခဲ့သည့်သီတင်းပတ် မတ် ၃ ရက်နှင့် ၄ ရက်တို့တွင် ဂရိနိုင်ငံ၌ အင်အား ၆ ဒသမ ၃ နှင့် ၅ ဒသမ ၉ အဆင့်ရှိ ငလျင်နှစ်ခုလှုပ်ခတ်ခဲ့ပြီးနောက် လာရီးဆား၊ အယ်လ်ဆိုနာ၊ တိုင်နာဗော့စ်နှင့် ဖဂါဒိုနာ အစရှိသည့် ကျေးရွာများတွင် အဆောက်အအုံရာနှင့်ချီ ထိခိုက်ပျက်စီးသွားပြီး လူ ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက ယနေ့သတင်း ဖော်ပြသည်။

ငလျင်လှုပ်ခတ်ပြီးနောက် အဆိုပါဒေသရှိ အဆောက်အအုံ ၁၈၀၀ ခန့်ကို စစ်ဆေးခဲ့ပြီး ယင်းတို့အနက် ဆေးရုံများ၊ စာသင်ကျောင်းများနှင့် ဘုရားရှိခိုး ကျောင်းများ အပါအဝင် အဆောက်အအုံ ၈၉၈ လုံးသည် လူနေရန်မသင့်တော့သဖြင့် ဖြိုချရမည့်အနေအထားတွင်ရှိနေကြောင်း ဒေသဆိုင်ရာ ဆောက်လုပ်ရေးအင်ဂျင်နီယာများက ပြောကြားသည်။

ငလျင်ဒဏ်သင့်ဒေသရှိ နေအိမ်အများစုမှာ ကျောက်ခဲများဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး သက်တမ်း ၇၀ ကျော်ရှိသည့် အဆောက်အအုံများ ဖြစ်ကြသည်။ ငလျင်ဒဏ်ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သွားသည့် ဒေသခံပြည်သူများသည် လတ်တလောအချိန်တွင် အစိုးရမှ စီစဉ်ပေးထားသော ယာယီခိုလှုံရေးစခန်းများတွင် နေထိုင်လျက်ရှိကြသည်။

တစ်ချိန်တည်းမှာပင် ဂရိနိုင်ငံ၏ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး စတီလီးယေ့စ်က ငလျင်ဒဏ်သင့်ပြည်သူများသည် အရေးပေါ်အကူအညီအဖြစ် မတ် ၈ ရက်တွင် အမေရိကန်ဒေါ်လာ ၃၆၀၀၀၀ ခန့်ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။ ငလျင်ဒဏ်သင့်နေရာ၌ နောက်ဆက်တွဲငလျင်များ လှုပ်နိုင်ဖွယ်ရှိသေးသည့်အတွက် တာဝန်ရှိသူများက ဒေသခံပြည်သူများအား ၎င်းတို့၏ နေအိမ်များသို့ မပြန်ကြရန် သတိပေးထားသည်။

ဂရိနိုင်ငံသည် ကမ္ဘာ့မြေလွှာပြတ်ရွေ့ကြောင်းအများအပြားပေါ်တွင် တည်ရှိသည့်အတွက် ငလျင်ဒဏ်နှင့် ပြတ်တောင်းပြတ်တောင်း ရင်ဆိုင်ကြုံတွေ့လေ့ရှိသည်။ သို့သော် ဂရိနိုင်ငံ၌ လှုပ်ခဲ့သမျှ ငလျင်အများစုသည် ပင်လယ်ရေအောက်တွင် ဗဟိုပြုပြီး လှုပ်ခတ်သည့်အတွက် ထိခိုက်ဒဏ်ရာရရှိမှု မရှိသလောက်ဖြစ်ကြောင်း သိရသည်။

ယမန်နှစ် အောက်တိုဘာလက ဂရိနိုင်ငံပိုင် ဆာမော့စ်ကျွန်းနှင့် တူရကီနိုင်ငံအနောက်ဘက် အစ်ဇ်မီးရ်မြို့အကြား အေးဂီယန်ပင်လယ်တွင် အင်အား ၇ ဒသမ သုည အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီးနောက် ဆာမော့စ်ကျွန်းပေါ်ရှိ လူနေအိမ်တစ်လုံးပြိုကျခဲ့ရာ ဆယ်ကျော်သက်အရွယ် နှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဂျေတီ**

# အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံတန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ သက်သာချောင်ချိရေးဆိုင်ရာ ဥပဒေကြမ်းကို အထက်လွှတ်တော်အတည်ပြု

**ဝါရှင်တန် မတ် ၇**

အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံတန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ သက်သာချောင်ချိရေးဆိုင်ရာ ဥပဒေကြမ်းကို အထက်လွှတ်တော်က ယမန်နေ့တွင် အတည်ပြုခဲ့သည်။

အဆိုပါဥပဒေကြမ်းကို ဒီမိုကရက်တစ်လွှတ်တော်အမတ်များ၏ ထောက်ခံမဲဖြင့်သာ အတည်ပြုခဲ့ခြင်းဖြစ်ပြီး ရီပတ်ဘလီကန် လွှတ်တော်အမတ်များ၏ ထောက်ခံမှုကို မရရှိခဲ့ကြောင်း သိရသည်။

ရီပတ်ဘလီကန် လွှတ်တော်အမတ်များက အဆိုပါဥပဒေကြမ်းသည် ထောက်ပံ့ငွေပမာဏများပြားသည့်အတွက် ပြန်လည်သုံးသပ်ရန် ဆန္ဒရှိကြောင်း သိရသည်။

ယင်းဥပဒေကြမ်းသည် အမေရိကန်နိုင်ငံ၏ သမိုင်းတစ်လျှောက်တွင် ငွေကြေးပမာဏအများဆုံး ဥပဒေကြမ်းများအနက် တစ်ခုဖြစ်သည့်အပြင် သမ္မတ ဂျိုးဘိုင်ဒင် သမ္မတရာထူးတာဝန် စတင်တာဝန်ယူသည့်အချိန်မှစပြီး ပထမဆုံးအကြိမ် တင်သွင်းသည့် ဥပဒေကြမ်းလည်းဖြစ်သည်။

ယင်းဥပဒေကြမ်းကို စောစီးစွာအတည်ပြုနိုင်ရေးအတွက် အထက်လွှတ်တော်အား သမ္မတ ဂျိုးဘိုင်ဒင်က လွန်ခဲ့သော ရက်သတ္တပတ်အတွင်း တိုက်တွန်းပြောကြားခဲ့သည်။

အဆိုပါဥပဒေကြမ်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ထိခိုက်ခံစားရသည့် ပြည်သူများအား ငွေကြေးထောက်ပံ့ပေးမှုများ ပါဝင်မည်ဖြစ်သည်။

အဆိုပါဥပဒေကြမ်းတွင် ပြည်သူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၄၀၀ ထောက်ပံ့ပေးရန် အမေရိကန်ဒေါ်လာ ၄၀၀ ဘီလီယံကို သုံးစွဲသွားမည်ဖြစ်သည့်အပြင် အရေးပေါ်အလုပ်လက်မဲ့အကျိုးခံစားခွင့်ကာလကို စက်တင်ဘာလအထိ တိုးမြှင့်ပေးရန် ပါဝင်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် စီးပွားရေးထိခိုက်သွားသည့် နိုင်ငံတစ်ဝန်းရှိ ပြည်နယ်များတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ကန်ဒေါ်လာ ၃၅၀ ဘီလီယံကို ဒေသန္တရအစိုးရအဖွဲ့များအား ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား- စီအင်န်အေ**

**ဘာသာပြန်- အောင်ကျော်ကျော်**




# တရုတ်နိုင်ငံ၏ ပို့ကုန်တင်ပို့မှု ယခုနှစ် ပထမနှစ်လတာကာလအတွင်း မြင့်တက်မှုရှိခဲ့



**ပေကျင်း မတ် ၇**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ကြိုးပမ်းမှုများလုပ်ဆောင်နေစဉ်အတွင်း စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများ လျော့ကျခဲ့သော်လည်း တရုတ်နိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် ယခုနှစ် ပထမနှစ်လတာကာလအတွင်း မြင့်တက်မှုရှိခဲ့ပြီး ယမန်နှစ် ပထမနှစ်လတာကာလကထက် ၆၀ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း တရုတ်နိုင်ငံ၏ ပို့ကုန်နှင့် သွင်းကုန်တန်ဖိုးစုစုပေါင်းသည် ယမန်နှစ်အလားတူကာလထက် အမေရိကန်ဒေါ်လာ ၈၃၄ ဒသမ ၄၉ ဘီလီယံခန့်(၄၁ ဒသမ ၂ ရာခိုင်နှုန်း) မြင့်တက်ခဲ့ကြောင်း တရုတ်နိုင်ငံ၏ အကောက်အခွန်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဌာနက ယနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါ ပို့ကုန်တန်ဖိုးမြင့်တက်မှုသည် အနောက်နိုင်ငံများ၌ ထုတ်လုပ်မှုနှင့် ဝယ်ယူအသုံးပြုမှုပြန်လည်ဦးမော့လာခြင်းမှတစ်ဆင့် နိုင်ငံခြားဝယ်လိုအား မြင့်တက်လာခဲ့ခြင်းကြောင့်ဖြစ်ကြောင်း တရုတ်နိုင်ငံ အကောင်အခွန်ဆိုင်ရာ အာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

နှာခေါင်းစည်းနှင့် ဆေးဘက်ဆိုင်ရာသုံးကိရိယာပစ္စည်းများ၏ ဝယ်လိုအားသည် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ်အတွင်း မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။ ထို့ပြင် ပြီးခဲ့သည့်နှစ် ဇွန်လနောက်ပိုင်းမှစတင်ကာ ကိုယ်ရေးကိုယ်တာသုံး ကွန်ပျူတာများနှင့် အခြားသော အီလက်ထရွန်နစ်ပစ္စည်းများ၏ ဝယ်လိုအားသည်လည်း သိသိသာသာ မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-အလင်းသစ်**

## ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၅၅၅ ဦး ထပ်မံသေဆုံး

**ဆော်ပေါ်လို မတ် ၇**

ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၅၅၅ ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၂၆၄၃၂၅ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ယမန်နေ့ ထုတ်ပြန်ချက်အရ သိရသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၉၆၀၉ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၀၉၃၈၈၃၆ ဦး ရှိလာခဲ့ပြီဖြစ်သည်။

ထို့ပြင် ဘရာဇီးနိုင်ငံ၌ မတ် ၃ ရက်တွင် ဗိုင်းရပ်စ်ပိုးကူးစက်မှုကြောင့် သေဆုံးသူ ၁၉၁၀ ရှိခဲ့ရာ အဆိုပါအရေအတွက်သည် နိုင်ငံအတွင်း ဗိုင်းရပ်စ်စတင်ကူးစက်ပျံ့နှံ့သည့်အချိန်မှစပြီး အရေအတွက် အများဆုံးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် သေဆုံးမှုများ မြင့်တက်လျက်ရှိစဉ် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများကိုလည်း အမေဇုံးနားပြည်နယ်တွင် တွေ့ရှိခဲ့ရသည့်အတွက် ပြည်နယ်အများအပြားတွင် ညမထွက်ရအမိန့်များ၊ စီးပွားရေးလုပ်ငန်းပိတ်ပင်မှုများ စသည့် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများကို တင်းကျပ်စွာ ချမှတ်ထားကြောင်း သိရသည်။

ဘရာဇီးနိုင်ငံတွင် ဇန်နဝါရီ ၇ ရက်မှစပြီး ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို စတင်ခဲ့ရာ ပြည်သူ ၁၀ သန်းကျော်အား ကာကွယ်ဆေးထိုးနှံပြီးကြောင်းနှင့် ယင်းတို့အနက် နှစ်သန်းကျော်သည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# COVAX အစီအစဉ်မှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂ ဒသမ ၂ သန်း အီသီယိုးပီးယားနိုင်ငံ ပထမဆုံးအကြိမ် လက်ခံရရှိ

**အဒစ်အဘာဘာ မတ် ၇**

အီသီယိုးပီးယားနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအစီအစဉ် COVAX ထံမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၂ ဒသမ ၂ သန်းကို ပထမဆုံးအကြိမ်အဖြစ် ယမန်နေ့တွင် လက်ခံရရှိခဲ့ကြောင်း သိရသည်။




အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂ ဒသမ ၂ သန်းကို အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်ခဲ့ပြီး ယင်းအခမ်းအနားသို့ အီသီယိုးပီးယားနိုင်ငံအခြေစိုက် ကုလသမဂ္ဂအဖွဲ့အစည်းနှင့် နိုင်ငံခြားသံတမန်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အပါအဝင် အီသီယိုးပီးယားနိုင်ငံ အစိုးရထိပ်တန်းတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အီသီယိုးပီးယားနိုင်ငံသည် အိန္ဒိယနိုင်ငံ ဆီရမ်အင်စတီကျုမှ ထုတ်လုပ်သည့် Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ်ကိုလည်း လက်ခံရရှိပြီးဖြစ်ကြောင်း အီသီယိုးပီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီး လီယာတာဒက်ဆီက ပြောကြားခဲ့သည်။

လက်ရှိတွင် အီသီယိုးပီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၆၅၀၂၉ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၄၂၀ ရှိသွားပြီဖြစ်ကြောင်းလည်း ကျန်းမာရေးဝန်ကြီး လီယာတာဒက်ဆီက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

# ဗင်နီဇွဲလားသမ္မတ မာဒူရိုနှင့်ဇနီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူ

**ကာရာကပ်စ် မတ် ၇**

ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရိုနှင့်၎င်း၏ ဇနီး ဆီလီယာဖလောရက်စ်တို့သည် ယမန်နေ့က ရုရှား နိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူခဲ့ကြကြောင်း သိရသည်။

"အခု ကျွန်တော် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ပြီးပြီဆိုတာကို ရုရှားအစိုးရထံ ပြောကြားသင့်ပါပြီ"ဟု မာဒူရို က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ပြီးနောက် ဟာသနှော ပြောကြားခဲ့သည်။

ဗင်နီဇွဲလားအစိုးရသည် ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၀ သန်းခန့် မှာယူထားပြီး ပထမအသုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၀၀၀၀၀ ခန့်အား လက်ခံရရှိခဲ့ပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံမှု အစီအစဉ်ကို ဖေဖော်ဝါရီ ၁၈ ရက်မှ စ၍ တရားဝင်ဆောင်ရွက်ခဲ့ကာ ကျန်းမာရေးဝန်ထမ်းများကို ဦးစားပေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ဗင်နီဇွဲလားနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၅၀၀၀၀၀ ခန့်ကိုလည်း လက်ခံရရှိခဲ့ပြီးဖြစ်ရာ အဆိုပါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို မတ် ၈ ရက်မှစ၍ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ဗင်နီဇွဲလားနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေး အဖွဲ့နှင့် မိတ်ဖက်များက ဦးဆောင်သည့် Covax အစီအစဉ်မှ AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၄ သန်းခန့်ကိုလည်း ကြိုတင်မှာယူထားကြောင်း သိရသည်။

လူဦးရေ သန်း ၃၀ ခန့် နေထိုင်သည့် ဗင်နီဇွဲလားနိုင်ငံတွင် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ပေါင်း ၁၄၁၀၀၀ ခန့်ရှိပြီး ၎င်းတို့အနက် ၁၃၇၁ ဦးသည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်မှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**





# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၃ ဒသမ ၉၅ သန်းအထိရှိလာ

**အဒစ်အာဘာဘာ မတ် ၇**

အာဖရိကတိုက်၌ မတ် ၇ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၃၉၅၅၁၄၈ ဦးအထိရှိလာခဲ့ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။

အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူစုစုပေါင်း ၁၀၅၄၉၀ ရှိခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၃၅၃၃၅၇၄ ဦးရှိခဲ့ကြောင်း အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၅၅ နိုင်ငံမှ ကျန်းမာရေးစောင့်ရှောက်မှု အေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။

အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုနှင့် သေဆုံးမှုအများဆုံးနိုင်ငံများမှာ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံ၊ အီဂျစ်နိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့ဖြစ်ကြသည်။ အဆိုပါ အာဖရိကနိုင်ငံများအနက် တောင်အာဖရိကနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၀၆၄၇ ဦးရှိခဲ့ပြီး ၎င်းနောက်တွင် အီဂျစ်နိုင်ငံက ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀၉၅၄ ဦး၊ မော်ရိုကိုနိုင်ငံက ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၈၆၇၆ ဦး အသီးသီးရှိကြကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၁၇၁၇၃၉၀၄ | ဦး |
| သေဆုံးသူ | ၂၆၀၁၅၃၂ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၉၂၇၃၅၄၂၃ | ဦး |

# ဂျပန်က ဒုတိယမြောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အရေးပေါ်သုံးစွဲရန် မေလတွင် အတည်ပြုဖွယ်ရှိ

**တိုကျို မတ် ၇**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ကာကွယ်ဆေး ထိုးနှံမှု အလွန်အရေးကြီးသည်ဟု အစိုးရက ရှုမြင်ထားသည့်အတွက် နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် ဒုတိယမြောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ယခုနှစ် မေလလောက်တွင် အတည်ပြုနိုင်ဖွယ်ရှိကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

"ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ဖို့ ကာကွယ်ဆေးဟာ အင်မတန်အရေးကြီးတဲ့အတွက် ဒုတိယမြောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲဖို့ ဒီနှစ် မေလ သို့မဟုတ် ဇွန်လမှာ ဂျပန်အစိုးရအနေနဲ့ အတည်ပြုနိုင်ဖွယ် ရှိပါတယ်" ဟု ဂျပန်ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေး ဝန်ကြီး နိုရီဟီဆာတာမူရာက ရုပ်သံလွှင့်အစီအစဉ်တစ်ခုတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဂျပန်အစိုးရသည် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer ထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် ပြီးခဲ့သည့် ဖေဖော်ဝါရီလက အတည်ပြုခဲ့ပြီးဖြစ်ရာ Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ဂျပန်နိုင်ငံ၌ အရေးပေါ်သုံးစွဲရန် ပထမဆုံးအတည်ပြုခဲ့သည့် ကာကွယ်ဆေးတစ်မျိုး ဖြစ်လာခဲ့သည်။

ထို့အတူ ဗြိတိန်၏ AstraZeneca ဆေးဝါးကုမ္ပဏီကလည်း ၎င်း၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဂျပန်၌ အတည်ပြုရန် ပြီးခဲ့သည့် ဖေဖော်ဝါရီလ အစောပိုင်းက လျှောက်ထားခဲ့ကြောင်း သိရသည်။ ထို့အပြင် ဂျပန်ဆေးဝါးကုမ္ပဏီ တာကယ်ဒါကလည်း အမေရိကန် Moderna ဆေးဝါးကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံအတွင်း အတည်ပြုရန် မတ် ၅ ရက် က လျှောက်ထားကြောင်း သိရသည်။

ဂျပန်အစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေပေါင်း ၃၁၄ သန်းခန့် ဝယ်ယူရန် ကာကွယ်ဆေးထုတ်လုပ်ရေး ကုမ္ပဏီသုံးခုနှင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးထားပြီးဖြစ်ရာ ယင်းကာကွယ်ဆေးပမာဏသည် နိုင်ငံ လူဦးရေ ၁၂၆ သန်းခန့်အတွက် လုံလောက်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

ကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အမြန်ဆုံးထိန်းချုပ်နိုင်ရန် အဆုံးအဖြတ်ပေးသော ခြေလှမ်းတစ်ခုဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါက ထပ်ကတလဲလဲ ပြောဆိုလေ့ရှိသည်။

ထို့အပြင် အမေရိကန်ဆေးဝါးကုမ္ပဏီတစ်ခုဖြစ်သည့် Johnson & Johnson ကုမ္ပဏီထုတ် တစ်ကြိမ်တည်းထိုးစနစ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အတည်ပြုရန် ကုမ္ပဏီကနေ လျှောက်ထားလာပါက ဂျပန်အစိုးရအနေဖြင့် စဉ်းစားရန် အဆင်သင့်ရှိကြောင်း ကျန်းမာရေးဝန်ကြီးတာမူရာက ပြောကြားသည်။ သို့သော် အဆိုပါ ကာကွယ်ဆေးဝယ်ယူရေးအတွက် ညှိနှိုင်းဆွေးနွေးရန် လိုအပ်သောကြောင့် ကာကွယ်ဆေးဝယ်ယူရန် သင့်၊ မသင့်နှင့် ပတ်သက်၍ ဂျပန်အစိုးရအနေဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း မရှိသေးကြောင်း ၎င်းက ထပ်မံပြောကြားသည်။

**ကိုးကား-ကျိုဒိုနယူးစ်**
**ဘာသာပြန်-ဂျေတီ**









# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၆ ရက် ညနေ ၃ နာရီတွင် ရွှေကူမြို့နယ် တောပုန်းကျေးရွာအုပ်စု လယ်ပြင်ကြီးကျေးရွာအနီးတွင် ဇော်မျိုးသက်(ခ) ဖိုးပျော့ မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ဖိုးစီကွေး(ခ)ညီဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကို လည်းကောင်း၊ ကွင်းဆက်အရ စီမော်ကျေးရွာအုပ်စု စီမော်ကျေးရွာရှိ ဖိုးစီကွေး(ခ)ညီဦး၏ နေအိမ်သို့ ဝင်ရောက် ရှာဖွေရာ ဘိန်းစိမ်း သုည ဒသမ ၀၉ ကီလို၊ ဘိန်းဖြူ သုည ဒသမ ၀၉ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၅၀ ပြားတို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွာင်-ကျောက်ဆည်သွားကားလမ်းတွင် စိုင်းမြင့်စိုး(ခ)အိုက်ယောင်း မောင်းနှင်လာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့ အမှတ်(၅)ရပ်ကွက်တွင် သိန်းဒိစံမောင်းနှင်ပြီး နေလင်းစိုး(ခ)သားငယ်လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။



စိုင်းမြင့်စိုး(ခ)အိုက်ယောင်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထို့ပြင် မတ် ၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် နမ့်ပေါင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာအနီး မိုင်းရယ်-လားရှိုး သွားကားလမ်းတွင် ကျဟဲမောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဆိပ်ဖြူမြို့နယ်၌ အိမ်စီးကားတစ်စီး မီးလောင်မှုဖြစ်ပွား

**ဆိပ်ဖြူ မတ် ၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ဆိပ်ဖြူ-ဆော-ကန်ပက်လက်သွားကားလမ်း မိုင်တိုင်အမှတ် လေးမိုင်အနီးတွင် ယနေ့ နံနက် ၈ နာရီ မိနစ်၂၀ ခန့်က အိမ်စီးယာဉ်တစ်စီး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဆိပ်ဖြူမြို့ အနောက်ဘက် လေးမိုင်ခန့်အကွာ ဆိပ်ဖြူ-ဆော-ကန်ပက်လက်သွားကားလမ်းတွင် မော်တော်ယာဉ်တစ်စီး မီးလောင်နေကြောင်း သတင်းရရှိ၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး(ယာယီ) ဇော်မင်းဦးနှင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၃၃ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဆိပ်ဖြူမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဆိပ်ဖြူ(ပြန်/ဆက်)**

# စဉ့်ကိုင်မြို့နယ် အုန်းလက်ကောက်ကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**စဉ့်ကိုင် မတ် ၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် အုန်းလက်ကောက်ကျေးရွာ၌ ယနေ့က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စဉ့်ကိုင်မြို့နယ် အုန်းလက်ကောက်ကျေးရွာနေ ဦးမျိုးမြင့်၏ နေအိမ်တွင် ထမင်းပေါင်းအိုးတည်ထားခဲ့ရာ ပလပ်ခုံမှ ဝိုင်ယာရှော့ဖြစ်၍ ထရံသို့ မီးကူးစက်လောင်ကျွမ်းခဲ့ရာ စုစုပေါင်းနေအိမ်သုံးလုံး မီးလောင်ကျွမ်းခဲ့ပြီး အဆိုပါမီးလောင်မှုနှင့် ပတ်သက်၍ အိမ်ရှင်ဦးမျိုးမြင့်အား စဉ့်ကိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းဝင်းသန်း(ပြန်/ဆက်)**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် မတ် ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၇၀၊ သွင်းကုန် ၁၇၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၈၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၆ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၇၅၀ သန်း) တန်ဖိုးရှိ တရားဝင် စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ ကုန်ပစ္စည်းဖြစ်သော ရေခဲခြစ်စက်(စက်မဲ့) လက်လှည့် c/o Thai 30 Nos အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**မူးယစ်ကင်းစင် အလှစင်**

# မဗျိုင်းသို့ အိတ်ဖွင့်ပေးစာ

**မေချိုးဖြူ**

အခုတစ်လော ကျွန်မတို့ပတ်ဝန်းကျင်မှာ နာမည်ကျော်ကြားလူသိများသောကိစ္စမှာကား CDM ဆိုတဲ့ အခြင်းအရာပေတည်း။ မသိသူ ကျော်သွား သိသူဖော်စားလို့ဆိုရမှာကလည်း အခက်သား။ မသိသလို ကျော်သွားလို့မရသလို မသိဟန်ဆောင်လို့ကလည်း မရပါ။ မသိ သိအောင်၊ မကြား ကြားအောင်၊ မလုပ် လုပ်အောင် နည်းမျိုးစုံသုံးလို့ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ တစ်နေ့တစ်မျိုး မရိုးနိုင်အောင် သုံးတဲ့နည်းတွေက အပေါသား။

မည်သို့ပင်ဆိုစေ ကျွန်မကတော့ ကိုယ့်ခံယူချက်နဲ့ကိုယ် CDM လုံးဝမလုပ်ပါ။ ကျွန်မခံယူချက်ကတော့ ရှင်းပါတယ်။ ကျွန်မဟာ ဝန်ထမ်းမိသားစု အသိုင်းအဝိုင်းက ပေါက်ဖွားပြီး ဝန်ထမ်းလုပ်ဖို့ ရည်ရွယ်၍ ပညာသင်ကြားကာ ဝန်ထမ်းဘဝဖြင့် ကိုယ့်နိုင်ငံကို တစ်ဖက်တစ်လမ်းက အလုပ်အကျွေးပြုဖို့ပင် ဖြစ်ပါတယ်။ နိုင်ငံသားတစ်ဦးအနေနဲ့ မိမိကြိုက်နှစ်သက်တဲ့ပါတီကို မဲပေးခဲ့ပြီး မိမိမြတ်နိုးတဲ့ ဝန်ထမ်းဘဝတာဝန်တွေကိုသာ အေးချမ်းစွာထမ်းဆောင်ခဲ့တာ ဖြစ်ပါတယ်။

ကျွန်မ ဘာကြောင့်အခုလို ပြောနေရသလဲဆိုတာ အကြောင်းက ရှိနေပါတယ်။ ကျွန်မတို့ဝန်းကျင်မှ မိတ်ဆွေ၊ သူငယ်ချင်း၊ မောင်ငယ် ညီမငယ်အချို့ CDM လုပ်ကြတယ်။ ကိုယ့်ခံယူချက်၊ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ် ကိုယ်ကြိုက်တာ ကိုယ်လုပ်လို့ရပါတယ်။ လူ့စည်း၊ လူ့ကျင့်ဝတ်၊ လူ့အခွင့်အရေးအရ မတားပါ။ နောက်တစ်ချက်က သူတို့လေးတွေဟာ ခေတ်ပညာတတ် မျိုးဆက်သစ်တွေပီပီ တက်ကြွလှုပ်ရှားမှု အားမာန်အပြည့်ဖြင့် ကျွန်မတို့နဲ့အတူ လုပ်ငန်းတာဝန်တွေကို ဆယ်စုနှစ်ကျော်၊ ဆယ်စုနှစ်နီးပါး လက်တွဲညီညီ ထမ်းရွက်ခဲ့ကြသူတွေမို့ လေးစားခဲ့တာပါ။

ဒါပေမယ့် အမှတ်မထင် ပြောင်းလဲသွားတဲ့ တစ်ဒင်္ဂလေးအတွင်း ကျွန်မအတွက် မယုံနိုင်စရာပါ။ ဘွဲ့ရပြီး လုပ်ငန်းခွင်စတင်ဝင်တဲ့ အချိန်ကစလို့ လုပ်ငန်းခွင်နဲ့ဆိုင်တဲ့ ပညာရပ်တွေ၊ လူမှုရေး၊ ကျန်းမာရေး၊ ပေါင်းသင်းဆက်ဆံရေးကအစ ကူညီဖေးမရင်း မရှိအတူ၊ ရှိအတူ ပျော်ရွှင်ခဲ့ကြဖူးတဲ့သူတွေဟာ အခုဆို သူစိမ်းသဖွယ်ဆိုတာထက် ရန်သူလိုဆက်ဆံခဲ့ကြပါပြီ။ တကယ်ပဲ ဝမ်းနည်းယူကျုံးမရ ဖြစ်ရပါတယ်။

သူတို့နဲ့လားရာမတူတဲ့အခါ အရင်က ခင်မင်တွယ်တာခဲ့တဲ့ သံယောဇဉ်တွေကိုတောင် မငဲ့ကွက်ဘဲ ရာထူးနဲ့ပတ်သက်ပြီး တစ်မျိုး၊ လူမှုရေးနဲ့ပတ်သက်ပြီး တစ်သွယ်၊ တိရစ္ဆာန်နဲ့နှိုင်းလိုနှိုင်း စတဲ့ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုတွေနဲ့ စိတ်ထွက်ပေါက်လို တင်ချင်တိုင်းတင်လို့ရနေတဲ့ ဖေ့စ်ဘွတ်လို့ခေါ်တဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ အမနာပ ပြောဆိုရေးသားတာတွေ မြင်သိကြားသိရတော့ စိတ်မကောင်း ဖြစ်မိပါတယ်။ ကိုယ့်ထက် တစ်ရက်၊ တစ်မနက်ကြီးသူကိုတောင် ရိုသေရမယ်လို့ ဆုံးမသွန်သင်မှုတွေနဲ့ ကြီးပြင်းခဲ့တဲ့ ကျွန်မတို့ လူမျိုးတွေ၊ အခုတော့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာလို့တောင်ဆိုရမယ့် သူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက်တွေကို ရန်သူသဖွယ် ပြောဆိုနေကြပါတယ်။

ကျွန်မတို့ ဗုဒ္ဓဘာသာမှာ ခင်ပွန်းကြီးဆယ်ပါးဆိုတာ ရှိပါတယ်။ အဲဒီအထဲမှာ ကျွန်မတို့နဲ့ အနီးစပ်ဆုံးဖြစ်တဲ့ မိဘ၊ ဆရာနဲ့ ထမင်းတစ်လုတ် ရေတစ်မှုတ် ကျွေးမွေးဖူးတဲ့သူတွေပါပါတယ်။ ခင်ပွန်းကြီးဆယ်ပါးကို ပြစ်မှားစော်ကားရင် ဘဝတစ်သက်တာမှာ ဆင်းရဲပင်ပန်းကြီးစွာ ရှင်သန်ရတတ်ပြီး နောက်ဆုံးမှာတော့ အပါယ်ဘုံသို့သွားရတတ်ပါတယ်။ အခုဆို သူတို့ဟာ အနည်းဆုံးထမင်းတစ်လုတ်ဆိုတာထက် အချိန်အတိုင်းအတာတစ်ခုအထိ ဒီလုပ်ငန်းကရတဲ့ဝင်ငွေနဲ့ ရှင်သန်ခဲ့ကြဖူးသူတွေပါ။

တစ်ဆက်တည်းမှာပဲ ငယ်ငယ်ကကြားခဲ့ဖူးတဲ့ ပုံပြင်ဇာတ်လမ်းတွေကို ပြန်ပြောင်းသတိရမိပါတယ်။ တခြားတော့မဟုတ်ပါဘူး။ ဘဝမေ့တတ်တဲ့ ဆီးသီးသည် မဗျိုင်းဇာတ်လမ်းနဲ့ ဆရာကိုစော်ကားလို့ အာခေါင်လုံ့စူးပြီး ဘဝဆုံးရတဲ့ နွားကျောင်းသားဇာတ်လမ်းတွေပါ။ တချို့လည်း သိပြီးသားတွေဖြစ်မှာမို့ အကျယ်တော့ မပြောတော့ပါဘူး။ တစ်ခါက နွားကျောင်းသားတစ်ယောက်က ဗျိုင်းတစ်ကောင် လယ်ကတွတ်ပေါက်မှာ ငါးဖမ်းတာကိုမြင်ပြီး လိုက်လေ့ကျင့်ရာက တစ်နေ့ ရှင်ဘုရင်ရဲ့ ရှေ့တော်မှောက်မှာ လှံတံကို မိုးပေါ်ပစ်ပြီး ပါးစပ်နဲ့ ဖမ်းပြနိုင်တဲ့အထိ ထူးချွန်ထင်ရှားခဲ့ပါတယ်။ ဘုရင်နဲ့တကွ တိုင်းသူပြည်သားတွေ ရင်သပ်ရှုမောအံ့အားသင့်ခဲ့ရပြီး သူ့ရဲကောင်းအဖြစ် ချီးမြှင့်မြှောက်စားခြင်း ခံခဲ့ရပါတယ်။ ဒီလိုနဲ့ နွားကျောင်းသားကို သူ့ရဲ့ဆရာ ဘယ်သူလဲလို့မေးရာ နွားကျောင်းသားမှာ သူ့ဆရာဟာ ဗျိုင်းဆိုတဲ့ တိရစ္ဆာန်တစ်ကောင်လို့ ပြောရမှာရှက်လို့ ဆရာမရှိပါဘူးလို့ လိမ်ညာပြီး ဖြေခဲ့ပါတယ်။ ရှက်စိတ်ကြောင့် လိမ်ညာပြောခဲ့ပေမယ့် နောက်တစ်ခါလည်းပြရော လှံကိုပါးစပ်နဲ့မဖမ်းမိဘဲ အာခေါင်ကို လှံစူးရတဲ့ အဖြစ်ဆိုးနဲ့ ကြုံရပါတော့တယ်။

အခုလည်း ကိုယ့်ရဲ့သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေလည်းဖြစ်၊ မိတ်ဆွေ၊ သူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက်တွေလည်းဖြစ်တဲ့ ဝန်ထမ်းအချင်းချင်းကို မထီမဲ့မြင်ပြောဆိုနေတာဟာ ဝစီဗေဒထိတိုင်းရှမို့ သူတို့အတွက် စိုးရိမ်မိပါတယ်။ ဆရာဆိုတာကို မပြောရုံသာ လိမ်ညာခဲ့တဲ့ နွားကျောင်းသားလေးတောင် ဒီလိုအဖြစ်မျိုး ကြုံတာဆိုရင် အခုလို သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေကို စော်ကားပြောဆိုမှုတွေအတွက်တော့ စဉ်းတောင်မစဉ်းစားဝံ့ပေ။

နောက်တစ်ခုကတော့ ရုပ်အဆင်းလှပတင့်တယ်မှုကြောင့် ရှင်ဘုရင်က ချီးမြှင့်မြှောက်စားကာ မိဖုရားအဖြစ် တော်ကောက်ခံရတဲ့ ဆီးသီးသည် မဗျိုင်းဇာတ်လမ်းပါ။ သူ့မောင်အရင်းက အစ်မဖြစ်သူ မိဖုရားအားလာတွေ့တာကို ရှက်လို့ သူ့မောင်မဟုတ်ကြောင်း လိမ်ညာမိရာက ရှင်ဘုရင်ကသိပြီး ဘဝမေ့လို့ ကွပ်မျက်ခံခဲ့ရပါတယ်။ ကိုယ့်ရဲ့ ဘဝရပ်တည်မှုကို ကိုယ်သာအသိဆုံးပါ။ ဒီလိုပါပဲ သူတစ်ပါးရဲ့ ဘဝရပ်တည်ချက်ကလည်း ထိုသူသာအသိဆုံးမို့ ကိုယ့်ရဲ့လိုဘတစ်ခုအတွက် ငါ့စကားနွားရ နင်ပဲဆဲပြောဆိုနေပါက ဇမ္ဗူဒီပါတောင်ကျွန်း ဩဘာနိမိတ်ထွန်းမို့ ဝစီဗေဒထိတိုင်းရှမှာ စိုးရိမ်မိပါတယ်။

ဒါ့အပြင် တစ်ချိန်က လုပ်ငန်းတာဝန်တွေကို အောင်မြင်ပြီးမြောက်အောင် အေးအတူပူအမျှ ထမ်းဆောင်ခဲ့တဲ့၊ စာပေလေ့လာ အသိကြွယ်ခဲ့တဲ့၊ လွတ်လပ်တက်ကြွတဲ့၊ ကိုယ်ချင်းစာတရား စာနာစိတ်ထားတွေနဲ့ သဘောပြည့်ဝခဲ့တဲ့ မိတ်ဆွေ၊ သူငယ်ချင်းတွေကို ကိုယ့်ရဲ့ယုံကြည်ချက် တစ်ခုကြောင့် ငါနဲ့မတူငါ့ရန်သူအဖြစ်မှတ်ယူပြီး ပြောဆိုနေမယ်ဆိုရင် အာခေါင်လှံ့စူးတဲ့အဖြစ်မျိုး မကြုံစေချင်သလို ဆီးသီးသည်မဗျိုင်းလိုလည်း မဖြစ်စေလိုပါကြောင်း။

**လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ။**
**အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။**
**ဆင်းရဲလိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။** ။

**တစ်ချိန်က လုပ်ငန်းတာဝန်တွေကို အောင်မြင်ပြီးမြောက်အောင် အေးအတူပူအမျှ ထမ်းဆောင်ခဲ့တဲ့၊ စာပေလေ့လာ အသိကြွယ်ခဲ့တဲ့၊ လွတ်လပ်တက်ကြွတဲ့၊ ကိုယ်ချင်းစာတရား စာနာစိတ်ထားတွေနဲ့ သဘောပြည့်ဝခဲ့တဲ့ မိတ်ဆွေ၊ သူငယ်ချင်းတွေကို ကိုယ့်ရဲ့ယုံကြည်ချက်တစ်ခုကြောင့် ငါနဲ့မတူငါ့ရန်သူအဖြစ်မှတ်ယူပြီး ပြောဆိုနေမယ်ဆိုရင် အာခေါင်လှံ့စူးတဲ့အဖြစ်မျိုး မကြုံစေချင်သလို၊ ဆီးသီးသည်မဗျိုင်းလိုလည်း မဖြစ်စေလို။**

## အိမ်ဆောက်ပစ္စည်းနှင့် ဘိလပ်မြေများ ဈေးနှုန်းမြင့်တက်လာ

မြစ်ကြီးနား မတ် ၇

လက်ရှိဖြစ်ပွားနေသည့် ဒေသတွင်းမတည်ငြိမ်မှုများကြောင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် အိမ်ဆောက်ပစ္စည်းနှင့် ဘိလပ်မြေဈေးနှုန်းများ အဆမတန် မြင့်တက်လာခဲ့ကြောင်း မြစ်ကြီးနားမြို့ရှိ အိမ်ဆောက်ပစ္စည်းများ အရောင်းဆိုင်ဈေးကွက်မှ သိရသည်။



"ကုန်ဈေးနှုန်းတွေကတော့ တက်လာတယ်။ အဲဒီအထဲမှာ အိမ်ဆောက်ပစ္စည်းဈေးနှုန်းတွေလည်း တက်လာတယ်။ အခုလို ဈေးတက်လာရတာကတော့ သယ်ယူစရိတ်ကလည်း မြင့်မားတာကြောင့်ဖြစ်ပါတယ်။ အရင်က မြန်မာ့မီးရထား ပြေးဆွဲတုန်းကဆိုရင် ဘိလပ်မြေတစ်အိတ်ကို ငွေကျပ် ၁၂၀၀ နှုန်းနဲ့ သယ်ယူခဲ့ရပြီး အခု ကားနဲ့ သယ်ယူတဲ့အချိန်မှာ တစ်အိတ်ကို ငွေကျပ် ၂၆၀၀ နှုန်းနဲ့ သယ်ယူနေရတာ ဖြစ်ပါတယ်။ သံတွေဆိုရင်လည်း မြန်မာ့မီးရထားနဲ့ တစ်ပိဿာကို ငွေကျပ် ၅၀ နှုန်းနဲ့ သယ်ယူခဲ့ပြီး အခု ကားနဲ့ တစ်ပိဿာကို ငွေကျပ် ၈၀ နှုန်းနဲ့ သယ်ယူနေရပါတယ်။ မြစ်ကြီးနားမြို့ပေါ်မှာ ရထားပြေးဆွဲချိန်တုန်းက ဘိလပ်မြေဈေး ငွေကျပ် ၅၀၀၀ နှုန်းနဲ့ ရောင်းချခဲ့ပြီး အခု ရထားတွေ ရပ်နားထားတဲ့အချိန်မှာ ငွေကျပ် ၈၀၀၀ နှုန်းအထိ မြင့်တက်ရောင်းချနေရပါတယ်"ဟု မြစ်ကြီးနားမြို့ ရွှေမိုးအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးနှင့် သဘော်ဆေးရောင်းဝယ်ရေးဆိုင်မှ တာဝန်ခံ ဒေါ်ဌေးဌေးကြွယ်က ပြောသည်။

မြစ်ကြီးနားမြို့ပေါ်တွင် အိမ်ဆောက်ပစ္စည်း အရောင်းဆိုင် ၅၀ ခန့်ရှိပြီး ဆိုင်တိုင်းတွင် အိမ်ဆောက်ပစ္စည်းများဖြစ်သည့် သွပ်၊ သံ၊ ဘိလပ်မြေစသည်တို့မှာ ကုန်ဈေးနှုန်းများမြင့်တက်လျက်ရှိပြီး အဆောက်အအုံဆောက်လုပ်မှုများလည်း အချို့ရပ်နားထားကြောင်းနှင့် လက်ရှိဖြစ်ပွားနေသည့် ဒေသတွင်းမတည်ငြိမ်မှုဖြစ်စဉ်များ ချုပ်ငြိမ်းရေးအတွက် ဒေသခံပြည်သူများမှ လိုလားလျက်ရှိကြောင်း သိရသည်။

**မိုးဃ်းကျ(မြစ်ကြီးနား)**

# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေး ဆောင်ရွက်






**နေပြည်တော် မတ် ၇**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် မတ် ၇**

ရခိုင်ပြည်နယ်အတွင်းရှိတိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ပြန်လည်နေထိုင်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက်တွင်လည်းကောင်း၊ ရသေ့တောင်မြို့နယ် ရွှေလောင်းတင်ကျေးရွာတစ်ဝိုက်နှင့် ကျေးရွာချင်းဆက်လမ်းများတွင်လည်းကောင်း၊ မြောက်ဦးမြို့နယ် မျှော်တော်မူဘုရားဝင်းအတွင်းနှင့် ဘုရားပတ်ဝန်းကျင်တစ်ဝိုက်တွင်လည်းကောင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများက ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မတ် ၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၁ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၇-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၆-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၇-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၅၄၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ်(၁၁)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း(၂,၅၀၂,၄၅၃)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၀၃၄) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၄) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၆၇၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၆၅၄၃၁၀ | ၂၀၂၇၃၉၁၇ | ၅၃၇၁၂၃ |
| ၂။ | အိန္ဒိယ | ၁၁၂၂၃၁၉၂ | ၁၀၈၇၃၈၇၇ | ၁၅၇၈၃၅ |
| ၃။ | ဘရာဇီး | ၁၀၉၃၉၃၂၀ | ၉၇၀၄၃၅၁ | ၂၆၄၄၄၆ |
| ၄။ | ရုရှား | ၄၃၂၂၇၇၆ | ၃၉၁၁၉၂၄ | ၈၉၀၉၄ |
| ၅။ | ဗြိတိန် | ၄၂၁၃၃၄၃ | ၃၁၉၉၅၆၅ | ၁၂၄၄၁၉ |
| ၆။ | ပြင်သစ် | ၃၈၈၂၄၀၈ | ၂၆၄၉၀၉ | ၈၈၄၄၄ |
| ၇။ | စပိန် | ၃၁၄၉၀၁၂ | ၂၇၄၄၆၆၄ | ၇၁၁၃၈ |
| ၈။ | အီတလီ | ၃၀၄၆၇၆၂ | ၂၄၈၁၃၇၂ | ၉၉၅၇၈ |
| ၉။ | တူရကီ | ၂၇၆၉၂၃၀ | ၂၆၁၆၁၃၉ | ၂၈၉၆၅ |
| ၁၀။ | ဂျာမနီ | ၂၅၀၂၈၇၂ | ၂၃၀၄၃၀၀ | ၇၂၄၇၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၃၇၉၆၆၂ | ၁၁၉၄၆၅၆ | ၃၇၂၆၆ |
| ၂။ | ဖိလစ်ပိုင် | ၅၉၄၄၁၂ | ၅၄၅၈၅၃ | ၁၂၅၁၆ |
| ၃။ | မလေးရှား | ၃၁၃၄၆၀ | ၂၉၁၉၅၈ | ၁၁၆၉ |
| ၄။ | မြန်မာ | ၁၄၂၀၃၄ | ၁၃၁၆၇၂ | ၃၂၀၀ |
| ၅။ | စင်ကာပူ | ၆၀၀၃၃ | ၅၉၈၇၉ | ၂၉ |
| ၆။ | ထိုင်း | ၂၆၃၇၀ | ၂၅၇၄၄ | ၈၅ |
| ၇။ | ဗီယက်နမ် | ၂၅၁၂ | ၁၉၂၀ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၉၈၇ | ၅၁၀ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၉ | ၁၈၂ | ၃ |
| ၁၀။ | လာအို | ၄၇ | ၄၂ | ၀ |

ကြေးမုံ အယ်ဒီတာ့ထံ ပေးစာ

# ပြည်သူပိုင် ပစ္စည်းဥစ္စာများအား မဖျက်ဆီးစေလိုပါ

**အယ်ဒီတာခင်ဗျာ–**

ယခုရက်များအတွင်း ရန်ကုန်မြို့အတွင်း၌ ဆန္ဒပြမှုများ နေရာအနှံ့ဖြစ်ပွားခဲ့သည်ကို တွေ့ရပါသည်။ ပြည်သူများ ဆန္ဒထုတ်ဖော်မှုနှင့်ပတ်သက်၍ ငြိမ်းချမ်းစွာ ဖော်ထုတ်မှုကို လက်ခံပါသည်။ သို့သော် ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှစ၍ လုံခြုံရေးတပ်ဖွဲ့များနှင့် ထိပ်တိုက်ရင်ဆိုင်ဆန္ဒပြမှုများကြောင့် စိတ်မချမ်းမြေ့ဖွယ် အကျိုးဆက်များကို မြင်တွေ့လာရသဖြင့် များစွာ စိတ်မကောင်းဖြစ်မိပါသည်။

သက်ဆိုင်ရာဌာနများက ပြည်သူ့ဝန်ထမ်းများသည် ကျွန်တော်တို့ရပ်ကွက်များတွင် မြို့ရွာသာယာလှပရေး၊ ရပ်ရွာများ နေ့စဉ်သန့်ရှင်းသန့်ပြန့်ရေး၊ ရပ်ကွက်နေပြည်သူများ နေ့စဉ်လိုအပ်ချက်များဖြစ်သည့် ရေ၊ မီး၊ လမ်း၊ သန့်ရှင်းရေး စသည့် ကိစ္စအဝဝတို့ကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်သူ့ဘဏ္ဍာငွေ အမြောက်အမြား အကုန်အကျခံကာ နေ့စဉ်နှင့်အမျှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရပ်ရွာများ မငြိမ်မသက်ဖြစ်နေစဉ်မှာပင် ပြည်သူ့အကျိုးအတွက် စေတနာရှေ့ထား ဆောင်ရွက်ပေးနေကြပါသည်။

ယခုအခါတွင် ဆူပူဆန္ဒပြလှုပ်ရှားသူအချို့က သွားလာမှုလွယ်ကူချောမွေ့ပြီး သန့်ရှင်းသန့်ပြန့်ကောင်းမွန်အောင် ပြုလုပ်ပေးထားသော လမ်းများကို ညစ်နွမ်းအောင်၊ ပျက်စီးအောင် ပြုလုပ်လာကြသည်ကို တွေ့ရပါသည်။ ဆန္ဒပြသူများသည် အများပြည်သူ အသုံးပြုသော အရာများ၊ လမ်းများကို ပျက်စီးရာ ပျက်စီးကြောင်း ပြုလုပ်လာကြသည်ကို တွေ့ရပါသည်။ ဆန္ဒပြကြရာတွင် လုံခြုံရေးတပ်ဖွဲ့များကို ထိပ်တိုက်ရင်ဆိုင်ခုခံရေးပုံစံ ပြုလုပ်နိုင်ရန်အတွက် အများပြည်သူလမ်းများတွင် ရေစီးရေလာကောင်းမွန်အောင် ပြုလုပ်ထားသော မြောင်းဖုံးများကို ဖျက်ဆီး၍ လမ်းများပေါ်တွင် ယာဉ်များ၊ လူများသွားလာရ ခက်ခဲအောင်ပြုလုပ်ခြင်း၊ လမ်းတိုင်းလမ်းတိုင်းတွင် ပြည်သူများ စနစ်တကျအမှိုက်စွန့်ပစ်နိုင်အောင် အမှိုက်ပုံးများကိုရယူ၍ သဲများ၊ ခဲများထည့်ပြီး လမ်းပိတ်ဆို့မှုများ ပြုလုပ်လာကြပါသည်။

သန့်ရှင်းကောင်းမွန်အောင်ပြုလုပ်ပေးထားသော လမ်းများနှင့်အကာအရံများကို ဆေးများခြယ်သုတ်၍ ဆန္ဒပြအမှတ်အသားများ ပြုလုပ်လာကြပါသည်။ မြောင်းဖုံးများကို ဖယ်ရှားလိုက်ကြသဖြင့် ပြည်သူများ အခက်အခဲဖြစ်ပြီး အန္တရာယ်ဖြစ်စေနိုင်ပါသည်။ အမှိုက်ပုံးများကို ဖယ်ရှား၍ အကြမ်းဖက်မှုတွင် အသုံးပြုသဖြင့် ပြည်သူများ အခက်အခဲဖြစ်ကြရပါသည်။ ဤကဲ့သို့ ဖျက်လိုဖျက်ဆီးလုပ်မှုများကို အားမပေးပါ။ သို့သော် ကန့်ကွက်တားဆီးခြင်းလည်း မပြုလုပ်ရဲပါ။ မသင့်တော်၍ ပြောဆိုမိလျှင်ပင် အန္တရာယ်ရှိပါသည်။

သို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ပြည်သူပိုင်ပစ္စည်းများအား မဖျက်ဆီးနိုင်ရေး တားဆီးပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ငြိမ်းချမ်းစွာနေလိုသော လမ်းသူလမ်းသားများ။**

■

# CDM တွင် မပါဝင်သည့် ဝန်ထမ်းတစ်ဦး၏ ရင်ဖွင့်သံ

**အယ်ဒီတာရှင့်–**

ကျွန်မသည် နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ ယခင်ကတည်းက တခြားပုဂ္ဂလိက လုပ်ငန်းများကို လုပ်ဆောင်လိုခြင်းမရှိဘဲ နိုင်ငံတော်အတွက် အုတ်တစ်ချပ် သဲတစ်ပွင့်အနေဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်လိုသည့်အတွက် အလုပ်လျှောက်ခဲ့ခြင်း ဖြစ်ပါသည်။

ယခုအခါ နိုင်ငံရေးသမားအချို့၏ သွေးထိုးလှုံ့ဆော်မှုကြောင့် ဆန္ဒပြမှုများ ဖြစ်ပွားလျက်ရှိရာ ဝန်ထမ်းအချို့လည်း CDM လှုပ်ရှားမှုတွင် ပါဝင်လျက်ရှိပါသည်။ ကျွန်မသည် နိုင်ငံ့ဝန်ထမ်းဖြစ်သည့်အားလျော်စွာ ပါတီ၊ နိုင်ငံရေးကင်းရှင်းရမည်ဟူသော အချက်နှင့်အညီ CDM တွင် ပါဝင်ခြင်းမရှိခဲ့ပါ။ အလားတူပင် ကျွန်မကဲ့သို့ပင် အချို့ဝန်ထမ်းများသည်လည်း မိမိတို့၏ ကိုယ်ပိုင်ခံယူချက်များနှင့် ပါဝင်ခြင်းမရှိခဲ့ပါ။ သို့သော် အလုပ်မှစွန့်ခွာကာ CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသောသူများသည် ဒီမိုကရေစီစနစ်နှင့် ဆန့်ကျင်စွာ CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များကို ဖေ့စ်ဘွတ်စာမျက်နှာမှတစ်မျိုး၊ မက်ဆင်ဂျာမှတစ်ဖုံ CDM တွင်ပါဝင်ရေး စည်းရုံးလှုံ့ဆော်သကဲ့သို့ ဖိအားအမျိုးမျိုးပေးကာ ခြိမ်းခြောက်ပြောဆိုလျက် ရှိပါသည်။

၎င်းအပြင် CDMတွင်မပါဝင်ဘဲ ရုံးတက်နေသူများအား“CDM တံခါးပိတ်ပါတော့မည်” ဟူသော ခေါင်းစဉ်တပ်၍ “အကယ်၍ CDM မပြုလုပ်ပါက ယခုလာမည့်(၈–၃–၂၀၂၁)ရက်မှစ၍ ရုံးတက်ရန်မလိုတော့ပါ” ဟုလည်းကောင်း၊ “CDM မပြုလုပ်သည့် ဝန်ထမ်းများအား ပြည်သူ့အစိုးရက အမိန့်စာထုတ်ပြန်၍ ပြည်သူ့အကျိုးကို လျစ်လျူရှုသူများအဖြစ် ကြေညာတော့မည်ဖြစ်ပါတော့သည်” ဟုလည်းကောင်း အီးမေးလ်များမှတစ်မျိုး၊ ဖေ့စ်ဘွတ်စာမျက်နှာများမှတစ်ဖုံ ဖိအားပေးခြိမ်းခြောက်လျက် ရှိပါသည်။

ယင်းအတွက်ကြောင့် ကျွန်မအပါအဝင် နိုင်ငံတော်အပေါ်သစ္စာရှိစွာ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ရုံးတက်နေကြသော ဝန်ထမ်းများအနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်ရသလို စိတ်ပူပင်မှုများ ခံစားရလျက်ရှိသည်ကို သက်ဆိုင်ရာ တာဝန်ရှိသူများသိစေရန် အယ်ဒီတာမှတစ်ဆင့် ရင်ဖွင့်လိုက်ရပါသည်။

**မပြည်အေး(နိုင်ငံ့ဝန်ထမ်းတစ်ဦး)**

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

**စာတည်းအဖွဲ့**

# ကျန်းမာရေးဝန်ထမ်းများအတွက် အသိပေးပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေ့ရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ထမ်းဆောင်ကြပါရန် (၈–၂–၂၀၂၁)ရက်နေ့မှစ၍ ယနေ့အထိ တိုက်တွန်းနှိုးဆော်ပန်ကြားခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျရာ ဆေးရုံ၊ တက္ကသိုလ်/သင်တန်းကျောင်းများနှင့် ရုံး/ဌာနများသို့ ပြန်လည်ဝင်ရောက်တာဝန်ထမ်းဆောင်ရန် အခက်အခဲရှိပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များနှင့် Email လိပ်စာများသို့ ဆက်သွယ်ဆောင်ရွက်သွားကြပါရန် အသိပေးပန်ကြားအပ်ပါသည် –

| | | |
|---|---|---|
| တယ်လီဖုန်းနံပါတ် | – | ၀၆၇–၃၄၁၁၅၀၈/ ၀၆၇–၃၄၁၁၅၀၉/ ၀၆၇–၃၄၁၁၁၄၄ |
| | | ၀၉–၈၈၂၅၅၇၉၉၁/ ၀၉–၈၈၂၅၅၇၉၉၂/ ၀၉–၈၈၂၅၅၇၉၉၃ |
| Email | – | office@e-mohs.gov.mm |

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ တင်သွင်းရမည့်ရက် တိုးမြှင့်သတ်မှတ်

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာပုံစံများကို (၂၆–၂–၂၀၂၁)ရက် သောကြာနေ့မှ (၃–၃–၂၀၂၁)ရက်ဗုဒ္ဓဟူးနေ့အထိ နေ့စဉ်နံနက်(၉:၀၀)နာရီမှ မွန်းလွဲ(၁၆:၀၀)နာရီအတွင်း(ပိတ်ရက်မရှိ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ၊ အမှတ်(၄)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး (၃–၃–၂၀၂၁) ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ(၁၆:၀၀)နာရီမတိုင်မီ အချိန်အတွင်း အဆိုပြုလွှာပုံစံများကို နောက်ဆုံးထားပြန်လည်တင်သွင်းရန် နေ့စဉ်ထုတ် သတင်းစာများတွင် ဖိတ်ခေါ်ထားပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ လျှောက်ထားလိုသူ ကိုယ်စားလှယ်လောင်းများ ပိုမိုအဆင်ပြေစေရေးအတွက် ယင်းအဆိုပြုလွှာပုံစံများ နောက်ဆုံးထားပြန်လည်တင်သွင်းရမည့်နေ့ရက်ကို (၂၇–၃–၂၀၂၁)ရက်(စနေနေ့)မွန်းလွဲ(၁၆:၀၀)နာရီ မတိုင်မီအချိန်အထိ တင်သွင်းနိုင်ရန် တိုးမြှင့်ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် ၀၁–၈၆၀၄၇၅၁ နှင့် ၀၁–၅၄၄၅၈၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့**
**အမှတ်(၄)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

# ဝန်ထမ်းတစ်ဦး CDM လုပ်တာ မလုပ်တာ သူ့သဘောနဲ့သူ့စိတ် ရွေးချယ်တာပိုကောင်းပါတယ်။ အတင်းအဓမ္မ ဖိအားပေးပြီးဆွဲခေါ်မှ CDM လုပ်ဖို့ ပါလာတာမျိုးက မသင့်တော်ဘူးထင်ပါတယ်။

**ဦးဝင်းဇော်(အမည်လွှဲ)**

CDM (Civil Disobedience Movement) လှုပ်ရှားမှုကြောင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် ပြည်သူများ ကြုံတွေ့နေရသည့်အခက်အခဲများနှင့် CDM လုပ်ဆောင်လိုခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်းများ၏ လက်တွေ့ရင်ဆိုင်ခံစားနေရမှုများကို တွေ့ဆုံမေးမြန်းရေးသားလိုက်ရပါသည်။

**နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သူ ဒေါ်ဝင်း (အမည်လွှဲ)**

ကျွန်မအနေနဲ့ ဒီလိုခက်တောင့်ခက်ခဲနဲ့ ရုံးတွေတက်ရပြီးတော့ ခိုးကြောင်ခိုးဝှက် အလုပ်လုပ်ရလိမ့်မယ်လို့ တစ်သက်နဲ့တစ်ကိုယ် ထင်မထားဘူး။ ဝန်ထမ်းဆိုတာ သမာသမတ်ကျတဲ့အလုပ်လို့ တွေးခဲ့တာ။ သူများပစ္စည်း ခိုးစားတာလည်းမဟုတ်ဘူး၊ မဟုတ်တဲ့နည်းနဲ့ စီးပွားရေးလုပ်တာလည်းမရှိခဲ့ဘူး၊ လစာလေးနည်းနည်းနဲ့ ချင့်ချိန်ပြီးနေခဲ့ သုံးခဲ့တာ လုပ်သက်တောင် အနှစ် ၂၀ ကျော်လာပြီ။ ဝန်ထမ်းဆိုတဲ့ ဂုဏ်လေးနဲ့နေခဲ့တာ။ အဲဒါကိုပဲ အခုအခြေအနေက ရုံးကိုသွားရင်လည်း ခိုးသွားရတယ်။ ရုံးရောက်တော့လည်း ရုံးရှေ့တံခါးကနေဝင်ဖို့ဆို မရဲဘူး။ ထမင်းချိုင့်လည်း မသယ်ဖြစ်တာကြာပြီ။ အိမ်ပြန်ချိန်ရောက်ရင်လည်း အပြင်ကို ဟိုကြည့်ဒီကြည့်နဲ့ ကြည့်ပြီး လူရှင်းတော့မှ ထွက်ရတယ်။

တော်ကြာတစ်ခုခုဖြစ်လို့ ကိုယ်ပါရောပြီး ထိခိုက်မလား၊ အန္တရာယ်ရှိလာမလားဆိုပြီး ကြောက်ရသေးတာ။ ရုံးကနေ ပြန်မယ့်အရေးကိုလည်း ပတ်ချာလှည့်ပြီး ရှောင်နေရတာ။ အရင်ဆိုရုံးမှာ ညမိုးချုပ်ထိနေတာ။ ခုဆို မနေရဲတော့ဘူး။ ကိုယ့်စိတ်ကို မလုံခြုံသလို ခံစားရတယ်။ ရုံးမှာ နေရမှာကို ကြောက်နေတော့တာ။ အပြင်မှာကြားရတဲ့ သတင်းတွေကလည်း စုံလို့ဆိုတော့လေ။ CDM မလုပ်တဲ့ရုံးရှေ့မှာ ထိုင်သပိတ်လုပ်မယ်။ အဲဒီက ဝန်ထမ်းတွေကို ဆွဲခေါ်မယ်။ အဲဒီလိုတွေကြားလေ ကြောက်လေပဲ။ ကြောက်နေလည်းအလုပ်ကိုတော့ ရောက်အောင်သွားပါတယ်။

**နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သူ မအိမ့်ငယ်(အမည်လွှဲ)**

အွန်လိုင်းပေါ်မှာ CDM မလုပ်တဲ့သူတွေကို ဖိအားပေးတာတွေ၊ ဘာလုပ်မယ်၊ ညာလုပ်မယ်ဆိုတဲ့ ခြိမ်းခြောက်သလို စာတွေရေးတင်ကြတာတွေ့ရတော့ တကယ့်ကိုစိတ်ညစ်လှပြီ။ ကျွန်မက CDM လုပ်ဖို့လည်း စိတ်မဝင်စားပါဘူး။ တစ်ခါတလေဆို စိတ်ဖိစီးလို့ အလုပ်ပါထွက်ချင်စိတ်ဖြစ်တယ်။ ကျွန်မတို့မှာက ဒီလစာနဲ့ ရပ်တည်နေရတာ။ ဒါကြောင့် လစာကိုလည်း မျှော်လင့်တယ်။ နိုင်ငံရေးထဲလည်း မပါချင်ဘူး။ နားလည်းမလည်ဘူး။ အခု အပြင်မှာဖြစ်နေတာက CDM မလုပ်ရင် ရန်သူကြီးလိုလိုပြောနေကျတာလေ။ အဲဒီကြားထဲ အလုပ်သွားရင်းလာရင်း အဓိကရုဏ်းနဲ့ကြုံရင် ဘာတွေဖြစ်မလဲစိတ်ပူတာကတစ်မျိုး၊ စိတ်တွေဖိစီးတာတော့ အမှန်ပဲ။ ကျွန်မနဲ့ ရွယ်တူသူငယ်ချင်းတွေ CDM လုပ်တဲ့သူတွေရှိတော့ သူတို့ကြားထဲ နေရထိုင်ရတာ သိပ်အဆင်မပြေဘူး။ သူတို့ကိုလည်း အပြစ်မပြောချင်ပါဘူး။ စိတ်ခံစားချက်အမှန်ကိုပြောရရင် အေးချမ်းတာပဲလိုချင်တယ်။

**စစ်ကိုင်းတိုင်းဒေသကြီးမှ မဇင်မာဝင်း (အမည်လွှဲ)**

ဖေဖော်ဝါရီလအတွက် ဝန်ထမ်းတွေ လစာပေးဖို့ ဘဏ်ကိုငွေသွားထုတ်တဲ့အခါ မန်နေဂျာကပြောတာနော်။ ငွေလွှဲလုပ်တဲ့သူတွေက CDM လုပ်နေကျလို့ ကျွန်တော်တို့ဘယ်လိုမှ ဆက်သွယ်လို့လည်း မရဘူးတဲ့။ ကွန်ပျူတာတွေကို သူတို့က Password တွေနဲ့လုပ်ထားတာဆိုတော့ ကျွန်တော်တို့ကလည်း မသိဘူးတဲ့။ အဲဒါဆို ငွေလွှဲကို ထုတ်လို့မရဘူး၊ ရမှာမဟုတ်ဘူးဆိုပြီး အဲဒီလိုပြောလိုက်တာ။

ရန်ကုန်ရုံးချုပ်ကနေ ငွေတွေက ဖေဖော်ဝါရီ ၂၄ ရက်ကလွှဲတာ။ ဒါကို ၂၅ ရက်ထိမရဘူး။ ဌာနရုံးချုပ်ကိုလည်း ဖြစ်စဉ်ကို လှမ်းပြောထားရသေးတာ။ ၂၆ ရက်ကျတော့ ရချင်ရမလားဆိုပြီးသွားတော့ မရပြန်ဘူး။ ညနေစောင်းတော့ မဖြစ်တော့ဘူးဆိုပြီး ရုံးပြန်ပြီးတော့ မရဘူးဆိုပြီး ရုံးချုပ်ကို အကြောင်းကြားရတယ်။ ရုံးချုပ်ကသူတွေကလည်း အလွန်စိုးရိမ်နေတယ်။ လစာငွေတွေဆိုတော့လေ။ ကိုယ်တွေက ဘဏ်ကနေ ထုတ်လို့မရတော့ အခက်အခဲတွေ ဖြစ်ခဲ့တာပေ့ါ။

နောက်ရက်ရုံးကနေစာထွက်ပြီး ဘဏ်မန်နေဂျာဆီ ပြန်သွားကြည့်လိုက်တာ။ ဒါပေမယ့် ငွေလွှဲကိုင်တဲ့ အစ်မက ပြန်သွားပြီတဲ့ နောက်ရက်မှရမယ်ဆိုတော့ ကိုယ်လည်းဘာမှမတတ်နိုင်ဘူး။ ပြန်လာခဲ့ရတယ်။ ငွေကလည်း ၁၀ သိန်းကျော်။ အခုမတ် ၃ ရက်မှ ရခဲ့တယ်။

အဲဒီဘဏ်မှာဝန်ထမ်းက ရှစ်ယောက်လား၊ကိုးယောက်လားကျန်တာ။ CDM မလုပ်ဘဲကျန်တဲ့ ဝန်ထမ်းတွေကို တကယ်ကျေးဇူးတင်တယ်။ သူတို့ကြောင့်သာမဟုတ်ရင် ဒီလဝန်ထမ်းလစာထုတ်လို့မရလို့ ပေးနိုင်ပါ့မလားတဲ့။ သူတို့ခဗျာလည်း ပင်ပန်းကြတယ်။ တော်လည်းတော်ကြတယ်။ အားလုံးထောင့်စေ့အောင်လုပ်နိုင်တယ်။ ချီးကျူးမိပါတယ်။

**နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သူ အကြီးတန်းစာရေး ဒေါ်မေရီချို (အမည်လွှဲ)**

ရုံးကအရာရှိတစ်ယောက် ကိုဗစ်ဖြစ်လို့ တစ်ရုံးလုံးစိတ်ပူနေရတဲ့ကြားထဲ ရုံးရှေ့လာပြီး ရုံးတက်နေကြတာလား၊ ရုံးမတက်နဲ့ ရှန်းထွက်ဆိုပြီး အော်နေတဲ့အသံတွေဆို တကယ်အနှောင့်အယှက်ဖြစ်ရတယ်။ သူများတွေ ဘာတွေဖြစ်နေလဲမတွေးကြဘူး။ သူတို့ဖြစ်ချင်တာပဲ ဗွတ်အော်၊ ဗွတ်လုပ်၊ ခေါက်ပုံတွေရိုက်နဲ့ တကယ့်ကိုစိတ်အနှောင့်အယှက်မျိုးစုံနဲ့ ရုံးတက်နေရတဲ့အခြေအနေတွေ။ ခုလည်းကြားရပြန်ပြီ။ မတ် ၈ ရက်ကနေစပြီး ၁၀ ရက် ရုံးတွေပိတ်ရမယ်။ ဈေးတွေပိတ်ရမယ်ဆိုပြီး ဘယ်သူကပြောတာ ဘာညာဆိုပြီး တွေ့နေရတယ်။ ဘာတွေဖြစ်ပြီး ဘယ်လိုတွေ ဖြတ်သန်းရဦးမယ်ကို မသိတော့ဘူး။ ကိုယ်တွေမှာ ကိုယ့်အလုပ်လေးကိုယ် တည်တည်ငြိမ်ငြိမ်လေး လုပ်ချင်ကြတာလေ။ တချို့လူတွေ စွပ်စွဲသလိုမျိုးတွေလည်း မတွေးတောင်မတွေးမိပါဘူး။ ခုဟာက CDM မှမလုပ်ရင် အပြစ်ရှိတဲ့သူတွေလို ပြောဆိုဆက်ဆံခံရတာ။ ပိုဆိုးတာက တချို့များဆို CDM မလုပ်သူတွေကို လိုရာစွပ်စွဲပြီး လူမှုကွန်ရက်စာမျက်နှာတွေမှာရေးတင်ပြီး ခေါက်ပုံနဲ့တကွ အရှက်ခွဲခံနေရတာတွေ တွေ့နေရတော့ ကိုယ့်ကိုယ်ကိုယ် မလုံခြုံမှုတွေ နေ့တိုင်းနီးပါး စိတ်ထဲခံစားနေရတာ အဆိုးဆုံးပဲ။ အေးအေးချမ်းချမ်း နေချင်လှပါပြီ။ အေးအေးဆေးဆေးတည်တည်ငြိမ်ငြိမ် အလုပ်လုပ်ချင်လို့ လစာကောင်းတဲ့ အပြင်ကအလုပ်တွေတောင် မလုပ်ဘဲ နိုင်ငံ့ဝန်ထမ်းလုပ်ခဲ့တာပါ။

**ပြည်သူတစ်ဦးဖြစ်သူ ဦးဝင်းဇော် (အမည်လွှဲ)**

အများပြည်သူနဲ့သက်ဆိုင်တဲ့ ပြည်သူကို ဝန်ဆောင်မှုပေးနေရတဲ့ ဌာနတွေကို CDM လုပ်ဖို့ အတင်းအကျပ်ဖိအား မပေးသင့်ဘူးလို့ ကျွန်တော်ထင်တယ်။ ဥပမာ စည်ပင်ဌာနတို့လိုမျိုးပေ့ါ။ နေ့တိုင်းထွက်သမျှ အမှိုက်တွေရှင်းဖို့၊ ပြည်သူတွေ ရေအခက်အခဲမဖြစ်ဖို့၊ နောက်ဆုံးကုန်ကုန်ပြောမယ် အလောင်းမီးသင်္ဂြိုဟ်တာ အဆုံးပေ့ါ။ နောက်တစ်ခု ကျန်းမာရေးဌာန၊ နောက်ထပ်ဌာနတွေလည်း အများကြီးရှိပါတယ်။ အဲဒီလို ဝန်ထမ်းတွေသာ CDM လုပ်ကြရင် အဓိကပြည်သူတွေအတွက် အခက်အခဲတွေအများကြီး ကြုံလာနိုင်ပါတယ်။ တကယ်တမ်းပြောရရင် ဝန်ထမ်းတစ်ဦး CDM လုပ်တာ မလုပ်တာ သူ့သဘောနဲ့သူ့စိတ် ရွေးချယ်တာပိုကောင်းပါတယ်။ အတင်းအဓမ္မ ဖိအားပေးဆွဲခေါ်မှ CDM လုပ်ဖို့ ပါလာတာမျိုးက မသင့်တော်ဘူးထင်ပါတယ်။

**တွေ့ဆုံမေးမြန်း (မုန်းမူရာမိုး)**

# ကမ္ဘမြို့ နတ်အင်းချောင်းထွက် အာလူးများ ပခုက္ကူဈေးကွက်သို့ တစ်ရက်အာလူးပိဿာချိန် ခုနစ်သောင်းခန့်ဝင်ရောက်လာ

**ပခုက္ကူ မတ် ၇**

မကွေးတိုင်းဒေသကြီး ကမ္ဘမြို့ နတ်အင်းချောင်းထွက် အာလူးများလှိုင်လှိုင်ထွက်ရှိနေရာ ပခုက္ကူဈေးကွက်နှင့် ပွဲရုံများသို့ တစ်ရက်လျှင် အာလူးပိဿာချိန် ခုနစ်သောင်းခန့် စတင်ဝင်ရောက်လာနေပြီဖြစ်ကြောင်း မြနီလာပွဲရုံ ပိုင်ရှင် ဦးတင်ကိုထံမှ သိရသည်။

ပခုက္ကူခရိုင် ကမ္ဘမြို့ ညောင်ကျစ်ပင်၊ ပုတီးတွင်း၊ မင်းနန်တောကျေးရွာများသည် အာလူးစိုက်ပျိုးခြင်းကို



နတ်အင်းချောင်းတစ်လျှောက် အမြောက်အမြား စိုက်ပျိုးကြရာတွင် အာလူးများစတင်ပေါ်နေပြီဖြစ်ကာ အားလူးများအောင်မြင်ပြီး ဥဥနှုန်းလည်းကောင်းကာ ဥကြီးနှုန်းလည်းကောင်းမွန်ခြင်းကြောင့် အာလူးစိုက်တောင်သူများ အဆင်ပြေနေကြကြောင်း ညောင်ကျစ်ပင်ကျေးရွာ အာလူးစိုက်တောင်သူ ဦးခင်စိုးက ပြောပြသည်။ အာလူးစိုက်ပျိုးခြင်းကို သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလတို့တွင် စိုက်ပျိုးကြကာ အာလူးအသေးဥများကို အာလူးမျက်ကွင်းခြမ်းဘက် သုံးပိုင်း သို့မဟုတ် လေးပိုင်းလှီးဖြတ်ကာ ရေမြောင်းစနစ်ဖြင့် အတန်းလိုက်ရေသွင်း စိုက်ပျိုးကြကြောင်း သိရသည်။ အာလူးပေါ်ချိန်ဖြစ်သည့် တပို့တွဲလတွင် အာလူးဥများတူးဖော်ရပြီး အနယ်နယ်အရပ်ရပ်မြို့များမှ အာလူးပွဲစားများ လာရောက်ဝယ်ယူကြခြင်းနှင့် အာလူးစိုက်ပျိုးတောင်သူများကိုယ်တိုင် ပခုက္ကူ အာလူးပွဲရုံများသို့ လာရောက်ရောင်းချကြကြောင်း သိရသည်။ အာလူးဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၉၀၀ ဖြင့် ရောင်းချရခြင်းကြောင့် အာလူးစိုက်တောင်သူများ မျှော်လင့်နေသည့် ဈေးနှုန်းရရှိခြင်း၊ အာလူးအထွက်နှုန်း ကောင်းမွန်ခြင်းများကြောင့် အာလူးစိုက်တောင်သူများ တွက်ခြေကိုက်သည့် နှစ်တစ်နှစ်ဖြစ်ကြောင်းလည်း မင်းနန်တောကျေးရွာ အာလူးစိုက်တောင်သူ ဦးတင်စိုးဝင်းက ပြောပြသည်။

**ဝတီ**

# မွန်ပြည်နယ်သမဝါယမအသင်းမှ ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချ

**နေပြည်တော် မတ် ၇**

မွန်ပြည်နယ်သမဝါယမဦးစီးဌာန မြို့နယ်သမဝါယမအသင်းစုများနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ဈေးနှုန်းသက်သာသော ငါးများကို အသင်းသားပြည်သူများ အဆင်ပြေစွာ စားသုံးနိုင်ရန်အတွက် မွန်ပြည်နယ် ၁၀ မြို့နယ်ရှိ သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်၍ ငါးပြား၊ ငါးရွှေ၊ ငါးပုတ်သင်၊ ငါးပြက်၊ ငါးကြင်း၊ ရွှေငါးကြီး၊ ငါးဖယ်၊ ငါးရံ့၊ ငါးရောင်၊ ငါးပုဏ္ဏား၊ ငါးခူ၊ ကဘီလူးနှင့် ငါးသလောက်စသည့်ငါးမျိုးစုံ ပိဿာချိန် ၁၁၀၀၀ ကျော်ကို ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီလကုန်အထိ ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

ဆက်လက်၍ အသင်းသားပြည်သူများ အဆင်ပြေစွာ စားသုံးနိုင်ရေးအတွက် ဖြန့်ဖြူးရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

○



**❖နိုင်ငံတော်မှ**

နိုင်ငံတော်အတွင်း အေးချမ်းသာယာစွာနေထိုင်လို၍ မတည်မငြိမ်ဖြစ်ရပ်များကို မလိုလားသည့် ပြည်သူလူထုအများစုသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားရှိသည့် မိမိတို့၏ နစ်နာမှုများကို တိုင်ကြားနိုင်သည့် တယ်လီဖုန်းများသို့ ဆက်သွယ်ကာ အများပြည်သူလူထုနှင့်သက်ဆိုင်သည့် တက္ကသိုလ်၊ ကောလိပ်များ၊ ဆေးရုံများအား ထိန်းသိမ်းပေးနိုင်ရေး အများပြည်သူ၏မျက်နှာကို ထောက်ရှု၍ ထိထိရောက်ရောက်ပြတ်ပြတ်သားသား ဆောင်ရွက်ပေးနိုင်ပါရန် တောင်းဆိုလာကြကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု၏ တောင်းဆိုမှုနှင့် အကျိုးစီးပွားအတွက် နေရာဒေသအများအပြားရှိ တက္ကသိုလ်၊ ကောလိပ်၊ ဆေးရုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ခြင်း၊ မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း အကြောင်းမဲ့စွာ လမ်းကြောင်းပိတ်ဆို့ထားရှိမှုများကို ဖယ်ရှားစဉ် ဖြစ်ပေါ်လာသော အခြေအနေအပေါ်မူတည်၍ အဓိကရုဏ်းနှိမ်နင်းရေးသုံးလက်နက်များ၊ မျက်ရည်ယိုဗုံးများကို လိုအပ်သလို အသုံးပြု ဆောင်ရွက်ပြီး လူစုခွဲခြင်း၊ ဦးစီးဦးဆောင်ပြုလုပ်သူများအား ဖမ်းဆီးထိန်းသိမ်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ မတ် ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတွင် စမ်းချောင်း၊ အလုံ၊ မရမ်းကုန်း၊ ကျောက်တံတား၊ အင်းစိန်၊ သာကေတ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ တိုက်ကြီးနှင့် သန်လျင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ပုသိမ်ကြီး၊ မြင်းခြံ၊ ရမည်းသင်းနှင့် ညောင်ဦးမြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် မကွေးနှင့် ရေနံချောင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် မြိတ်နှင့် ပုလောမြို့နယ်၊ ကယားပြည်နယ်တွင် လွိုင်ကော်မြို့နယ်၊ မွန်ပြည်နယ်တွင် ရေးမြို့နယ်၊ ရှမ်းပြည်နယ်တွင် တောင်ကြီးနှင့် လားရှိုးမြို့နယ်တို့တွင် လူစုခွဲခြင်းများ ဆောင်ရွက်ရပြီး အမျိုးသား ၃၉ ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၄၁ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။


နိုင်ငံတော်အတွင်း ယခင်အစိုးရကာလတွင် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် နိုင်ငံတော်၏လုံခြုံရေးကို ချည့်နဲ့အားနည်းစေရန်အတွက် လူ့အခွင့်အရေးအကြောင်းပြမှုဖြင့် မဖြစ်မနေလိုအပ်သော လုံခြုံရေးဆိုင်ရာဥပဒေအချို့ကို ပယ်ဖျက်ခဲ့သဖြင့် ယနေ့ကာလတွင် လိုအပ်လျက်ရှိသော ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၃/၂၀၂၁) ဖြင့် ပြင်ဆင်ဖြည့်စွက်ခြင်းများကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်ဆန့်ကျင်ရေးကို ဆောင်ရွက်ခဲ့သည့်အတွက် အမှုဖွင့်အရေးယူခံထားရပြီး ရှောင်တိမ်းပုန်းအောင်းနေသူများကို လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးအတွက် ရှာဖွေထိန်းသိမ်းရန် လိုအပ်လျက်ရှိသူများကိုလည်းကောင်း၊ ရပ်ကွက်၊ ကျေးရွာများအတွင်း ရှောင်တိမ်းနေမှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထပ်မံပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ဧည့်စာရင်းစစ်ဆေးဆောင်ရွက်ခြင်းများအား ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**









# Apple ရဲ့ ဖခင်ကြီး စတီးဗ်ဂျော့

*"ထူးခြားတဲ့ အောင်မြင်မှုတွေကို ရဖို့ အဓိကလိုအပ်ချက်ကတော့ မိမိလုပ်နေတဲ့ အလုပ်ကို ချစ်မြတ်နိုးစွာ လုပ်ဖို့ပါ"*

ကျော်ကျော်လှိုင်

Apple ရဲ့ ဖခင်ကြီးဖြစ်တဲ့ စတီးဗ်ဂျော့ကတော့ ယနေ့ လူကြီးလူငယ်တွေ အသည်းစွဲကြိုက်ကြတဲ့ Apple အိုင်ဖုန်းနှင့် အိုင်ပက် (i-Pad) တွေကို တီထွင်ထုတ်လုပ်ခဲ့သူ ဖြစ်ပါတယ်။ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ဆိုရင် Apple အိုင်ဖုန်းသုံးစွဲသူ သန်း ၇၀၀ ကျော်လောက် ရှိပါတယ်။ စမတ်ဖုန်းလို့ခေါ်တဲ့ ကွန်ပျူတာနီးပါးသုံးလို့ရတဲ့ ဖုန်းဈေးကွက်မှာလည်း Apple အိုင်ဖုန်းရဲ့ ဈေးကွက်က တစ်နေ့တခြားတိုးပြီး နေရာယူနေပါတယ်။


Apple ဖုန်းတွေကို ဘာကြောင့် လူကြိုက်များတာလဲဆိုရင် Apple ဆိုတဲ့အတိုင်း သုံးရတာ ပန်းသီးတစ်လုံး ကိုက်စားရသလောက် လွယ်ကူပါတယ်။ ဒီဇိုင်းကလည်း ဆန်းပြားပါတယ်။ တခြားဖုန်းတွေ မလုပ်နိုင်တာတွေကို လုပ်နိုင်အောင် တီထွင်ထားပါတယ်။ ထူးခြားချက်တွေကို နမူနာပေးရမယ်ဆိုရင် အိုင်ဖုန်းစပေါ်တဲ့အချိန်မှာ တယ်လီဖုန်းပေါ်မှာ ခလုတ်အနည်းဆုံးပါတဲ့ဖုန်း ဖြစ်လာပါတယ်။ တယ်လီဖုန်းမျက်နှာပြင်ကို လက်နဲ့ထိပြီး လိုတာတွေခိုင်းလို့ရပါတယ်။ လက်ညှိုးလေးတစ်ချောင်းနဲ့ တယ်လီဖုန်းမျက်နှာပြင်ပေါ်မှာ လိုတာခိုင်းလို့ရတာကို လူတိုင်းအသည်းငြိသွားပါတယ်။ လက်ကိုင်ဖုန်းတော်တော်များများက ဓာတ်ပုံရိုက်လို့ ရပါတယ်။ ကျန်တဲ့ဖုန်းတွေပေါ်မှာ ရိုက်ထားတဲ့ ဓာတ်ပုံတွေကြည့်တဲ့အခါ တစ်ပုံကနေတစ်ပုံကို ပြောင်းကြည့်ဖို့ ခလုတ်နှိပ်ရပေမယ့် အိုင်ဖုန်းပေါ်မှာ လက်ညှိုးလေးနဲ့ စာရွက်လှန်သလို ပြောင်းသွားလို့ ရပါတယ်။ အဲဒီအချိန်က တခြားဖုန်းတွေ မလုပ်နိုင်တာကို လုပ်နိုင်ခဲ့ပါတယ်။

အိုင်ဖုန်း 7 နှင့် 7 Plus ကို စက်တင်ဘာလ ၂၀၁၆ ခုနှစ်က စတင်ဖြန့်ချိခဲ့ပါတယ်။ အိုင်ဖုန်း 7 နှင့် 7 Plus ကို အလူမီနီယမ်ကိုယ်ထည်နဲ့ပြုလုပ်ထားလို့ ပေါ့ပါးခိုင်ခံ့ပါတယ်။ အိုင်ဖုန်း 7 နှင့် 7 Plus က ရေအနက် ၃ ပေထိအောင် ရေစိမ်ခံပါတယ်။ အိုင်ဖုန်း 7 ရဲ့ မျက်နှာပြင်က ၄.၇ လက်မရှိပြီး ကြည်လင်ပြတ်သားမှုက ၁၃၃၄ x ၇၅၀ ပစ်ဆယ် ရှိပါတယ်။ အိုင်ဖုန်း 7 Plus ရဲ့ မျက်နှာပြင်က ၅.၅ လက်မရှိပြီး ကြည်လင်ပြတ်သားမှုက ၁၉၂၀ x ၁၀၈၀ ပစ်ဆယ် ရှိပါတယ်။ အရင်အိုင်ဖုန်းတွေထက် ပုံထွက်ကောင်းပြီး ၂၅ ရာခိုင်နှုန်း ပိုလင်းပါတယ်။

စတီးဗ်ဂျော့က လူသားတွေ လွယ်ကူအဆင်ပြေဖို့၊ လူသားတွေကို အကျိုးပြုဖို့ အများကြီး လုပ်ခဲ့ပါတယ်။ တီထွင်ခဲ့ပါတယ်။ ဒါကြောင့်လည်း စတီးဗ်ဂျော့ကို ၂၁ ရာစုတစ်လွှား လူသားအကျိုးပြုသူများစာရင်းမှာ ရွေးချယ်ခဲ့တာပါ။

စတီးဗ်ဂျော့ကို ၁၉၅၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်မှာ အမေရိကန်ပြည်ထောင်စု၊ ဆန်ဖရန် စစ်စကို (San Francisco)မှာ မွေးဖွားခဲ့ပါတယ်။ စတီးဗ်ဂျော့ရဲ့ မိဘအရင်းတွေက အပ်ဒူဖာတာနဲ့ ဂျိုးတို့ ဖြစ်ပါတယ်။ နှစ်ယောက်စလုံးက စတီးဗ်ကို မွေးတဲ့အချိန်မှာ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေ ဖြစ်ပါတယ်။ မွေးမွေးချင်းပဲ ပေါဂျော့ (Paul Jobs) နဲ့ ကလယ်ရာဂျော့ (Clara Jobs) တို့က စတီးဗ်ကို မွေးစားခဲ့ပါတယ်။ စတီးဗ်နာမည်ကြီးလာတဲ့အချိန် အင်တာဗျူးတွေမှာ စတီးဗ်က "ပေါ" နဲ့ "ကလယ်ရာဂျော့"တို့ဟာ သူ့ရဲ့မိဘတွေ ၁၀၀ ရာခိုင်နှုန်း ဖြစ်ကြောင်း လေးလေးနက်နက် ပြောဆိုခဲ့ပါတယ်။ ဒါကိုကြည့်ရင် စတီးဗ်ဂျော့ဟာ မွေးစားမိဘတွေ ဖြစ်တဲ့ "ပေါ" နှင့် "ကလယ်ရာဂျော့" တို့ရဲ့ ကျေးဇူးကို အထူးသိတတ်သူဖြစ်ကြောင်း ထင်ရှားပါတယ်။

စတီးဗ် နှစ်နှစ်သားမှာ စတီးဗ်မိဘတွေက "ဆန်ဖရန်စစ်စကို"ကနေ မောင်းတိန်းဗျူး (Mountain View) ကယ်လီဖိုးနီးယားကို ပြောင်းရွှေ့ခဲ့ပါတယ်။ "ပေါ"က လေဆာကိရိယာတွေထုတ်တဲ့ ကုမ္ပဏီမှာ စက်ပစ္စည်းတွေ တပ်ဆင်သူပါ။ ငယ်စဉ်ကတည်းက စတီးဗ်ဂျော့ကို စက်ပစ္စည်းတွေကို ပြင်တတ်အောင် အီလက်ထရွန်နစ်ပညာတွေအကြောင်း သင်ပေးခဲ့ပါတယ်။ ကလယ်ရာကတော့ စာရင်းကိုင်တစ်ယောက်ဖြစ်ပြီး စတီးဗ်ဂျော့ ကျောင်းမတက်ခင်ကတည်းက စာဖတ်တတ်အောင် သင်ပေးခဲ့ပါတယ်။



Apple ရဲ့ ဖခင်ကြီး စတီးဗ်ဂျော့

> **၁၉၈၀ ပြည့်နှစ်မှာ ဇယ်ရော့စ် (Xerox) ကုမ္ပဏီက တီထွင်ခဲ့တဲ့ မောက်စ် (Mouse)ကို အသုံးပြုပြီး ကွန်ပျူတာနဲ့ အသုံးပြုသူ ချိတ်ဆက်တဲ့ နည်းပညာဟာ တစ်ချိန်မှာ လူကြိုက်များလာနိုင်မယ့် အလားအလာကို စတီးဗ်ဂျော့က သတိပြုမိခဲ့ပါတယ်။ စတီးဗ်ဂျော့ရဲ့ လမ်းညွှန်မှုနဲ့ Apple ကို ပထမဦးဆုံး နာမည်ကြီးစေခဲ့တဲ့ မက်ကင်းတော့ရှ် (Macintosh) ကွန်ပျူတာကို ထုတ်နိုင်ခဲ့ပါတယ်။ ၁၉၈၄ ခုနှစ် ဇန်နဝါရီလမှာတော့ မက်ကင်းတော့ရှ် ကွန်ပျူတာကို စတီးဗ်ဂျော့က ကမ္ဘာနဲ့မိတ်ဆက်ပေးခဲ့ပါတယ်။ မက်ကင်းတော့ရှ် ကွန်ပျူတာဟာ လူသားတွေကို များစွာအကျိုးပြုခဲ့။**

ဟုမ်းစတဒ် (Homestead) အထက်တန်းကျောင်းမှာ တက်နေကတည်းက အိတ်ချ်ပီ (HP, Hewlett Packard) ကုမ္ပဏီရဲ့ သင်တန်းတွေကို ကျောင်းချိန်ပြင်ပမှာ စတီးဗ်က အမြဲတက်ခဲ့ပါတယ်။ နွေကျောင်းပိတ်ရက်မှာလည်း အိတ်ချ်ပီကုမ္ပဏီမှာ နွေရာသီအလုပ်သင်အနေနဲ့ အလုပ်ဝင်လုပ်ပါတယ်။ ၁၉၇၂ ခုနှစ် အထက်တန်းကျောင်းအောင်ပြီးတဲ့အခါ "ပေါတ့်လန်" (Portland) မှာရှိတဲ့ "ရိဒ်ကောလိပ်" (ReedCollege)ကို တက်ခဲ့ပါတယ်။ "ရိဒ်ကောလိပ်"က ကျောင်းလခ မြင့်မားပြီး ငွေကြေးချမ်းသာတဲ့မိဘရဲ့ သားသမီးတွေ တက်တာများပါတယ်။ စတီးဗ်ကို တက္ကသိုလ်ပို့ဖို့ စတီးဗ်ရဲ့ မွေးစားမိဘတွေက သူတို့ဘဝတစ်လျှောက်လုံး ငွေစုခဲ့ရတာကို စတီးဗ်ကသိပါတယ်။ တက္ကသိုလ်တက်ပြီး သုံးလလောက်ကြာတဲ့အခါ မိဘတွေရဲ့ငွေကို မသုံးချင်လို့ ကျောင်းက ထွက်ခဲ့ပါတယ်။ ကျောင်းက ထွက်လိုက်လို့ အဆောင်မရတဲ့အခါ သူငယ်ချင်းတွေရဲ့ အဆောင်မှာ ခိုကပ်နေပြီး ကြမ်းပြင်ပေါ်မှာ အိပ်ခဲ့ပါတယ်။ စားရေးသောက်ရေး အခက်အခဲဖြစ်တဲ့အခါ ကိုကာကိုလာ ပုလင်းခွံတွေ ပြန်သွင်းပြီး ငွေရှာခဲ့ပါတယ်။ တစ်ခါတစ်ရံ ခရစ်ရှာနားဟိန္ဒူဘုရားကျောင်းက စေတနာဒါနကျွေးတဲ့ ထမင်းကို စားခဲ့ပါတယ်။

ကျောင်းကထွက်လိုက်ပေမယ့် ကယ်လီဂရပ်ဖီ (Calligraphy) လို့ခေါ်တဲ့ လက်ရေးလှသင်တန်းကို ဆက်တက်နေခဲ့ပါတယ်။ ဒီလက်ရေးလှသင်တန်းက အခမဲ့တက်လို့ရပြီး စာမေးပွဲဖြေဖို့ မလိုတဲ့ သင်တန်းပါ။ အမေရိကန်နိုင်ငံက တက္ကသိုလ်တွေမှာ ဘွဲ့ရဖို့အတွက် မယူမနေရ ယူရတဲ့ သင်တန်းတွေရှိသလို စာမေးပွဲဖြေစရာမလိုဘဲ ကိုယ့်စိတ်ကြိုက်ရွေးချယ်ပြီး တက်လို့ရတဲ့ သင်တန်းတွေလည်းရှိပါတယ်။ ဒီလိုသင်တန်းတွေကို "အော်ဒစ်တင်း" အတန်း (Auditing Classes) တွေလို့ ခေါ်ပါတယ်။

Apple ကွန်ပျူတာတွေ နာမည်ကြီးလာတဲ့အခါ စတီးဗ်ဂျော့က သူ့လက်ရေးလှသင်တန်းကို တက်ခဲ့တဲ့ အကျိုးကျေးဇူးကတော့ Apple ကွန်ပျူတာရဲ့ စာလုံးတွေ၊ ဖောင့်တွေက လှပပြီး ညီညီညာညာနဲ့ ကြည့်လို့ကောင်းတာ ဖြစ်လာပါတယ်လို့ ပြောခဲ့ပါတယ်။

၁၉၇၄ ခုနှစ်မှာတော့ အတာရီ(Atari) ကုမ္ပဏီမှာ စက်မှုကျွမ်းကျင်သူအဖြစ် အလုပ်ဝင်ခဲ့ပါတယ်။ အလုပ်ဝင်ပြီး မကြာခင် ၁၉၇၄ ခုနှစ်မှာ သူငယ်ချင်း ဒန်နီရယ်ကော့ကီ (Daniel Kottke) နဲ့အတူ နီမ်ကရိုလိဘာဘာ (Neem Karoli Baba) ဆိုတဲ့ သူတော်စင်ကြီးကို တွေ့ဖို့ အိန္ဒိယနိုင်ငံကို သွားခဲ့ပါတယ်။ ကံဆိုးချင်တော့ ဒီသူတော်စင်ကြီးက ၁၉၇၃ ခုနှစ် စက်တင်ဘာလကတည်းက ကွယ်လွန်သွားခဲ့ပါပြီ။ စတီးဗ်ဂျော့ဟာ တရားထူးတရားမြတ်ကို လိုချင်တဲ့အတွက် ဟိုက်ဒါခန်းဘာဘာကြီး (Haidakhan Babaji) ဆီကို သွားပြန်ပါတယ်။ ခုနစ်လနေပြီးတဲ့အခါ အမေရိကားကို ပြန်လာပါတယ်။ ပြန်လာတဲ့အခါ ကတုံးရိတ်ပြီး အိန္ဒိယအဝတ်အစားတွေ ဝတ်ဆင်နေထိုင်ပါတယ်။ ပြန်လာပြီးတဲ့အခါ ဇင် ဗုဒ္ဓဘာသာကိုလည်း လေ့လာလိုက်စားခဲ့ပါတယ်။ တရားထိုင်တာတွေ၊ ဇင်ဗုဒ္ဓဘာသာ လေ့ကျင့်တာတွေက ထူးခြားထက်မြက်တဲ့ တီထွင်မှု အကြံဉာဏ်တွေ စတီးဗ်ဂျော့ကို ရစေတယ်လို့ လေ့လာသူတွေက ပြောကြပါတယ်။

စတီးဗ်ဂျော့အကြောင်းပြောရင် "စတီးဗ်ဝေါ့ဇ်နီယက်" (Steve Wozniak) အကြောင်းလည်း ပြောဖို့လိုပါလိမ့်မယ်။ စတီးဗ် အသက် ၁၆ နှစ်မှာ သူငယ်ချင်း ဘီလ်ဖာနန်ဒါစ် (Bill Fernandez) က မိတ်ဆက်ပေးလို့ စတီးဗ်ဝေါ့ဇ်နီယက်နဲ့ ခင်ခဲ့ပါတယ်။ စတီးဗ်ဝေါ့ဇ်နီယက်က အဲဒီအချိန်မှာ ၂၁ နှစ် ရှိပါပြီ။ စတီးဗ်ဝေါ့ဇ်နီယက်က အီလက်ထရွန်နစ်ပညာ အလွန်တော်သူပါ။ အိန္ဒိယ ပြန်လာပြီးနောက် စတီးဗ်ဂျော့က အတာရီ (Atari)မှာ အလုပ်ပြန်လုပ်ပါတယ်။

၁၉၇၆ ခုနှစ်မှာတော့ Apple 1 ကွန်ပျူတာကို စတီးဗ်ဝေါ့ဇ်နီယက်က တီထွင်ခဲ့ပါတယ်။ စတီးဗ်ဂျော့၊ စတီးဗ်ဝေါ့ဇ်နီယက်နဲ့ ရော်နယ်ဝိန်း (Ronald Wayne) တို့ သုံးယောက် စတီးဗ်ဂျော့ မိဘတွေရဲ့ ကားဂိုဒေါင်ထဲမှာ Apple ကုမ္ပဏီကို ထောင်ခဲ့ကြပါတယ်။

၁၉၈၃ ခုနှစ်မှာတော့ ပက်စီကိုလာရဲ့ စီအီးအိုဖြစ်သူ ဂျွန်စကာလီ (John Sculley) ကို Apple မှာ စီအီးအိုလုပ်ဖို့ စတီးဗ်ဂျော့က ဖိတ်ခေါ်ခဲ့ပါတယ်။ ပက်စီကိုလာဆိုတာ အချိုရည်ထုတ်တဲ့ ကုမ္ပဏီပါ။ "အချိုရည်ထုတ်တဲ့ ကုမ္ပဏီဥက္ကဋ္ဌက ကွန်ပျူတာအကြောင်း နားလည်နိုင်ပါ့မလား" လို့ မေးစရာရှိပါတယ်။ ဒီလို ကမ္ဘာ့ထိပ်တန်းကုမ္ပဏီတွေကို ဦးဆောင်နေတဲ့ စီအီးအိုတွေက ဘယ်ကုမ္ပဏီကိုမဆို အောင်မြင်အောင် ဦးဆောင်နိုင်တဲ့ စွမ်းရည်တွေ ရှိပါတယ်။ သူတို့မှာ ထူးခြားတဲ့ ခေါင်းဆောင်မှု အရည်အသွေးတွေရှိပြီး အုပ်ချုပ်မှုစနစ်နဲ့ ပတ်သက်တဲ့အတွေ့အကြုံတွေလည်း များစွာရှိပါတယ်။

စတီးဗ်ဂျော့က **"ခင်ဗျား တစ်သက်လုံး အရောင်ဆိုးထားတဲ့ သကြားရည်ကို ရောင်းတော့မှာလား။ ကျွန်တော်နဲ့ လာပေါင်းပြီး ကမ္ဘာကြီးကို ပြောင်းလဲပစ်ရအောင်"**လို့ ပြောလိုက်တဲ့စကားကို ကြိုက်ပြီး ဂျွန်စကာလီက Apple မှာ စီအီးအိုလာလုပ်ပါတယ်။

၁၉၈၀ ပြည့်နှစ်မှာ ဇယ်ရော့စ် (Xerox) ကုမ္ပဏီက တီထွင်ခဲ့တဲ့ မောက်စ် (Mouse)ကို အသုံးပြုပြီး ကွန်ပျူတာနဲ့ အသုံးပြုသူ ချိတ်ဆက်တဲ့ နည်းပညာဟာ တစ်ချိန်မှာ လူကြိုက်များလာနိုင်မယ့် အလားအလာကို စတီးဗ်ဂျော့က သတိပြုမိခဲ့ပါတယ်။ စတီးဗ်ဂျော့ရဲ့ လမ်းညွှန်မှုနဲ့ Apple ကို ပထမဦးဆုံး နာမည်ကြီးစေခဲ့တဲ့ မက်ကင်းတော့ရှ် (Macintosh) ကွန်ပျူတာကို ထုတ်နိုင်ခဲ့ပါတယ်။ ၁၉၈၄ ခုနှစ် ဇန်နဝါရီလမှာတော့ မက်ကင်းတော့ရှ် ကွန်ပျူတာကို စတီးဗ်ဂျော့က ကမ္ဘာနဲ့ မိတ်ဆက်ပေးခဲ့ပါတယ်။ မက်ကင်းတော့ရှ် ကွန်ပျူတာဟာ လူသားတွေကို များစွာအကျိုးပြုခဲ့ပါတယ်။

စာမျက်နှာ ၂၁ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**၂၀၂၁ ခုနှစ်၊ မတ်လ ၇ ရက်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်တွင် ရပ်ကွက် ၁၈ ရပ်ကွက်၊ မဲရုံပေါင်း ၈၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၇၅၇၉၆ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၂၇၃၆၀၊ ကျန်ရှိရမည့် အရေအတွက်မှာ ၄၈၄၃၆ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၇၄၄၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**မဟာအောင်မြေမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၇၄၄၈၀ | ၁၂၆၄၉၅ | ၄၇၉၈၅ | ၃၉၂၈၀ | ၈၇၀၅ | - |
| ၂ | မြို့နယ် မဲလက်မှတ် | ၁၃၁၆ | ၈၆၅ | ၄၅၁ | ၈၁၆၇ | - | ၇၇၁၆ |
| | **စုစုပေါင်း** | **၁၇၅၇၉၆** | **၁၂၇၃၆၀** | **၄၈၄၃၆** | **၄၇၄၄၇** | **၈၇၀၅** | **၇၇၁၆** |

မဟာအောင်မြေမြို့နယ်၊ ရပ်ကွက် ၁၈ ရပ်ကွက်ရှိ မဲရုံ ၈၄ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၈၇၀၅ ပျောက်ဆုံးနေပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၄၅၁ ဖြစ်သော်လည်း မြေပြင်တွင် ၈၁၆၇ ကျန်ရှိနေသည်။ ယင်းတို့အနက် ၇၇၁၆ မှာ အသစ်အတိုင်းဖြစ်ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပေးထားခြင်းထက်ပိုမိုနေကြောင်း စစ်ဆေးတွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် ကြိုတင်မဲများတွင် အသုံးပြုထားသည့် မဲလက်မှတ်ဖြတ်ပိုင်း ၈၆၅ တွင် ၃၃၂ မှာ လက်ခံဖြတ်ပိုင်း၌ မဲဆန္ဒရှင်အမည်၊ မဲရုံအမှတ်၊ ရပ်ကွက်/ ကျေးရွာအုပ်စုအမည်များ ထည့်သွင်းရေးသားထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရသည်။

မဟာအောင်မြေမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

| စဉ် | ရပ်ကွက်အမည် | မဲရုံ | ထုတ်ပေး | သုံးစွဲ | ကျန်ရမည့် ရွက်ရေ | မြေပြင် လက်ကျန် | ပျောက် ဆုံး | အပို |
|---|---|---|---|---|---|---|---|---|
| ၁ | ရဲမွန်တောင် ရပ်ကွက် | ၆ | ၁၂၀၅၀ | ၆၆၄၃ | ၅၄၀၇ | ၄၆၂၂ | ၇၈၅ | |
| ၂ | မဟာမြိုင်(၁) ရပ်ကွက် | ၅ | ၁၄၂၈၀ | ၁၀၁၂၈ | ၄၁၅၂ | ၃၁၇၂ | ၉၈၀ | |
| ၃ | မဟာမြိုင်(၂) ရပ်ကွက် | ၅ | ၉၆၅၀ | ၅၁၀၆ | ၄၅၄၄ | ၂၇၄၆ | ၁၇၉၈ | |
| ၄ | တက္ကသိုလ် ရပ်ကွက် | ၂ | ၂၈၀၀ | ၁၈၂၄ | ၉၇၆ | ၉၂၆ | ၅၀ | |
| ၅ | မဟာနွယ်စဉ် ရပ်ကွက် | ၅ | ၁၂၆၅၀ | ၇၂၅၈ | ၅၃၉၂ | ၃၃၄၂ | ၂၀၅၀ | |
| ၆ | စကြာနွယ်စဉ် ရပ်ကွက် | ၄ | ၇၉၅၀ | ၆၂၅၁ | ၁၆၉၉ | ၁၃၅၅ | ၃၄၄ | |
| ၇ | ဟေမမာလာ တောင်ရပ်ကွက် | ၂ | ၄၅၅၀ | ၃၂၅၀ | ၁၃၀၀ | ၁၂၀၀ | ၁၀၀ | |
| ၈ | ဟေမမာလာ မြောက်ရပ်ကွက် | ၃ | ၅၇၅၀ | ၄၃၇၃ | ၁၃၇၇ | ၁၂၈၃ | ၉၄ | |
| ၉ | ချမ်းမြသာစည် မြောက်ရပ်ကွက် | ၃ | ၇၂၀၀ | ၅၄၄၇ | ၁၇၅၃ | ၁၅၉၉ | ၁၅၄ | |
| ၁၀ | မဟာအောင်မြေ အရှေ့ရပ်ကွက် | ၃ | ၅၁၀၀ | ၃၈၅၁ | ၁၂၄၉ | ၁၂၀၄ | ၄၅ | |
| ၁၁ | မဟာအောင်မြေ အနောက် ရပ်ကွက် | ၃ | ၄၄၀၀ | ၃၆၀၁ | ၇၉၉ | ၆၀၃ | ၁၉၆ | |
| ၁၂ | ရတနာဘုမ္မိ အရှေ့ရပ်ကွက် | ၃ | ၄၆၅၀ | ၃၃၆၅ | ၁၂၈၅ | ၉၈၇ | ၂၉၈ | |
| ၁၃ | ရွှေဘုန်းရှိန် ရပ်ကွက် | ၃ | ၆၀၀၀ | ၄၇၁၆ | ၁၂၈၄ | ၁၂၃၈ | ၄၆ | |
| ၁၄ | ရတနာဘုမ္မိ အနောက် ရပ်ကွက် | ၃ | ၄၈၀၀ | ၃၇၉၀ | ၁၀၁၀ | ၉၆၃ | ၄၇ | |
| ၁၅ | သံလျက်မော် အရှေ့ရပ်ကွက် | ၁၁ | ၂၅၂၀၀ | ၁၈၉၆၆ | ၆၂၃၄ | ၅၈၇၆ | ၃၅၈ | |
| ၁၆ | သံလျက်မော် အနောက် ရပ်ကွက် | ၁၀ | ၂၂၉၀၀ | ၁၈၃၂၁ | ၄၅၇၉ | ၄၀၁၉ | ၅၆၀ | |
| ၁၇ | ဒေးဝန်း အရှေ့ရပ်ကွက် | ၆ | ၁၀၃၅၀ | ၈၂၄၆ | ၂၁၀၄ | ၂၀၀၄ | ၁၀၀ | |
| ၁၈ | စိန်ပန်းရပ်ကွက် | ၇ | ၁၄၂၀၀ | ၁၁၃၅၉ | ၂၈၄၁ | ၂၁၄၁ | ၇၀၀ | |
| | ရပ်ကွက်ချုပ် စုစုပေါင်း | ၈၄ | ၁၇၄၄၈၀ | ၁၂၆၄၉၅ | ၄၇၉၈၅ | ၃၉၂၈၀ | ၈၇၀၅ | |
| | မြို့နယ် မဲလက်ကျန် | | ၁၃၁၆ | ၈၆၅ | ၄၅၁ | ၈၁၆၇ | | ၇၇၁၆ |
| | **မြို့နယ်ချုပ် စုစုပေါင်း** | | ၁၇၅၇၉၆ | ၁၂၇၃၆၀ | ၄၈၄၃၆ | ၄၇၄၄၇ | ၈၇၀၅ | ၇၇၁၆ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော နိုင်ငံ့ဝန်ထမ်းများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများ ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင် ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ဝန်ထမ်းကျင့်ဝတ်တို့အရ ဝန်ထမ်းများသည် အလုပ်ချိန်နှင့်သက်ဆိုင်သည့် စည်းကမ်းများ၊ တာဝန်ထမ်းဆောင်မှု၊ လုပ်ရည်ကိုင်ရည်နှင့်သက်ဆိုင်သည့် စည်းကမ်းများနှင့် လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်းများကိုလည်း လိုက်နာရပါသည်။ ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူနိုင်ပါသည်။ ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့်ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ရပါသည်။

၂။ သို့ပါ၍ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် နှိုးဆော်နေသည့်ကာလအတွင်း မိမိတို့၏ လုပ်ငန်းခွင်များသို့ အမြန်ဆုံးပြန်လည်ဝင်ရောက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

# တစ်မူထူးခြား ခံ့ညားထည်ဝါစွာတည်ရှိနေသည့် ကျောက်သားထက်က မိုင်းယောင်းကျိုက်ထီးရိုးစေတီတော်



ကိုကိုနိုင်(မိုင်းယု)

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် နယ်စပ်ဒေသ မိုင်းယောင်းမြို့နယ်တွင် အထင်ကရဖြစ်သည့် ထပ်လုံစေတီတော်၊ လျောင်းတော်မူဘုရား၊ ရွှေညောင်ပင်၊ ဗုဗ္ဗဝိဇယစေတီတော်တို့ တည်ရှိကြပြီး မိုင်းယုဒေသတွင် ထပ်ပူးခမ်းစေတီတော်စသည့် ဘုရားစေတီပုထိုးများ နေရာအနှံ့အပြား တွေ့မြင်ဖူးမြော်နိုင်ပါသည်။ သို့သော်လည်း မိုင်းယောင်းမြို့နယ်ဘက်မှ ၁၉ မိုင်ခန့်အကွာ ဖတ္တာူကျေးရွာအနီးနှင့် မိုင်းဖြတ်မြို့နယ်ဘက်မှ ပြည်ငြိမ်းအေးကျေးရွာအကြား မိုင်းဖြတ်-မိုင်းယောင်းကားလမ်းမဘေးတွင် တည်ရှိပြီး စကျင်ကျောက်တုံးကျောက်ခဲများထက်၌ တည်ထားကိုးကွယ်ထားသည့် ကျိုက်ထီးရိုးစေတီတော်ကြီးမှာ တစ်မူထူးခြား ခံ့ညားထည်ဝါစွာဖြင့် ခရီးသွားဧည့်သည်တော်များ တွေ့မြင်ဖူးမြော်ရမည်မှာ ဧကန်ပင် ဖြစ်ပါတယ်။

မိုင်းယောင်းကျိုက်ထီးရိုးစေတီတော် တည်ရှိရာအရပ်၌ တောရကျောင်းတစ်ကျောင်း တည်ဆောက်ကာ သီတင်းသုံးနေတော်မူသည့် ဝါတော် ဆယ်ဝါရှိ ဆရာတော်ဦးပဏ္ဍိတ တစ်ပါးတည်းသာ သီတင်းသုံးနေတော်မူသည်။ ဆရာတော်သည် ၂၀၁၉ ခုနှစ်တွင် ယင်းကျိုက်ထီးရိုးစေတီတော်၌ သွပ်မိုး၊ ထရံကာ၊ သစ်လုံးကျောင်းငယ်တစ်ကျောင်း တည်ဆောက်၍ တရားဘာဝနာများအားထုတ်ကာ သီတင်းသုံးခဲ့သည်။ စေတီတော်ကြီး ထိခိုက်ပျက်စီးမှုမရှိစေရန်နှင့် ရေရှည်တည်တံ့ကိုးကွယ်နိုင်ရန်အတွက် ပြုပြင်မွမ်းမံခြင်းနှင့် ဆွမ်းကိစ္စအတွက် နေ့စဉ် နံနက်တိုင်း ခရီးသွားပြည်သူများ ကုသိုလ်ပြုနိုင်ရန် ကားလမ်းမ၌ ဆွမ်းခံတော်မူကြောင်း ဆရာတော်ထံမှ သိခွင့်ရခဲ့ပါသည်။

စာရေးသူသည် မိုင်းယု - မိုင်းယောင်း- ကျိုင်းတုံ - တာချီလိတ်သို့ မကြာခဏခရီးသွားကာ အဆိုပါ ကျိုက်ထီးရိုးစေတီတော်ကို ဖူးမြော်ရသော်လည်း ကျိုက်ထီးရိုးစေတီ၏ သမိုင်းကြောင်းကို မသိရှိရသဖြင့် စိတ်ဝင်တစား သိချင်၊ မေးမြန်းချင်စိတ်များ ပေါ်ပေါက်လာခဲ့ရသည်။ ယင်းကြောင့် ယခုတစ်ကြိမ်ခရီးလမ်းကြုံခိုက် ဘုရားလည်းဖူးရင် လိပ်ဥလည်းတူးရင်း ဆိုရပေမည်၊ စာရေးသူမိသားစုနှင့် အပြန်ခရီးတွင် ဝင်ရောက်ဖူးမြော်ကာ ဆရာတော်ထံ လှူဖွယ်ဝတ္ထုများ ကပ်လှူပြီး ယင်းစေတီတော်သမိုင်းကြောင်းကို မေးမြန်းလျှောက်ထားဖြစ်ခဲ့ပါသည်။

ဆရာတော်ကလည်း သီတင်းသုံးတော်မူစဉ်ကာလအတွင်း သိရှိထားသမျှ ဘုရားသမိုင်းအကျဉ်းကို မိန့်တော်မူခဲ့ပါသည်။

သက္ကရာဇ် ၁၉၄၇ ခုနှစ် မတိုင်မီကာလက မိုင်းယု - မိုင်းယောင်း - ကျိုင်းတုံ - တာချီလိတ် ဆက်သွယ်ရေးလမ်းပန်း ခက်ခက်ခဲခဲသွားရစဉ်ကာလ၊ မိုင်းဖြတ် - မိုင်းယောင်းလမ်း ကျောက်လမ်းခင်းစဉ်အချိန်က ဖြစ်ပါသည်။ လမ်းလုပ်သားများ ကျိုက်ထီးရိုးစေတီတော်တည်ရှိရာ ဝန်းကျင်၌ စခန်းချနေထိုင်ပြီး ပြည်သူများ ခရီးသွားလာမှု အဆင်ပြေစေရန် ကျောက်မိုင်းများခွဲကာ ကျောက်ကြမ်းလမ်းခင်းပေးနေစဉ်အချိန် အဆိုပါ စေတီတည်ရှိရာအရပ်၌ သဘာဝအဖြစ်အပျက် အတိတ်နိမိတ် လက္ခဏာအမျိုးမျိုးပြကြောင်း၊ လမ်းလုပ်သားများ ကျောက်မိုင်းခွဲမှုများ စေတီတော်တည်ထားသည့် ကျောက်စိုင်ကျောက်ခဲနေရာ အရောက် အဆိုပါ ကျောက်စိုင်ကျောက်ခဲကို နည်းလမ်းအမျိုးမျိုးဖြင့် ကျောက်မိုင်းအား ကပ်ခွဲသော်လည်း ယင်းကျောက်စိုင်ကျောက်ခဲမှာ တုန်လှုပ်ခြင်း၊ ပြိုလဲခြင်း၊ ကွဲထွက်သွားခြင်း မရှိကြောင်း လက္ခဏာများပြခဲ့ပါသည်။ ထို့ကြောင့် မိုင်းဖြတ်မြို့နယ် ကွက်သစ်ရပ်ကွက်တွင် သီတင်းသုံးတော်မူသည့် ဆရာတော်တစ်ပါးအား သွားရောက်လျှောက်ထားတော်မူခဲ့ကြောင်း၊ ယင်းဆရာတော်နှင့် ထိုင်း(ယိုးဒယား)မှ ဆရာတော်တစ်ပါးတို့ ကြွရောက်ကြည့်ရှုရာ ထိုကျောက်စိုင်ကျောက်ခဲများအတွင်း၌ ကြီးမားသည့် သစ်ပင်ငုတ်ကြီးရှိကြောင်း၊ အဆိုပါ ကျောက်ကြားများအတွင်း၌ သစ်ပင်ငုတ်ကြီးရှိရာ အပေါ်တွင် စေတီတစ်ဆူတည်ရန် အတိတ်နိမိတ်များ ပြနေခြင်းဖြစ်ကြောင်း၊ ယင်းနောက်တွင် ၁၉၄၇ ခုနှစ် ကာလသို့ ကူးပြောင်းလာချိန် ထိုင်း(ယိုးဒယား) ဘက်မှ ဆရာတော်တစ်ပါးနှင့် မိုင်းဖြတ်ကွက်သစ်ရပ်ကွက်မှ ဆရာတော်တစ်ပါးတို့က ကျိုက်ထီးရိုးပုံတူစေတီတော်ငယ်တစ်ဆူ ပြုလုပ်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ကျိုက်ထီးရိုးစေတီတော်ကြီးကို သွန်းလုပ်၍ ထီးတော်တင်ရေစက်ချ မင်္ဂလာအခမ်းအနားပြုလုပ်ခဲ့ကြောင်း စာရေးသူအား ဆရာတော် ဦးပဏ္ဍိတက ဘုရားသမိုင်း သိထားသမျှကို မိန့်ကြားတော်မူခဲ့သည်။

ဆရာတော်ဦးပဏ္ဍိတ၏မိန့်ကြားတော်မူချက်များကို စာဖတ်သူတို့နားလည်သဘောပေါက်စေရန် ဖြည့်စွက်ရေးသား တင်ပြခြင်းဖြစ်ပြီး တစ်မူထူးရှား ခံ့ညားထည်ဝါစွာဖြင့် မိုင်းယောင်းမြို့နယ်ဘက်မှ ၁၉ မိုင်ခန့်အကွာ ဖတ္တာူကျေးရွာ အနီးနှင့် မိုင်းဖြတ်မြို့နယ်ဘက်မှ ပြည်ငြိမ်းအေးကျေးရွာအကြား မိုင်းဖြတ်-မိုင်းယောင်းကားလမ်းမဘေးတွင် တည်ရှိကာ ကျောက်တုံးကျောက်ခဲများထက်၌ တည်ထားကိုးကွယ်ထားသည့် ကျိုက်ထီးရိုးစေတီတော်ကြီးကို ခရီးကြုံခဲ့လျှင် ဝင်ရောက်ဖူးမြော်ကာ ကုသိုလ်ပွားများနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ ရေးသားလိုက်ရပါသည်။ ။

**မိုင်းယောင်းကျိုက်ထီးရိုးစေတီတော် တည်ရှိရာအရပ်၌ တောရကျောင်းတစ်ကျောင်း တည်ဆောက်ကာ သီတင်းသုံးနေတော်မူသည့် ဝါတော် ဆယ်ဝါရှိ ဆရာတော် ဦးပဏ္ဍိတ တစ်ပါးတည်းသာ သီတင်းသုံးနေတော်မူသည်။ ဆရာတော်သည် ၂၀၁၉ ခုနှစ်တွင် ယင်းကျိုက်ထီးရိုး စေတီတော်၌ သွပ်မိုး၊ ထရံကာ၊ သစ်လုံးကျောင်းငယ်တစ်ကျောင်း တည်ဆောက်၍ တရားဘာဝနာများ အားထုတ်ကာ သီတင်းသုံးခဲ့သည်။ စေတီတော်ကြီး ထိခိုက်ပျက်စီးမှု မရှိစေရန်နှင့် ရေရှည်တည်တံ့ကိုးကွယ်နိုင်ရန်အတွက် ပြုပြင်မွမ်းမံခြင်းနှင့် ဆွမ်းကိစ္စအတွက် နေ့စဉ် နံနက်တိုင်း ခရီးသွားပြည်သူများ ကုသိုလ်ပြုနိုင်ရန် ကားလမ်းမ၌ ဆွမ်းခံတော်မူကြောင်း ဆရာတော်ထံမှ သိခွင့်ရခဲ့။**

# ကျိုက်မရောမြို့နယ်၌ နွေစပါးများအောင်မြင်ဖြစ်ထွန်း၍ တောင်သူများအဆင်ပြေ

**ကျိုက်မရော မတ် ၇**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပိန်းနဲကုန်းကျေးရွာအုပ်စု သိမ်ဖြူကုန်းကျေးရွာတွင် နွေစပါးစိုက်ပျိုးမှုများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ အဆိုပါကျေးရွာရှိ လယ်မြေများတွင် မိုးစပါးများ ရိတ်သိမ်းပြီးသည်နှင့်တစ်ပြိုင်နက် နွေစပါးစိုက်ပျိုးရန် ရေအဆင်ပြေသောနေရာများတွင် လယ်သမားကြီးများ ကြိုတင်ပြင်ဆင်၍ နွေစပါးကို အဓိကထားစိုက်ပျိုးကြကာ သီးထပ်သီးညှပ်များဖြစ်သည့် ဆောင်းသီးနှံ ပဲ၊ နေကြာ၊ ပန်းဂေါ်ဖီ၊ ပြောင်းစသည့် သီးနှံပင်များကိုလည်း စိုက်ပျိုးထားကြကြောင်း တွေ့ရှိရသည်။

အဆိုပါ နွေစပါးကိုစိုက်ပျိုးရာတွင် ဒေသနှင့် ကိုက်ညီပြီး ရေရရှိရန် လွယ်ကူသည့်တူးမြောင်းများရှိသည့်နေရာများတွင် ဦးစားပေးကာ အရောင်းအဝယ်ရှိသော စပါးပင်မျိုးဖြစ်သည့် သုံးလသားစပါးပင်မျိုးကိုသာ အဓိက ရွေးချယ်စိုက်ပျိုးရကြောင်း နွေစပါး ၁၅ ဒသမ ၃ ဧက စိုက်ပျိုးထားသည့် တောင်သူ ဦးမြင့်လွင်က ပြောသည်။ “နွေစပါးတစ်ဧကကို အရင်နှစ်တွေက ၅၀ ကျော်ထွက်ရှိပြီး အခုနှစ်ကတော့ အပူချိန်များလွန်းတာကြောင့် နှစ်ရက်တစ်ခါ တူးမြောင်းမှ ရေသွင်းပေးနေရတယ်။ နွေစပါးအတွက် ကုန်ကျစရိတ်ကတော့ တစ်ဧကကို သုံးသိန်းအထိ ကုန်ကျခံစိုက်ပျိုးနေရပါတယ်” ဟု တောင်သူ ဦးမြင့်လွင်ထံမှ သိရသည်။ ကျိုက်မရောမြို့နယ်အတွင်း နွေစပါးကိုနိတုံကျေးရွာနှင့် ဓမ္မသတ်ကျေးရွာများတွင် ဓမ္မသတ်မြစ်ရေတင်စီမံကိန်းဖြင့်လည်း နွေစပါးဧက ၅၀ ခန့်စိုက်ပျိုးလျက်ရှိကြောင်းနှင့် အဆိုပါ တောင်သူများအနေဖြင့် မိုးစပါးရော နွေစပါးပါ နှစ်မျိုးလုံးစိုက်ပျိုးကြရာ အောင်မြင်သဖြင့် မိသားစုများစီးပွားရေး အဆင်ပြေလျက်ရှိကြကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး
( ပြန်/ဆက်)



# CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်း မပြုလိုသူများအနေဖြင့် သက်ဆိုင်ရာစီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်အကြောင်းကြားနိုင်

နေပြည်တော် မတ် ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုရန်နှင့် ပါဝင်ဆောင်ရွက်သူများ၊ အားပေးကူညီသူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မတ်လ ၅ ရက်နေ့တွင် အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ယခင်အစိုးရလက်ထက် နိုင်ငံတော်အဆင့်ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ၂၀၂၀ ရွေးကောက်ပွဲတွင် ရွေးကောက်ခံရသူများ၊ ဆရာဝန်ကြီးများနှင့် နိုင်ငံ့ဝန်ထမ်းများအပါအဝင် နိုင်ငံတော်တည်ငြိမ်ရေးကို လိုလားသူများက တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ၎င်းတို့အနေဖြင့် CRPH အဖွဲ့အား စိတ်ပါဝင်စားမှုမရှိကြောင်း၊ CRPH အဖွဲ့ဝင်များလည်း မဟုတ်သည့်အပြင် ၎င်းအဖွဲ့နှင့်လည်း ပါဝင်ပတ်သက်မှုမရှိကြောင်းနှင့် CRPH အဖွဲ့ ဖွဲ့စည်းမှုကိုလည်း ထောက်ခံခြင်းမရှိကြောင်းတို့ကို လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ စာဖြင့်ပေးပို့၍လည်းကောင်း ဆက်သွယ်ပြောဆိုတင်ပြလာခဲ့သည်။

ထိုသို့ CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် ပါဝင်ပတ်သက်မှု လုပ်ဆောင်လိုခြင်းမရှိသူများအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရှိရသည်။

လက်ရှိ ဆက်သွယ်အကြောင်းကြားလာသူများမှာ ၎င်းတို့၏ မိသားစုဝင်များနှင့်အတူ လုံခြုံငြိမ်းချမ်းစွာ နေထိုင်လျက်ရှိကြောင်းနှင့် ထပ်မံဆက်သွယ်အကြောင်းကြားလာသူများအနေဖြင့်လည်း မိသားစုနှင့်အတူ လုံခြုံအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နာရေးကူညီမှုအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးကျော်သူ အပါအဝင် ပါဝင်ပတ်သက်သူများအား တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၂) ရပ်ကွက် ဗိုလ်မှူးဗထူးလမ်း အမှတ်(၁၃/က)ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)၏ ဘဏ္ဍာရေးမှူးဖြစ်သူ ဒေါ်မြင့်မြင့်ခင်ဖေ(ခ)ဒေါ်ရွှေဇီးကွက်အား CDM တွင် ပါဝင်လှုပ်ရှားနေသည့် နိုင်ငံ့ဝန်ထမ်းများအား အားပေးအားမြှောက်ပြုမှုဖြင့် ဖေဖော်ဝါရီ ၂၅ ရက်တွင် မရမ်းကုန်းမြို့မ ရဲစခန်း၌ ရာဇသတ်ကြီး ပုဒ်မ ၅၀၅(က)ဖြင့် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရသည်။

အဆိုပါအမှုနှင့်ပတ်သက်၍ မတ် ၃ ရက်တွင် နာရေးကူညီမှုအသင်း(ရန်ကုန်)အား ဝင်ရောက်ရှာဖွေခဲ့ရာ ဒေါ်မြင့်မြင့်ခင်ဖေ(ခ)ဒေါ်ရွှေဇီးကွက်အား တွေ့ရှိရခြင်းမရှိဘဲ စစ်ဆေးရန်လိုအပ်သည့် စာရွက်စာတမ်းများကို သိမ်းဆည်းနိုင်ခဲ့သည်။

စိစစ်ချက်များအရ နာရေးကူညီမှုအသင်း(ရန်ကုန်)သည် CDM တွင် ပါဝင်လှုပ်ရှားနေသည့် နိုင်ငံ့ဝန်ထမ်းများအား ထောက်ပံ့ပေးနိုင်ရေးအတွက် အမည်ခံ၍ 88 Nyein Pwint အပါအဝင် ပြည်တွင်းပြည်ပရှိ ကုမ္ပဏီအဖွဲ့အစည်း၊ လူပုဂ္ဂိုလ် စုစုပေါင်း ၄၉၈ ဦးတို့ထံမှ ဖေဖော်ဝါရီ ၁၀ ရက်မှ မတ် ၃ ရက်အထိ ပေးပို့လှူဒါန်းငွေ စုစုပေါင်းငွေကျပ် ၆၁၃၃၉၄၃၅၀နှင့် အမေရိကန်ဒေါ်လာ ၂၀၆၇၀ ကို လက်ခံရရှိခဲ့ကြောင်း၊ ၎င်းအပြင် သိန်းပေါင်းနှစ်သောင်း ထည့်ဝင်ထားသည့် Fix Deposit Bank Account ခြောက်ခုကိုလည်း ဖော်ထုတ်ရရှိခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

အဆိုပါငွေများအနက်မှ ပြည်နယ်နှင့် တိုင်းဒေသကြီး ခုနစ်ခုရှိ CDM တွင် ပါဝင်လှုပ်ရှားနေသည့် ဝန်ထမ်းများထံသို့ အသင်းအဖွဲ့ လူပုဂ္ဂိုလ်များမှ တစ်ဆင့် မတ် ၂ ရက်အထိ CDM တွင် ပါဝင်လှုပ်ရှားနေသူ ဝန်ထမ်း ၂၀၀၈ ဦးခန့်အား တစ်ဦးလျှင် တစ်သိန်းကျပ်မှ နှစ်သိန်းကျပ်ခန့်အထိ စုစုပေါင်းငွေကျပ် ၂၈၅၆၃၀၀၀၀(သိန်းပေါင်းနှစ်ထောင့်ရှစ်ရာကျော်)ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ ၎င်းအပြင် ရန်ကုန်မြို့ရှိ ကွန်တိန်နာယာဉ်မောင်းများ၊ မီးရထားဝန်ထမ်းများအား ထောက်ပံ့ပေးခြင်းများဖြင့် CDM ပြုလုပ်ရန် အားပေးအားမြှောက်လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

CDM ပြုလုပ်သည့်ဝန်ထမ်းများကိုထောက်ပံ့နိုင်ရေးအတွက် နာရေးကူညီမှုအသင်း (ရန်ကုန်) ထံ လှူဒါန်းသည့်စာရင်း

| စဉ် | နေ့စွဲ | ပမာဏ(ကျပ်) | US $ | မှတ်ချက် |
|---|---|---|---|---|
| ၁ | 2/10/2021 | 39558500 | | |
| ၂ | 2/11/2021 | 40737000 | 1300 | |
| ၃ | 2/12/2021 | 25798000 | | |
| ၄ | 2/13/2021 | 27697000 | 600 | |
| ၅ | 2/14/2021 | 13900000 | | |
| ၆ | 2/15/2021 | 21550000 | | |
| ၇ | 2/16/2021 | 13970000 | 300 | |
| ၈ | 2/17/2021 | 88149800 | 5000 | |
| ၉ | 2/18/2021 | 26252600 | 720 | |
| ၁၀ | 2/19/2021 | 27030000 | | |
| ၁၁ | 2/20/2021 | 26600000 | 150 | |
| ၁၂ | 2/21/2021 | 24990000 | | |
| ၁၃ | 2/23/2021 | 54132200 | 4700 | |
| ၁၄ | 2/24/2021 | 12575000 | | |
| ၁၅ | 2/25/2021 | 30920000 | 4000 | |
| ၁၆ | 2/26/2021 | 21723800 | 1700 | |
| ၁၇ | 2/27/2021 | 58049700 | 2200 | |
| ၁၈ | 2/28/2021 | 2098750 | | |
| ၁၉ | 3/1/2021 | 9248500 | | |
| ၂၀ | 3/2/2021 | 28772500 | | |
| ၂၁ | 3/3/2021 | 19641000 | | |
| စုစုပေါင်း | | 613394350 | 20670 | |

CDM တွင် ပါဝင်လှုပ်ရှားနေသူများအား အဓိကလှုံ့ဆော်ဆောင်ရွက်နေသော နာရေးကူညီမှုအသင်း(ရန်ကုန်) ဥက္ကဋ္ဌဖြစ်သူ ဦးကျော်သူအား မတ် ၄ ရက်တွင် မရမ်းကုန်းမြို့မရဲစခန်း၌(ပ/၆၇)၊ (၅၀၅-က)ဖြင့် အမှုဖွင့်လှစ်ထားရှိပြီးဖြစ်သည်။ ဦးကျော်သူနှင့် ဇနီးဖြစ်သူ ဒေါ်ရွှေဇီးကွက်တို့သည် ၎င်းတို့၏ နာရေးကူညီမှုအသင်းအား အကြောင်းပြု၍ လှူဒါန်းထားသော ထောက်ပံ့ငွေများအား အလွဲသုံးစားပြုလုပ်၍ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကျေးရွာ/ရပ်ကွက် စီမံအုပ်ချုပ်ရေးမှူးရုံးများ ပြန်လည်ဖွင့်လှစ်၍ အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာအကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် မတ် ၇

တိုင်းဒေသကြီးနှင့် မြို့နယ်များအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအား ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရပ်ကွက်၊ ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့များ ခန့်အပ်ထားရှိမှုအပေါ် ကျေနပ်မှုမရှိသည်ကို အကြောင်းပြု၍ ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးမှူးများအား ဖိအားပေးခြင်း၊ စီမံအုပ်ချုပ်ရေးမှူးရုံးများတွင် အုပ်စုဖွဲ့ပြီး ရမ်းကားဆန္ဒပြခြင်း၊ စီမံအုပ်ချုပ်ရေးရုံးဆိုင်းဘုတ်များဖြုတ်ချခြင်း၊ အဖျက်အမှောင့် စာများရေးသား၍ ရုံးရှေ့တွင် ချိတ်ဆွဲခြင်း၊ သစ်သားချောင်းများဖြင့် ရိုက်ပိတ်ခြင်း၊ ရုံးအဝင်တံခါးများအား သော့ခတ်ခြင်း၊ တံခါးများအား သံချောင်းများဖြင့် ဂဟေဆော်ပိတ်ခြင်းများအား မင်းမဲ့စရိုက်ဆန်ဆန် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လာခြင်းကြောင့် ရပ်ကွက်၊ ကျေးရွာနေပြည်သူလူထုများအနေဖြင့် ဥပဒေ၏အကာအကွယ်ကိုမရရှိသည့်အပြင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်မှု ယန္တရားယိုယွင်းမှုများဖြစ်ပေါ်လာနိုင်ကြောင်း တွေ့ရှိရသဖြင့် ရပ်ကွက်၊ ကျေးရွာနေ ပြည်သူလူထုနှင့် ရပ်မိရပ်ဖများ၏ တောင်းဆိုချက်အရ အထက်ပါဖြစ်စဉ်များဖြစ်ပွားခဲ့သည့် နေရာများတွင် ဆူပူမှုဖြစ်ပေါ်အောင်လှုံ့ဆော်သူများနှင့် ဆူပူမှုတွင် ပါဝင်ပတ်သက်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်ခဲ့သည်။

အဆိုပါ ဥပဒေမဲ့လုပ်ရပ်များ လုပ်ဆောင်ပြီး ပိတ်ထားသည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မေဃဂီရိရပ်ကွက်၊ အောင်မြေသာစံ ရပ်ကွက်၊ မင်းတဲအီကင်းရပ်ကွက်၊ သီရိမာလာ အနောက်ရပ်ကွက်၊ ပြည်လုံးချမ်းသာရပ်ကွက်များနှင့် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ဝွေးကုန်းကျေးရွာရှိ ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးရုံးများသို့ ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သွားရောက်၍ ရပ်မိ/ရပ်ဖများ၊ ရပ်ကွက်နေပြည်သူ များနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံးများ အား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ်၊ တကောင်းတိုက်နယ်ဆေးရုံ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံနှင့် ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာ ခံစားနေရသည့်ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကရင်ပြည်နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး




**ဘားအံ မတ် ၇**

ကရင်ပြည်နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၅ ရက် မွန်းလွဲ ၂ နာရီခန့်က ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၂)တွင် ကျင်းပသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက ၂၀၂၀-၂၀၂၁ ဘတ်ဂျက်ကာလတွင် တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရန်ပုံငွေခွင့်ပြုထားသည့် ဌာနများအနေဖြင့် တင်ဒါခေါ်ယူခြင်း၊ စိစစ်ရွေးချယ်ခြင်းနှင့် သက်ဆိုင်ရာ တင်ဒါအောင်မြင်သည့်ကုမ္ပဏီများဖြင့် စာချုပ်ချုပ်ဆို၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းတချို့မှာ ၂၅ ရာခိုင်နှုန်းခန့်နှင့် တချို့မှာ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေသည်ကိုလည်း မြင်တွေ့ရကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်ရန်ပုံငွေတောင်းခံခြင်းနှင့် တင်ဒါဆိုင်ရာစံထားသတ်မှတ်သည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ညွှန်ကြားချက်အမှတ် (၇/၂၀၂၀) အတိုင်း ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးကျော်စိုး၊ အဖွဲ့ဝင် လေးဦး စောခင်မောင်မြင့်တို့က တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဖြည့်စွက်ရှင်းလင်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**



# ဖာပွန်မြို့တွင် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေး

**ဖာပွန် မတ် ၇**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့တွင် သံဃာတော်များ၊ သီလရှင်ဆရာလေးများနှင့်အသက်၆၅နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးခြင်းကို ယနေ့နံနက်၉နာရီက အမှတ်(၂)ရပ်ကွက်ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ထိုးနှံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ထမ်းများက တစ်ကြိမ်လျှင် ၁၀ ဦးနှုန်းဖြင့် ထိုးနှံပေးလျက်ရှိရာ ဖာပွန်မြို့နယ်အတွင်းရှိ သံဃာတော်များ၊ သီလရှင်ဆရာလေးများ၊ ဘာသာရေးခေါင်းဆောင်များနှင့် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား စနစ်တကျ ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးထိုးနှံပေးခြင်းကို ဖာပွန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် ဖာပွန်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်ဦးတို့က လာရောက်ကြည့်ရှုခဲ့ပြီး ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးသူများအနေဖြင့် လေးပတ်အကြာတွင် ဒုတိယအကြိမ် ကာကွယ်ဆေးပြန်လည်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**စိုင်းကျော်ဝဏ္ဏ**
**(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်



**မင်းလှ မတ် ၇**

မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များသည် တာဝန်ရှိသူများနှင့်အတူ မင်းလှမြို့နယ် (မန်းသံပရာကန်)ရေနံချက်စက်ရုံဝင်းပြင်ပရှိ ဝန်ထမ်းနေအိမ်လိုင်းခန်းအား မတ် ၅ ရက် ညနေပိုင်းက တောမီးမှတစ်ဆင့် မီးကူးစက်လောင်ခဲ့ရာ မီးဘေးသင့်အိမ်ထောင်စုဝင်များအား ယင်းနေ့ညနေ ၆ နာရီခန့်က သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ထိုသို့ထောက်ပံ့ငွေများပေးအပ်ရာတွင် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မီးဘေးသင့်အိမ်ထောင်စု သုံးစုအား မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက ထောက်ပံ့ငွေကျပ်သိန်း ၃၀၊ မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့ငွေ ကျပ်ခြောက် သိန်းနှင့် အိမ်ထောင်စုတစ်စုလျှင် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်တွင် အရာရှိ လုံးချင်းတစ်ထပ်အိမ်သုံးလုံး၊ လူနေထိုင်ခြင်းမရှိသည့် လုံးချင်းတစ်ထပ်အိမ်တစ်လုံး၊ ဇည့်ရိပ်သာနှစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# ဗန်းမောက်-ကနန်းဒေသသွား ကားလမ်းမပေါ်ရှိ နန့်ကဇားချောင်းကူးသစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးစေလို



**ဗန်းမောက် မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် နောင်ကန်အုပ်စု ပါပျဉ်းခမ်းကျေးရွာအနီး ဗန်းမောက်-ကနန်း ဒေသသွားကားလမ်းမပေါ်ရှိ နန့်ကဇားချောင်းကူးသစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးစေလိုကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

အဆိုပါ နန့်ကဇားချောင်းသည် အရှည်ပေ ၂၀၀ ကျော်ရှိပြီး နှစ်စဉ်နှစ်တိုင်း ယာယီသစ်သားတံတားကို တည်ဆောက်ပေးထားသော်လည်း မိုးရာသီရောက်ပါက တောင်ကျရေများ တစ်ရှိန်ထိုးစီးဆင်းလာသောကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်သဖြင့် ယာယီသစ်သားတံတားမှာ ရေစီးနှင့်အတူ မျှောပါသွားသောကြောင့် ခရီးသွားလာရေးအခက်အခဲများ ရှိခဲ့ကြသည်။

အထူးသဖြင့် မိုးရာသီကာလ၌ အရေးကြီးလူနာများအား မြို့သို့ပို့ဆောင်ကြရာတွင် တံတားမရှိခြင်းကြောင့် ချောင်းရေအကျကို စောင့်ဆိုင်းနေကြရသဖြင့် အသက်အန္တရာယ်စိုးရိမ်ရပြီး တချို့အသက်ပါတိမ်းပါးသွားခဲ့ခြင်းများလည်းရှိခဲ့ကြောင်း သိရသည်။

ဗန်းမောက်မြို့နယ်အတွင်းရှိ ကနန်းဒေသသည် ဗန်းမောက်မြို့နှင့် မိုင် ၆၀ ကျော်ဝေးပြီး မြို့နယ်အဆုံးဖြစ်ကာ အုပ်စု ခုနစ်အုပ်စု ကျေးရွာပေါင်း ၂၄ ရွာရှိ ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

ယင်းနန့်ကဇားချောင်းအား ကွန်ကရစ်တံတားတစ်စင်းတည်ဆောက်ပေးပါက ကနန်းဒေသရှိ ကျေးလက်ဒေသများသာမက မြို့နယ်ချင်းဆက်ဖြစ်သော ပင်လယ်ဘူး၊ ဖောင်းပြင်နှင့် ဟုမ္မလင်းမြို့နယ်တို့သို့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတို့ပါ ကူးသန်းသွားလာရာတွင် အဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဘွား**
**(ဗန်းမောက်)**

**○ ချင်းပြည်နယ်မှ**

ဟားခါးမြို့တို့တွင် တည်းခိုခန်းများ၊ ဧည့်ရိပ်သာများ တိုးချဲ့ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ကျီရီးယန်းတောင်သည် ချင်းပြည်နယ်မြို့တော် ဟားခါးနှင့် မိုင် ၃၀ ကျော်ကွာဝေးပြီး ထန်တလန်မြို့မှတစ်ဆင့် သွားရောက်လည်ပတ်၍ရနိုင်ကြောင်း၊ ကျီရီးယန်းတောင် အမျိုးသားဥယျာဉ်သည် ဧရိယာစတုရန်းမိုင် ၁၃ ဒသမ ၁၀ ဧက ကျယ်ဝန်းပြီး တောအမျိုးအစားမှာ တောင်ပေါ်အမြဲစိမ်းတော၊ မြက်ခင်းတော၊ ထင်းရှူးတောများဖြစ်ကြောင်း၊ ကျီရီးယန်းတောင်တွင် သစ်မျိုးစိတ် ၈၂ မျိုး၊ အင်းကျား၊ ကျားသစ်၊ ဝက်ဝံ၊ မျောက်စသည့် တောရိုင်းတိရစ္ဆာန်များ၊ နို့တိုက်သတ္တဝါမျိုးစိတ် ၃၇ မျိုးနှင့် ရှားပါးငှက်အမျိုးအစားဖြစ်သည့် လင်းတငှက်များ၊ ငှက်တော်ငှက်စသည့် ငှက်မျိုးစိတ်ပေါင်း ၆၄ မျိုးအထိ နေထိုင်ကျက်စားမှုရှိကြောင်း ပညာရှင်များ၏ လေ့လာချက်အရ သိရသည်။

ချင်းပြည်နယ်အတွင်း သစ်တောဦးစီးဌာနအနေဖြင့် ကျီရီးယန်းတောင်အမျိုးသားဥယျာဉ်အပြင် ထန်တလန်မြို့နယ်ရှိ ဗွေပါးတောင်အမျိုးသားဥယျာဉ် ဧရိယာစတုရန်းမိုင် ၆၈ ဒသမ ၀၂ ဧက၊ မီအေပီတောင်အမျိုးသားဥယျာဉ် ဧရိယာစတုရန်းမိုင် ၁၉ ဒသမ ၃၀ ဧကနှင့် စာမွန်းတောင်အမျိုးသားဥယျာဉ် ဧရိယာစတုရန်းမိုင် ၄၄ ဒသမ ၃၀ ဧက၊ ဟားခါးမြို့နယ်ရှိ ဇိန်မူတောင်အမျိုးသားဥယျာဉ် ဧရိယာစတုရန်းမိုင် ၃၁ ဒသမ ၁၅ ဧကနှင့် မှုန်တောင် သဘာဝထိန်းသိမ်းရေးနယ်မြေ ဧရိယာစတုရန်းမိုင် ၂ ဒသမ ၂၀ဧက၊ ဖလမ်းခရိုင် တီးတိန်မြို့နယ်ရှိ လေသာတောင်အမျိုးသားဥယျာဉ် ဧရိယာစတုရန်း မိုင် ၃၆ ဒသမ ၆၆ ဧကတို့ကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ချင်းပြည်နယ်တွင် မင်းတပ်ခရိုင်ရှိ နတ်မတောင်အမျိုးသားဥယျာဉ်၊ ပလက်ဝမြို့နယ်ရှိ ကီမိုတောင်နှင့် ဟားခါးခရိုင်ရှိ ဗွေပါးတောင်အမျိုးသားဥယျာဉ်ဟူ၍ တည်ထောင်ခဲ့ရာ ယခုအခါ ဘေးမဲ့တောသုံးခုရှိပြီဖြစ်ကြောင်း သိရသည်။

**ဗိုဟေဆာ**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဝတ်ပြုကြည်ညို



**နေပြည်တော် မတ် ၇**
ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြုကြည်ညို တရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ် ဘာသာရေးကျောင်းများ၊ ခရစ်ယာန် ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်းသက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူ ဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




တကယ်လို့ ဖျားနာခြင်း ၊ ချောင်းဆိုးခြင်း၊ အသက်ရှူရန်ခက်ခဲခြင်း စသော ရောဂါ လက္ခဏာတွေ့ရှိခဲ့ရလျှင် ချက်ချင်း ဆေးစစ် ကုသမှု ခံယူပါ။

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း၊ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်

**နေပြည်တော် မတ် ၇**
ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် တနိုင်းမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းစံမြို့၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ ဒလမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များ စုစုပေါင်း ခုနစ်ကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၁၇ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။



ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကဆစ်ရပ်ကွက်ရှိ အလယ်ကျောင်း ပရိယတ္တိစာသင်တိုက်ရှိ ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား တပ်မတော်မှ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် မတ် ၇**
တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိတပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၅၃၂၇၉ ဦး၊ အတွင်းလူနာ ၃၆၄၄ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများကိုဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် ကိုပါ စီမံဆောင်ရွက်ပေးသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသ ရန်လိုအပ်သူ ၂၃၄၀၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၅၁ ဦး စုစုပေါင်း ၃၅၉၁ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၁၃၃၄ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၂၀၃၉ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၃၃၇၃ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

## ကြည့်ရှုအားပေး

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုအခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသောလူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





## နေရပ်ပြန်မြန်မာသင်္ဘောသားများအား အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိ

**ကော့သောင်း မတ်၇**
နိုင်ငံတကာပင်လယ်ကူးသင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်မည့် သင်္ဘောသားများအား ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်အတွင်း Crew Change ပြုလုပ်သည့်လုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိရာ MT.NEW INTEGRITY သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်မည့် ကပ္ပတိန်ဦးသန်းဇော်ပါ သင်္ဘောသားကိုးဦးသည် ယနေ့နံနက်ပိုင်းတွင် ကော့သောင်းမြို့မဆိပ်ကမ်းမှတစ်ဆင့် တာဝန်ထမ်းဆောင်မည့် သင်္ဘောရှိရာသို့ ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါသင်္ဘောပေါ်မှ တာဝန်ပြီးဆုံး၍ Sign off ထွက်လာမည့် သင်္ဘောသားကိုးဦးမှာ အဆိုပါနေ့ညနေပိုင်းတွင် ကော့သောင်းဆိပ်ကမ်းသို့ရောက်ရှိလာကြမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ဆက်လက်ထိန်းချုပ်နိုင်ရေး ကော့သောင်းမြို့တွင် Hotel Quarantine ၁၄ ရက် ထားရှိစောင့်ကြည့်မှုခံယူကြမည်ဖြစ်သည်။

**ကျော်စိုး(ကော့သောင်း)**

## ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်

**မိုင်းဖြတ် မတ် ၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခြင်းကြောင့် အခြေခံပညာကျောင်းများကို ယာယီပိတ်ထားခဲ့ရာမှ ကျောင်းများ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိပါက ကျောင်းဥပဓိရုပ်များ ကောင်းမွန်စေရေးအတွက် မတ် ၆ ရက်နံနက်၇နာရီခွဲက အ-ထ-က(မိုင်းဖြတ်)နှင့်အ-ထ-က(ဟိုနား) ကျောင်း၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ပူးပေါင်းဆောင်ရွက်ခဲ့သည်။

တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက အ-ထ-က (မိုင်းဖြတ်) နှင့် အ-ထ-က (ဟိုနား)ကျောင်းများ၌ ကျောင်းဥပဓိရုပ် ကောင်းမွန်စေရေးအတွက် ကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ကျောင်းဝင်းအတွင်းအပြင် သန့်ရှင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကျောင်းပတ်ဝန်းကျင်သာယာလှပစေရေး၊ ကျောင်းဥပဓိရုပ်များကောင်းမွန်စေရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာသို့ ခေတ္တစစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး ထွန်းနေဝင်း၊ မိုင်းဖြတ်တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး အောင်ကိုစိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးညီညီအောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးတို့က လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**



## လယ်ယာမြေဧက ၆၀၀ အကျိုးပြုမည့် ကုန်ထုတ်လမ်းဖောက်လုပ်

**ကောလင်း မတ် ၇**
စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ပေကုန်းကျေးရွာရှိ လယ်ယာမြေဧက ၆၀၀ မှ လယ်ယာထွက်ကုန်များ ဈေးကွက်သို့အချိန်မီရောက်ရှိစေရေး ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်လျက်ရှိကြောင်း ကောလင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ပေကုန်းကျေးရွာ ကုန်ထုတ်လမ်းမှာ အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ ဒုမြေသားနှစ်ပေ၊ ဂျင်းကိုးလက်မခင်းခြင်းလုပ်ငန်းနှင့် အချင်းသုံးပေ၊ အရှည်ပေ ၂၀ ရှိ Pipe Culvert သုံးခုတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်းကစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် ၉၅ ရာခိုင်နှုန်းအထိပြီးစီးနေပြီဖြစ်ကြောင်း ကောလင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ကျော်မျိုးက ပြောကြားသည်။

အဆိုပါကုန်ထုတ်လမ်းဖောက်လုပ်နေမှုအား ကောလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်မျိုး၊ ကောလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် ဝန်ထမ်းများသည် မတ် ၆ ရက် နံနက် ၁၀ နာရီက ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရေး အလေးထားဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ငြိမ်းသူ**

## ကန့်ဘလူမြို့နယ်၌ နယ်မြေမီးသတ်စခန်းများတည်ဆောက်နေမှု ၂၅ ရာခိုင်နှုန်းခန့်ပြီးစီး



**ကန့်ဘလူ မတ် ၇**
မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် နယ်မြေမီးသတ်စခန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေများဖြင့် ဇန်နဝါရီဒုတိယပတ်က စတင်ဆောက်လုပ်ခဲ့ရာ ယခုအခါ နယ်မြေမီးသတ်စခန်းများမှာ ၂၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ မြို့နယ်မီးသတ်စခန်းနဲ့ အလှမ်းကွာဝေးတဲ့နယ်မြေတွေမှာ သဘာဝဘေး၊ မီးဘေးအန္တရာယ်ကျရောက်ပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် နယ်မြေအလိုက် မီးသတ်စခန်းများကို တည်ဆောက်ခြင်းဖြစ်ပါတယ်။ နယ်မြေအလိုက် မီးသတ်စခန်းဆောက်လုပ်နေတဲ့နယ်မြေတွေကတော့ ကိုးထောင်ဘိုနယ်မြေ၊ ချပ်သင်းနယ်မြေ၊ ဇီးကုန်းနယ်မြေ၊ ကာဘိုးနယ်မြေတွေမှာ ဝန်ထမ်းနေအိမ်ပါတဲ့ နယ်မြေမီးသတ်စခန်းလေးလုံးကို ဆောက်လုပ်လျက်ရှိပြီး ဒေသခံပြည်သူများရဲ့ မီးဘေးလုံခြုံရေးနဲ့ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်" ဟု မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးကျော်သူက ပြောကြားသည်။

အဆိုပါ နယ်မြေမီးသတ်စခန်းများကို တင်ဒါအောင်ကုမ္ပဏီများက တာဝန်ယူတည်ဆောက်လျက်ရှိပြီး ယင်းနယ်မြေမီးသတ်စခန်းများသည် အလျားပေ ၅၀၊ အနံပေ ၄၀၊ အမြင့် ၃၅ ပေရှိ Steel Structure သုံးထပ် အဆောက်အအုံသစ် လေးလုံးကို နယ်မြေမီးသတ်စခန်းလေးခု၌ ယခုနှစ်ဇန်နဝါရီဒုတိယပတ်က စတင်ဆောက်လုပ်ခဲ့ရာတွင် လက်ရှိ ၂၅ ရာခိုင်နှုန်းစီပြီးစီးနေပြီဖြစ်သည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ကလေးမြို့၌ ဆိတ်အရောင်းအဝယ်ကောင်းသည့်အတွက် ဆိတ်မွေးမြူသူများအဆင်ပြေ



**ကလေး မတ် ၇**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ချင်းတောင်နှင့် တမူးဒေသများမှ ဆိတ်ဝယ်ယူမှုများပြားလာသည့်အတွက် ဆိတ်မွေးမြူသူများနှင့် ဆိတ်အရောင်းအဝယ်လုပ်ကိုင်သူများ တွက်ခြေကိုက် ဝင်ငွေကောင်းလာကြောင်း ကလေးမြို့နယ် တစ်ပိုင်တစ်နိုင်ဆိတ်မွေးမြူသူများထံမှ သိရသည်။

"ကျွန်မကတော့ အိမ်မှာ တစ်ပိုင်တစ်နိုင်အနေနဲ့ ဆိတ်ထီးတစ်ကောင်၊ ဆိတ်မနှစ်ကောင်၊ ဆိတ်သားပေါက်နှစ်ကောင် စုစုပေါင်း ငါးကောင်မွေးထားပါတယ်။ ဆိတ်နို့တစ်ရက်တစ်ခါညှစ်ရင် ဆိတ်နို့ ၁၀ ခွက်ဝန်းကျင်ရတယ်။ တစ်ခွက်ကို ငွေကျပ် ၁၀၀၀ နဲ့ရောင်းရတော့ တစ်နေ့ကျပ် ၁၀၀၀၀ ဝန်းကျင် ဝင်ငွေရပါတယ်။ အခုပွင့်လင်းရာသီမှာ ဆိတ်ဝယ်ယူသူတွေများတဲ့အတွက် ဈေးကောင်းရပြီး အဆင်ပြေနေကြပါတယ်" ဟု ကလေးမြို့ သဇင်ရပ်ကွက်မှ ဆိတ်မွေးမြူသူတစ်ဦးက ပြောကြားသည်။

ကလေးမြို့နယ်တွင် စီးပွားဖြစ်ဆိတ်မွေးမြူရေးလုပ်ကိုင်သူ မရှိသလောက်နည်းပါးပြီး တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူသူ ဆယ်ဂဏန်းဝန်းကျင်သာရှိသည့်အတွက် ရောင်းအားနည်းပြီး ဝယ်ယူမှုအားများနေသည့်အတွက် ဆိတ်မွေးမြူသူများ ဈေးကောင်းရကြောင်း၊ ယခုကာလတွင် ကလေးမြို့ ဆိတ်အရောင်းအဝယ်ဈေးကွက်အတွင်း အရွယ်ရောက်ပြီး ကြီးထွားသည့်ဆိတ်ထီးတစ်ကောင်လျှင် ငွေကျပ် ၁၀၀၀၀၀ ဝန်းကျင်ဈေးနှုန်းရှိပြီး ဆိတ်မတစ်ကောင် ငွေကျပ် ၅၀၀၀၀ မှ ၈၀၀၀၀ အတွင်း ဆိတ်အကောင်အကြီးအသေးပေါ်မူတည်၍အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဆိတ်မွေးမြူရေးလုပ်ငန်းသည် ခေတ်ရေစီးကြောင်းအရ တိုးပွားလာသည့် ပြည်သူလူထု၏ အသားစားသုံးမှုနှင့် အာဟာရလုံလောက်အောင် ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကြိုတင်စီမံဆောင်ရွက်သင့်သည့် လုပ်ငန်းအမျိုးအစားဖြစ်ပြီး ဆိတ်ကို စားကျက်ကောင်းသောနေရာ၊ အရိပ်အာဝါသကောင်းသောနေရာတွင် လွှတ်ကျောင်းစနစ်ဖြင့် စနစ်တကျထိန်းကျောင်းမွေးမြူပါက ကြီးထွားမှုနှုန်းမြန်ဆန်ခြင်း၊ ကျန်းမာသန်စွမ်းခြင်း၊ မျိုးပွားမှုမှန်ကန်ခြင်း စသည့်အကျိုးထူးများဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

**ချင်းတွင်းသား**


# ညောင်ဦးမြို့နယ်၌ ဘူးစိုက်တောင်သူများ ထွက်သလောက်ဈေးကောင်းရ

**ညောင်ဦး မတ် ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ဧရာဝတီမြစ်ရေကျပြီး မြေနုကျွန်းပေါ်ချိန် ဘူးစိုက်တောင်သူများ ဘူးသီးများထွက်ရှိသလောက် ဈေးကောင်းဖြင့် ရောင်းချနေရခြင်းကြောင့် မိသားစုဝင်ငွေတွက်ခြေကိုက်နေကြောင်း လက်ပံခြေပေါ်အုပ်စု ရွာသစ်ကုန်းကျေးရွာ ဘူးစိုက်တောင်သူ ဦးမင်းညိုက ပြောကြားသည်။


ညောင်ဦးမြို့နယ်တွင် ဧရာဝတီမြစ်ရေကျချိန် မြေနုကျွန်းဘူးစိုက်ပျိုးတောင်သူများ၊ လက်ပံခြေပေါ်ကျေးရွာ၊ သရက်ကုန်းကျေးရွာ၊ တောင်ဖက်တန်းကျေးရွာ၊ သစ်ထောင့်ကျွန်းကျေးရွာ၊ သူကောင်းတည်ကျေးရွာများသည် မြေအောက်ရေဖြင့် ဟင်းသီးဟင်းရွက်အမျိုးမျိုးစိုက်ပျိုးကြရာ ဈေးကွက်ရောင်းအားကောင်းပြီး မိသားစုဝင်ငွေတွက်ခြေကိုက်မည့် ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုးရောင်းချခဲ့ကြကြောင်း၊ ယခင်က ဘူးစိုက်ပျိုးခြင်းအား သီးထပ်သီးညှပ်အဖြစ်သာ စိုက်ပျိုးခဲ့ကြရာမှ ယခုအခါ ဘူးခင်းများသီးသန့်စိုက်ပျိုးလာခဲ့သည်။

ဘူးစိုက်ပျိုးတောင်သူများသည် ဒေသမျိုးရင်း ဘူးသီးများကို မျိုးထားကာစိုက်ပျိုးချိန် မျိုး(ပျိုး)စေ့ထုတ်ယူစိုက်ပျိုးကြကြောင်း၊ ဘူးသီးလုံးကြီးသည့် အလုံးကို မျိုးထားပြီး စိုက်ပျိုးခြင်းကြောင့်လည်း အသီးထွားကာ ရောင်းပန်းလှကြောင်း၊ ဘူးသီးတစ်ခါဆွတ်ထော်လာဂျီတစ်စီးတိုက် အမြဲရရှိကြောင်း၊ ဘူးသီးတစ်လုံးကျပ် ၅၀၀ မှ ၈၀၀ အထိ ရောင်းချရကာ ညောင်ဦး၊ ပခုက္ကူ၊ မြင်းခြံမြို့များသို့ သွားရောက်ရောင်းချခြင်းဖြင့် မိသားစု ဝင်ငွေတွက်ခြေကိုက်နေကြကြောင်း သိရသည်။



ယခင်က ဘူးစိုက်ပျိုးခြင်းအား အခြားဟင်းသီးဟင်းရွက်ခင်းများတွင် သီးထပ်သီးညှပ် စိုက်ပျိုးလာခဲ့ကြရာမှ ဘူးခင်းသပ်သပ်စိုက်ပျိုးမှုများရှိလာခဲ့ပြီး ဘူးပင်သည် ပူပြင်းသည့်နေကို ဒဏ်ခံနိုင်ခြင်း၊ ပြန်ကြည့်စရာမလိုခြင်းများကြောင့် ဘူးစိုက်ပျိုးသူ များလာကြောင်း ရွာသစ်ကုန်းကျေးရွာ ဘူးစိုက်တောင်သူ ဦးညိုမင်းက ရှင်းပြသည်။

**ကိုထိန်(KPD)**



# ပေသီးများ ဈေးကောင်းရရှိရေးမျှော်လင့်

**ကျောက်ထု မတ် ၇**

ယခုနှစ်တွင် ယောအရပ်ဒေသဖြစ်သည့် ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ၌ ပေပင်များသီးသဖြင့် ပေပင်ပိုင်ရှင်များသည် ဈေးကောင်းရရှိရန်မျှော်လင့်နေကြကြောင်း သိရသည်။

ပေပင်သည် တစ်ကြိမ်သာသီးပြီး ကျိုးငုက်သည်လည်း တစ်သားသာပေါက်သောကြောင့် ပေတစ်သီး ကျီးတစ်သားဟု ဆိုရိုးရှိရာ တစ်ကြိမ်သာသီးသည့် ပေသီးများဈေးကောင်းရရှိရန် မျှော်လင့်ကြခြင်းဖြစ်ကြောင်း၊ ပေပင်သီးသည့်နှစ်တွင် ဒေသတွင်းရှိ အရွယ်ရောက်ပေပင်များအားလုံး အသီးသီးကြကြောင်း ပေပင်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။

ပေပင်သက်တမ်း နှစ် ၅၀ ဝန်းကျင်တွင် သီးလေ့ရှိပြီး ပေသီးတစ်တင်းလျှင် ကျပ်သိန်း ၄၀ ကျော်ရခဲ့ဖူးကြောင်း သိရသည်။

ပေသီးကို မော်တော်ကားနောက်မီး၊ ကုလားထိုင်နောက်မှီများတွင် တပ်ဆင်အသုံးပြုကြသည့်အပြင် တရုတ်နိုင်ငံနယ်စပ်သို့ ပို့ဆောင်ရောင်းချကြမည်ဖြစ်ကြောင်း သိရသည်။

ပေပင်ကိုသီးခြားစိုက်ပျိုးကြခြင်းမျိုးမဟုတ်ဘဲ ယာမြေစပ်များ၌ စိုက်ပျိုးကြခြင်းဖြင့် ပေလက်၊ ပေရွက်များရရှိ၍ အမိုး၊ ချည်ကြိုးများအဖြစ်အသုံးပြုကြကာ ပေရွက်များမှ ပေစာချပ်များရရှိနိုင်သည့်အပြင် ပေလက်တံကြောများကို ပေတံမြက်စည်းပြုလုပ်သုံးစွဲကြကြောင်း သိရသည်။

**စိန်ကျော်**

# မင်းဘူး(စကု)မြို့နယ်၌ ကုလားပဲသီးနှံများစိုက်ပျိုးဖြစ်ထွန်း

**မင်းဘူး မတ် ၇**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ဥယျာဉ်ဇင်ကျေးရွာမှ တောင်သူများသည် ကုလားပဲသီးနှံများစိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဥယျာဉ်ဇင်ကျေးရွာ ကုလားပဲစိုက်တောင်သူများထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်သည် ကျေးရွာအုပ်စုပေါင်း ၆၈ အုပ်စုကျေးရွာပေါင်း ၁၅၀နှင့် မြေကေပေါင်း ၆၀၅၃၄ ဒသမ ၆၆ ဧကရှိကာ ကျေးလက်နေပြည်သူများမှာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး အချို့ကျေးရွာများရှိ တောင်သူများက ဥယျာဉ်ခြံမြေများအဖြစ် ပြုစုပျိုးထောင်ကြ၍ သီးပင်စားပင်မျိုးစုံနှင့် နှစ်ရှည်ပင်များဖြစ်သည့် သရက်၊ လျှော်ဖြူ၊ သနပ်ခါး၊ ဆီးပင်များ စိုက်ပျိုးလုပ်ကိုင်ကြပြီး တချို့တောင်သူများကလည်း နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်များ တွဲဖက်မွေးမြူကြကြောင်း သိရသည်။

"ကျွန်တော်တို့ ဥယျာဉ်ဇင်ကျေးရွာကတော့ မုန်းဆည်ကိုအမှီပြုပြီး စိုက်ပျိုးကြသူတွေရှိသလို မြေအောက်ရေတူးဖော်ပြီး စိုက်ကြသူတွေလည်းရှိပါတယ်။ ယခုလိုဆောင်းတွင်းကာလရဲ့ အအေးဓာတ်နဲ့ စိုက်ပျိုးထားတဲ့သီးနှံတွေကတော့ မြေပွပြီး အောက်ဘက်မှာ အစိုဓာတ်နည်းနည်းနဲ့ အအေးဓာတ်ရှိနေရင် သီးနှံပင်တွေဖြစ်ထွန်းပါတယ်။ ကျွန်တော်တို့အလယ်ပိုင်းဒေသကအပူများတယ်ဆိုပေမယ့် ကုလားပဲ၊ မတ်ပဲ၊ ပဲတီစိမ်းစတဲ့ သီးနှံတွေတော့ စိုက်လို့ရပါတယ်။ အဲဒီစိုက်ခင်းတွေ နောက်ကျသွားလည်း ကိစ္စမရှိဘူးလေ၊ သူတို့က တပို့တွဲ၊ တပေါင်းမှ သီးနှံတွေပေါ်ကြတာပါ" ဟု ဥယျာဉ်ဇင်ကျေးရွာမှ ကုလားပဲစိုက်တောင်သူ ဦးထွန်းမြင့်က ပြောကြားသည်။

ဥယျာဉ်ဇင်ကျေးရွာမှတောင်သူများသည် သီးနှံမျိုးစုံစိုက်ပျိုးထားကြပြီး ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ခရမ်းချဉ်၊ မြေပဲ၊ ဖူးစားပြောင်း၊ နံနံ၊ ဘူး၊ ခရမ်းပင်နှင့် ကုလားပဲများစိုက်ပျိုးထားကြကြောင်းသိရပြီး ကုလားပဲသီးနှံများသည် လက်ရှိတစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဈေးရှိကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**

# ကုလားမုန်ညင်းဈေးကောင်း စိုက်ပျိုးတောင်သူများ အဆင်ပြေ

**ကောလင်း မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်အတွင်းရှိ လက်ပံကွေ့၊ ခွင်တောင်း၊ ယောမြေနီ၊ ကျွန်းလှခုံ၊ အောက်ဇီးဖြူပင်ကျေးရွာများနှင့် ဝန်းသိုမြို့နယ်အတွင်းရှိ ဇီးဖြူပင်၊ ငွေ့ကြီး၊ လက်ပံကြီးတော၊ အုပ်ဖို၊ စိန်လည်၊ ရှမ်းစု၊ သရက်အိုက်၊ အောင်းကုန်း၊ သပြေသာကျေးရွာများသည် ဒေါင်းမြူးချောင်းကို အခြေခံ၍ သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ကုလားမုန်ညင်းသည် အရင်းအနှီးအနည်းငယ်၊ မြေအကျယ်အဝန်းအနည်းငယ်၊ အချိန်တိုအတွင်း စိုက်ပျိုးနိုင်သော သီးနှံတစ်မျိုးဖြစ်သည်။

"ကျွန်တော်တို့ဆီမှာက ဆောင်းသီးနှံ ကုလားမုန်ညင်းကိုစိုက်ပျိုးမှုနည်းပြီး ကိုက်လံ၊ တစ်လမုန်ညင်း၊ ကန့်လန့်ဆိုင်များကို ပိုမိုစိုက်ပျိုးကြပါတယ်။ ကုလားမုန်ညင်းက နွေရာသီမှာ ပိုမိုဖြစ်ထွန်းအောင်မြင်တဲ့အတွက် နွေရာသီမှာ ပိုမိုစိုက်ပျိုးကြပါတယ်။ လက်တစ်ကိုင်စည်းကို ငွေကျပ် ၁၁၀ နှုန်းရောင်းရပြီး တစ်ရက်ခြားတစ်ခါကောက်ကို အစည်း ၃၀၀ မှ ၄၀၀ ရရှိတဲ့အတွက် နေ့စဉ်ဝင်ငွေကျပ် ၁၅၀၀၀ အထိ ရရှိပါတယ်။ ကုလားမုန်ညင်းစိုက်ပျိုးသူများမှာ ကုန်ကျစရိတ်အနည်းငယ်ဖြင့် အမြတ်များများရရှိတဲ့အတွက် အဆင်ပြေပါတယ်"ဟု ခွင်တောင်းကျေးရွာမှ ကုလားမုန်ညင်းစိုက်ပျိုးသူတစ်ဦးက ပြောကြားသည်။

အဆိုပါကျေးရွာများတွင် ကုလားမုန်ညင်းကို တောင်သူအများစုက စိုက်ပျိုးကြသော်လည်း တစ်ဦးလျှင် အများဆုံးအဖြစ် ကေဝက်ခန့်ထိသာ စိုက်ပျိုးကြပြီး တစ်မျိုးတည်းစိုက်ပျိုးခြင်းထက် သီးနှံမျိုးစုံကိုမျှတစွာ စိုက်ပျိုးခြင်းကပိုမိုများကြပြီး သီးနှံတစ်မျိုးဈေးမကောင်းပါကအခြားဈေးကွက်ကောင်းသောသီးနှံဖြင့် အကျိုးအမြတ်ပြန်ရရှိရန်ရည်ရွယ် စိုက်ပျိုးကြခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

# ကျောက်ဆည်မြို့နယ်၌ ဇွန်ပန်းများ စတင်ပေါ်သော်လည်း ရောင်းအားကျဆင်း

**ကျောက်ဆည် မတ် ၇**

ဇွန်ပန်းသည် စံပယ်ပန်းကဲ့သို့ လူကြိုက်များသော ပန်းတစ်မျိုးဖြစ်ကာ ယခုအခါ ဇွန်ပန်းများ စတင်ပေါ်ပြီဖြစ်သော်လည်း ရောင်းအားမကောင်းသောကြောင့် ဇွန်ပန်းစိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေရှာဖွေနေသူများ ဝင်ငွေနည်းပါးမှုများနှင့်ကြုံတွေ့နေရကြောင်းလည်း သိရသည်။

"ကျွန်မတို့မိသားစုအနေနဲ့ ဇွန်ပန်းရုံ ၃၀၀ စိုက်ပျိုးထားပါတယ်။ အခုဆိုရင်ဇွန်ပန်းတွေ စတင်ပွင့်ပြီဖြစ်တာကြောင့် တစ်နေ့ဇွန်ပန်းရုံတစ်ရုံမှ ဇွန်ပန်းအငုံ နို့ဆီဘူးတစ်ဘူးနီးပါး ဆွတ်ခူးရပြီး ပန်းအငုံ ၈၀ ငုံပါ ပန်းကုံး ၁၂ ကုံးရပါတယ်။ တစ်ကုံးကို ငွေကျပ် ၃၀ ရောင်းချရပါတယ်။ တစ်နေ့ပန်းအကုံး ၃၆၀၀ ခန့်ရပါတယ်၊ အရင်ပန်းအရောင်းအဝယ်ကောင်းတဲ့နှစ်တွေမှာ ဇွန်ပန်းတစ်ကုံးကို ပန်းအငုံ ၆၀ သီကုံးရပါတယ်၊ ရောင်းချမှုအနေနဲ့ကတော့ အရင်နှစ်တွေကလို ပန်းအဝယ်ဒိုင်တွေက နေအိမ်မှာ လာဝယ်သော်လည်း ပန်းအငုံများ ပိုကုံးပေးရပြီး ရောင်းပန်းလှစေဖို့အတွက်လည်းပြင်ဆင်ပေးရပါတယ်" ဟု ပင်တလယ်ကျေးရွာအုပ်စု ထားဝယ်ကျေးရွာမှ ဇွန်ပန်းစိုက်ပျိုးရောင်းချသည့် မဝေဇင်မိုးက ပြောကြားသည်။



အဆိုပါကျေးရွာတွင်အိမ်ထောင်စု ၁၈၅ စုခန့်နေထိုင်လျက်ရှိပြီး မိသားစုဝင်တိုင်းတစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိရေးအတွက် ဇွန်ပန်းရုံများကို လူနေအိမ်ဝိုင်းမြေကွက်လပ်များတွင်သာမက ယာမြေများတွင်လည်း စိုက်ပျိုးထားရှိပြီး မိသားစုဝင်ငွေရရှိရေးဇွန်ပန်းပင်များ စိုက်ပျိုးခူးဆွတ်ရောင်းချလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# စာချုပ်သစ်မချုပ်ဆိုနိုင်ခဲ့ပါက ဗာရာနီကို ရီးယဲလ်မက်ဒရစ် ရောင်းချမည်



ရီးယဲလ်မက်ဒရစ်အသင်းဟာ ပြင်သစ်နောက်တန်းကစားသမား ဗာရာနီကို စာချုပ်သစ်မချုပ်ဆိုနိုင်ခဲ့ပါက အခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလအတွင်းမှာ ရောင်းချသွားမှာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

နောက်တန်းကစားသမား ဗာရာနီဟာ အခုနှစ် ဧပြီလအတွင်းမှာ အသက် ၂၈ နှစ်ပြည့်မှာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းဆီကို ၂၀၁၁ ခုနှစ်အတွင်းက ရောက်ရှိလာခဲ့တာ ဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ် အသင်းဟာ နောက်တန်းကစားသမား ရာမို့စ် ဒဏ်ရာပြဿနာကြောင့် မပါဝင်နိုင်ခဲ့တာကြောင့် နောက်တန်းခံစစ်ကြောင်းမှာ ဗာရာနီကိုသာ အားထားနေရတာ ဖြစ်ပါတယ်။

နောက်တန်းကစားသမား ဗာရာနီရဲ့ လက်ရှိကလပ် ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၂ ခုနှစ်အတွင်းမှာ ကုန်ဆုံးမှာဖြစ်ပြီး စာချုပ်သက်တမ်းကုန်ဆုံးဖို့ နီးစပ်နေပြီဖြစ်တာမို့ ရီးယဲလ်မက်ဒရစ်အသင်းက စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။

လက်ရှိမှာ ပရီမီယာလိဂ်ကလပ် မန်ယူအသင်းက နောက်တန်းကစားသမား ဗာရာနီကို ခေါ်ယူဖို့ စောင့်ကြည့်မှုတွေ ပြုလုပ်လျက်ရှိပြီး ရီးယဲလ်မက်ဒရစ်အသင်းက ဗာရာနီရဲ့ ပြောင်းရွှေ့ကြေးကို ပေါင် သန်း ၆၀ သတ်မှတ်ထားတာဖြစ်ပါတယ်။

# ဘိုင်ယန်မြူးနစ်အသင်းက တိုက်စစ်မှူး ဟာလန်းကို ခေါ်ယူရန် စိတ်ဝင်စားနေ

ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဟန်ဆီဖလစ်ဟာ ဂျာမန်ဘွန်ဒက်လီဂါပြိုင်ဘက် ဒေါ့မွန်အသင်းမှ နော်ဝေတိုက်စစ်မှူး ဟာလန်းကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။

တိုက်စစ်မှူးဟာလန်းဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ဒေါ့မွန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘွန်ဒက်လီဂါပွဲစဉ်မှာလည်း အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ပြီး အဲဒီပွဲစဉ်မှာ သွင်းဂိုးနှစ်ဂိုးကို ပွဲစပြီး ကိုးမိနစ်အတွင်းမှာ သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဟန်ဆီဖလစ်အနေနဲ့ ပိုလန်တိုက်စစ်မှူး လီဝန်ဒိုစကီး အသင်းကနေထွက်ခွာပါက အရန်သင့်အစားထိုးနိုင်ဖို့အတွက် တိုက်စစ်မှူး ဟာလန်းကို ခေါ်ယူရန် ပစ်မှတ်ထားနေတာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဟာလန်းကို ဘိုင်ယန်မြူးနစ်အသင်းအပြင် အခြားသော ဥရောပကလပ်အသင်းတွေဖြစ်တဲ့ မန်ယူအသင်း၊ ချယ်လ်ဆီးအသင်း၊ မန်စီးတီးအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ကလည်း ခေါ်ယူဖို့ပစ်မှတ်ထားနေပြီး ရီးယဲလ်မက်ဒရစ်အသင်းကတော့ တိုက်စစ်မှူး ဘင်ဇီမာနေရာမှာ အစားထိုးဖို့ တိုက်စစ်မှူး ဟာလန်ကို ပစ်မှတ်ထားနေတာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဟာလန်းရဲ့ လက်ရှိကလပ် ဒေါ့မွန်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၄ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်ပေမယ့် ဥရောပကလပ်အသင်းအများစုကတော့ အခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူနိုင်ဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။ ဒေါ့မွန်အသင်းဟာ တိုက်စစ်မှူး ဟာလန်းကို နွေရာသီဈေးကွက်အတွင်း ရောင်းချဖို့ အစီအစဉ်မရှိပေမယ့် ဟာလန်းရဲ့ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၁၅၀ အထိ သတ်မှတ်ထားတယ်လို့ သိရပါတယ်။



# စတုဂတ်တိုက်စစ်မှူး ဆာဆာကာလာဇစ်ကို ခေါ်ယူရန် ဝက်စ်ဟမ်း၊ လိုက်ပ်ဇစ်နဲ့ ရိုးမားအသင်းတို့ အပြိုင်ကြိုးပမ်းနေ

ဝက်စ်ဟမ်းအသင်း၊ လိုက်ပ်ဇစ်အသင်းနဲ့ ရိုးမားအသင်းတို့ဟာ စတုဂတ်တိုက်စစ်မှူး ဆာဆာကာလာဇစ်ကို ခေါ်ယူဖို့ အပြိုင်ကြိုးပမ်းနေတယ်လို့ သိရပါတယ်။

ဝက်စ်ဟမ်းအသင်းနည်းပြ ဒေးဗစ်မိုယက်ဟာ ချယ်လ်ဆီးအသင်းမှ အေဘရာဟမ်ကိုလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေပြီး စတုဂတ်အသင်းက တိုက်စစ်မှူး ဆာဆာကာလာဇစ်ကို ပြောင်းရွှေ့ကြေး ပေါင် ၁၅ သန်းနဲ့ ရောင်းချဖို့ ဆန္ဒရှိနေတာကြောင့် ဝက်စ်ဟမ်းအသင်းအနေနဲ့ ဆာဆာကာလာဇစ်ကို ခေါ်ယူဖို့ ပထမဦးစားပေးအဖြစ် သတ်မှတ်လာခဲ့တာ ဖြစ်ပါတယ်။ တိုက်စစ်မှူး ဆာဆာကာလာဇစ်ကိုယ်တိုင်ကလည်း ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းဆီ ပြောင်းရွှေ့ကစားဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။




တိုက်စစ်မှူးဆာဆာကာလာဇစ်ဟာ နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်ခြောက်ပွဲမှာ သွင်းယူခဲ့တဲ့ သွင်းဂိုးခြောက်ဂိုးအပါအဝင် အခုနှစ်ဘောလုံးရာသီမှာ စုစုပေါင်း သွင်းဂိုး ၁၂ ဂိုးအထိ သွင်းယူထားနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

# ပီအက်စ်ဂျီအသင်းက နွေရာသီဈေးကွက်အတွင်း မန်ယူဂိုးသမား ဒီဂီယာကို ခေါ်ယူမည်ဟုဆို

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းဟာ ပရီမီယာလိဂ်ကလပ် မန်ယူအသင်းမှ စပိန်ဂိုးသမား ဒီဂီယာကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

ပီအက်စ်ဂျီအသင်းနည်းပြ ပိုချက်တီနိုက အသက် ၃၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂိုးသမား ကီလာနားဗက်စ်နေရာမှာ အစားထိုးဖို့ မန်ယူဂိုးသမား ဒီဂီယာကို မျက်စိကျနေတာဖြစ်တယ်လို့လည်း ဆိုပါတယ်။ ဂိုးသမား ဒီဂီယာဟာ မန်ယူအသင်းနဲ့အတူ ဆယ်စုနှစ်တစ်ခုကြာ ဖြတ်သန်းခဲ့တာဖြစ်ပေမယ့် လာမယ့် ဘောလုံးရာသီမှာ အိုးထရက်ဖို့ဒ်၌ ဆက်ရှိနေဖို့ မသေမချာဖြစ်နေတာ ဖြစ်ပါတယ်။

မန်ယူအသင်းမှ ဂိုးသမား ဒီဂီယာထွက်ခွာသွားပါက ဂိုးသမား ဟန်ဒါဆန်အနေနဲ့ မန်ယူအသင်းရဲ့ နံပါတ်တစ်ဂိုးသမား ဖြစ်လာဖို့ မျှော်လင့်ထားတာ ဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းက ဂိုးသမားဒီဂီယာကို မန်ယူအသင်းမှာ ရရှိနေတဲ့ တစ်ပတ်လုပ်ခလစာပေါင် ၃၇၅၀၀၀ အတိုင်းပေးပြီး ခေါ်ယူဖို့ရှိနေပြီး မန်ယူအသင်းကလည်း ဂိုးသမားဒီဂီယာကို ရောင်းချဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။



စပါးအသင်း ဂိုးသမား ဟူဂိုလိုးရစ် ဟာလည်း လာမယ့် နွေရာသီ အပြောင်းအရွှေ့ကာလ အတွင်းမှာ လက်ရှိ စာချုပ် သက်တမ်း ကုန်ဆုံးမှာ ဖြစ်တာကြောင့် ပီအက်စ်ဂျီအသင်းက ဟူဂိုလိုးရစ်ကို ခေါ်ယူဖို့ ပစ်မှတ်ထားခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ ဂိုးသမား ဒီဂီယာကိုသာ ဦးစားပေးခေါ်ယူဖို့ ဆန္ဒရှိနေတာ ဖြစ်ပါတယ်။

ဂိုးသမားဒီဂီယာဟာ မန်ယူအသင်းနဲ့အတူ လက်ရှိအချိန်အထိ ပွဲပေါင်း ၄၃၄ ပွဲပါဝင်ကစားပေးထားတာ ဖြစ်ပြီး လွန်ခဲ့တဲ့ ဘောလုံးရာသီတွေအတွင်းက ကမ္ဘာ့အကောင်းဆုံး ဂိုးသမားတွေထဲက တစ်ဦးအပါအဝင်အဖြစ် သတ်မှတ်ခံခဲ့ရတာ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

❖ **ဒေါ့မွန်အသင်းမှ**

ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မှူး လီဝန်ဒိုစကီးဟာ အခုပွဲစဉ်မှာ သွင်းဂိုးသုံးဂိုးအထိ သွင်းယူနိုင်ခဲ့တာကြောင့် ဂျာမန်ဘွန်ဒက်လီဂါ သွင်းဂိုး စုစုပေါင်း ၂၆၇ ဂိုးအထိရှိလာခဲ့တာ ဖြစ်ပါတယ်။ ဒေါ့မွန်အသင်း တိုက်စစ်မှူး ဟာလန်းကတော့ အခုပွဲစဉ်မှာ သွင်းယူခဲ့တဲ့ သွင်းဂိုးနှစ်ဂိုးအပါအဝင် ပြိုင်ပွဲအရပ်ရပ် သွင်းဂိုး စုစုပေါင်း ၁၀၀ ပြည့်မြောက်ခဲ့တာ ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားဒုတိယနေရာမှာ ရပ်တည်နေတဲ့ လိုက်ပ်ဇစ်အသင်းကို နှစ်မှတ်ဖြတ်ကာ အမှတ်ပေးဇယားထိပ်မှာ ဦးဆောင်နိုင်ခဲ့ပြီး ဒေါ့မွန်အသင်းကတော့ ဘိုင်ယန်မြူးနစ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့် ၄ နေရာက ဖရန့်ဖက်အသင်းအောက် လေးမှတ်လျော့ အနေအထားနဲ့ အမှတ်ပေးဇယားအဆင့် ၆ နေရာမှာ ရပ်တည်ခဲ့တာ ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာလာမယ့် ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် ၂၅ အဖြစ် မတ် ၁၃ ရက်မှာ ဝါဒါဘရီမင်အသင်းရဲ့ အိမ်ကွင်းကို သွားရောက်ကစားရမှာဖြစ်ပြီး ဒေါ့မွန်အသင်းကတော့ လာမယ့်ပွဲစဉ်မှာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် မတ် ၉ ရက်မှာ ဆီဗီလာအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

# မြောက်ဦးမြို့၌ အောက်ဆီဂျင်ထုတ်လုပ်မည့် စက်ရုံတည်ဆောက်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**မြောက်ဦး မတ် ၇**

ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် ရတနာ့မာရ်အောင်ကျောင်းတိုက်မှ မြောက်ဦးဆရာတော်ကြီး ဝနဝါသီအရှင်ဝါယာမိန္ဒ ဦးစီးလျက် ရခိုင်ပြည်လုံးကျွတ် အောက်ဆီဂျင် လုံလောက်စွာရရှိနိုင်ရေးအတွက် အောက်ဆီဂျင်ထုတ်လုပ်ပေးနိုင်သည့် စက်ရုံတည်ဆောက်ရန်အတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ထမ္မရာဇ်ရပ်ကွက် ခရိုင်ပြည်သူ့ဆေးရုံကြီးရှေ့ စက်ရုံတည်ဆောက်မည့်မြေနေရာအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို ကြွရောက်လာကြသော ဆရာတော်သံဃာတော်များထံမှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေါ်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ ဆက်လက်၍ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ကျင်းပရာ ဆရာတော်သံဃာတော်များက သတ်မှတ်ထားသောနေရာများ၌ မင်္ဂလာရွှေအုတ်၊ ငွေအုတ်များအား အသီးသီးအုတ်မြစ်ချကြပြီးနောက် တက်ရောက်လာသော အလှူရှင်စေတနာရှင်များက စက်ရုံတည်ဆောက်ရန်အတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယခုဆောက်လုပ်မည့် အောက်ဆီဂျင် ထုတ်လုပ်ပေးနိုင်သည့် စက်ရုံမှာ အလျား ပေ ၅၀၊ အနံ ပေ ၂၀ နှင့်အမြင့် ၁၈ ပေရှိ RC အဆောက်အအုံဖြစ်ပြီး တည်ဆောက်ပြီးစီးပါက တစ်နေ့လျှင် အောက်ဆီဂျင်ဘူး ၄၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ပုဏ္ဏားကျွန်း၊ ယိုးတရုတ်၊ ကျောက်တော်၊ အပေါက်ဝ၊ တိန်ညို၊ ပန်းမြောင်း၊ မြောက်ဦး၊ မြောင်းဘွေ၊ မင်းပြား၊ မြေပုံ၊ ပေါက်တောနှင့် ကမ်းထောင့်ကြီးမြို့နယ်များရှိ ပြည်သူ့ဆေးရုံများတွင် လာရောက်ဆေးကုသမှုခံယူနေကြသော လူနာများနှင့် ပြင်ပမှအရေးပေါ် လူနာများ၏ အောက်ဆီဂျင် အရေးပေါ်လိုအပ်ချက်များအား အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း မြောက်ဦးမြို့ နန်းရိပ်ကရုဏာအောက်ဆီဂျင် အခမဲ့ကူညီရေးအသင်းဥက္ကဋ္ဌ ဦးမောင်ဝင်းချေထံမှ သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**



# လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် မြန်မာနိုင်ငံစီးပွားရေး၏ အဓိကကျောရိုးသဖွယ်ဖြစ်

**မင်းဘူး မတ် ၇**

လယ်ယာစိုက်ပျိုးရေး လုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ အဓိကကျောရိုးသဖွယ်ဖြစ်သည်ဟု အဆိုရှိခဲ့သည်။ စက်မှုလက်မှုထွန်းကားသော နိုင်ငံဖြစ်လင့်ကစား လယ်ယာစိုက်ပျိုးမှုကို အထူးတလည် ဦးစားပေး၍ လုပ်ကိုင်ဆောင်ရွက်ကြသည်။

စက်မှုလက်မှုကို လုံးဝအားမကိုးနိုင်သေးသော မြန်မာနိုင်ငံအတွက် လယ်ယာစိုက်ပျိုးရေးသည် မည်မျှအားကိုးအားထားထိုက်၍ စိုက်ပျိုးရေးနှင့် ပတ်သက်သောကိစ္စအဝဝကို ပြောဖွယ်ရာရှိနိုင်မည်မထင်ပေ။ ၁၉၀၁ ခုနှစ်တွင် ဆန်စပါးစိုက်ပျိုးသော လယ်ဧကပေါင်း ရှစ်သန်းခွဲခန့်သာ ရှိသော်လည်း ၁၉၄၁ ခုနှစ်တွင် လယ်ဧကပေါင်း ၁၂ သန်းခွဲအထိ တိုးချဲ့စိုက်ပျိုးလုပ်ကိုင်ကြသည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီ ၁၉၃၀ မှ ၁၉၄၀ ပြည့်နှစ်အတွင်း ပျမ်းမျှစိုက်ဧကပေါင်း ၁၇ သန်းကျော်ခန့် ကောက်ပဲသီးနှံမျိုးစုံ စိုက်ပျိုးလုပ်ကိုင်ကြသည့်အနက် ဆန်စပါး ဧကပေါင်း ၁၂ သန်းကျော် စိုက်ပျိုးနိုင်ခဲ့ကြသဖြင့် ဆန်စပါးသည် အရေးအကြီးဆုံး သီးနှံဖြစ်ကြောင်း သိသာထင်ရှားလှပေသည်။ ထို့ကြောင့် ယင်းသီးနှံကို “မြန်မာ့သွေးခဲ-ကျောက်မျက်ရွဲ” ဟု ကုန်သည်များက တင်စားခေါ်ဝေါ်သမုတ်ကြလေသည်။

ကမ္ဘာပေါ်တွင် ဆန်စပါးသည် အရေးအကြီးဆုံး အာဟာရပါသည့် သီးနှံတစ်ခုဖြစ်သည်။ ၉၅ ရာခိုင်နှုန်းမျှရှိသော ကမ္ဘာ့ဆန်စပါးကို အာရှတိုက်မှရရှိသည်။ အာရှတိုက်၌ ဆန်စပါးစိုက်ပျိုးရရှိသော နိုင်ငံတို့အနက် မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်မဖြစ်မီက နှစ်စဉ် ဆန်တန်ချိန်ပေါင်း ခုနစ်သန်းခန့်ထွက်ရှိသည်။ ဆန်တန်ချိန် သုံးသန်းခွဲခန့် ကမ္ဘာ့ဆန်ရောင်းဝယ်ရေးလုပ်ငန်း၏ ၄၆ ရာခိုင်နှုန်းကို နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်သဖြင့် မြန်မာနိုင်ငံမှ ဆန်စပါး၏ အရေးပါပုံကို ခန့်မှန်းနိုင်ပေသည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၁၀၀ ရှိလျှင် ၇၀ ရာခိုင်နှုန်းသည် လယ်ယာလုပ်ကိုင်သူများဖြစ်ကြသဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေး၊ ကြီးပွားရေးသည် လယ်ယာကိုင်းကျွန်း ခြံမြေဥယျာဉ်လုပ်ငန်းများပေါ်တွင် အဓိကတည်လျက်ရှိလေသည်။ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် မြန်မာနိုင်ငံစီးပွားရေး၏ အဓိကကျောရိုးတစ်ခု ဖြစ်ပေသည်။

ထိုသို့မိုးလေဝသ ရေမြေတောတောင် အစရှိသော သဘာဝအားဖြင့် ပြည့်ဖြိုးစုံလင်စိုက်ပျိုးမှု ဂုဏ်အင်များ ထွန်းကားလျက်ရှိသော လယ်ယာကိုင်းကျွန်း ဥယျာဉ်ခြံမြေ လုပ်ကိုင်မှုအခြေအနေကို မွမ်းမံပြုပြင်မြှင့်တင်ပေးရမည့် လုပ်ငန်းစီမံချက် ကိစ္စဟူသမျှတို့၌ စိတ်ပါဝင်စားစွာ အားပေးဆောင်ရွက်ကြခြင်းဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာ့စပါးကျီအဖြစ် နိုင်ငံတကာအလယ်တွင် ပိုမိုတင့်တယ်နိုင်စေရန် ကြိုးပမ်းအားထုတ်ကြရပေတော့မည်။

**ဇေယျာထက်(မင်းဘူး)**



# ငါ့သရောက်မြို့၌ နွားစာရှားပါးခြင်းကြောင့် သစ်ရွက်၊ သစ်သီးများ ခူးကျွေးနေရ

**ငါ့သရောက် မတ် ၇**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ ကျေးလက်တောင်သူများ နွေဦးမပေါက်ခင်မှာပင် နွားစာရှားပါးမှုကြောင့် သစ်ရွက်၊ သစ်သီးများ ခူးယူကျွေးနေရပြီဖြစ်ကြောင်း ဆင်သားမွေးကျေးရွာ တောင်သူ ဦးခင်မောင်ထွန်းက ပြောသည်။

ညောင်ဦးခရိုင် ငါ့သရောက်မြို့သည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွင်ပါဝင်ကာ နှစ်စဉ်နှစ်တိုင်း မိုးရေချိန် ၂၀ လက်မရွာသွန်းသည်ဆိုသော်လည်း နှစ်တိုင်း မိုးရေချိန် ၁၅ လက်မအောက်သာရွာသွန်းလေ့ရှိခြင်းကြောင့် ငါ့သရောက်မြို့တွင် နှစ်တိုင်း ဆောင်းလယ်ရောက်လျှင် နွားစာခက်ခဲမှု စတင်ကြုံတွေ့ရလေ့ရှိကြောင်း သိရသည်။

နွားစာ ရှားပါးချိန် နွေဦးပေါက်တွင် ကျေးလက်တောင်သူများက ထနောင်းရွက်၊ ရှားရွက်၊ ရှားသီး၊ တမာရွက်၊ ညောင်ရွက်၊ ပင်းခံရွက်၊ လဲလူရွက်၊ ကုက္ကိုရွက်၊ ဖလန်ရွက်နှင့် စွယ်တော်ရွက်များ နှစ်စဉ်ဆွတ်ခူးကျွေးရလေ့ရှိကြောင်း၊ နွားစာအတွက် ပြောင်းများ၊ မြေပဲရိုးများ၊ ပဲစင်းငုံမှော်များ ကျွေးရသော်လည်း မိုးမကောင်း၍ အပင်ဖြစ်ထွန်းမှုမရှိခြင်းက နွားစာအတွက် အခက်အခဲဖြစ်ပေါ်စေခဲ့ကြောင်းလည်း သိရသည်။ နွားစာမြက်ပေါ်ချိန်အထိ သစ်သီးသစ်ရွက်များ ရှာဖွေဆွတ်ခူးကျွေးနေရပြီး ထန်းသီးပေါ်ချိန်၊ ထန်းနို့ထွက်ချိန်များတွင် နွားစာအတွက် ကျေးလက်တောင်သူများ စိတ်အေးရပြန်ကာ ထန်းသီးနှင့် ထန်းနို့များအား နွားစာအဖြစ် စဉ်းကျွေးကြကြောင်းလည်း တောင်တောကျေးရွာ တောင်သူ ဦးစိုးမင်းက ရှင်းပြသည်။

ငါ့သရောက်မြို့ ကျေးလက်တောင်သူများသည် ခိုင်းနွားများအတွက်သာ နွားစာခက်ခဲသည်မဟုတ်ဘဲ စီးပွားဖြစ်မွေးမြူကြသည့် နွားအုပ်များလည်း တောထဲတောင်ထဲတွင် နွားစာမြက်အလွန်ရှားပါးလာကြောင်း၊ တောထဲနွားကျောင်းသွားချိန် ဝါးလုံးရှည်တစ်လုံး နွားကျောင်းသွားရင်းယူသွားရလေ့ရှိကာ ထနောင်းပင်မှ ထနောင်းသီးများ၊ ရှားပင်မှ ရှားသီးများပုတ်ချပြီး နွားအုပ်များအားမြက်အစား ထနောင်းသီး၊ ရှားသီးများကျွေးရလေ့ရှိကြောင်းလည်းသိရကာ ခိုင်းနွားများအတွက်လည်း ထနောင်းသီး၊ ရှားသီးများ ရှာဖွေပုတ်ချကောက်ယူပြီး ပြောင်းရိုး၊ သစ်ရွက်များ၊ ထန်းသီး၊ ထန်းနို့များဖြင့် ရောကျွေးလေ့ရှိကြောင်း သိရကာ နွေဦးပေါက်မှာပင် နွားစာမြက်ရှားပါးနေပြီဖြစ်ကြောင်း ကုလားတဲကျေးရွာမှ တောင်သူ ဦးသန်းထိုက်က ရှင်းပြ၍ သိရသည်။

**ကိုထိန်၊ KPD၊ အေးအေးမိုး(ငါ့သရောက်)**

## တရားမဲ့ဖမ်းဆီးခံရမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ လူ့ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်မှုနှင့် ဖိအားပေးခြိမ်းခြောက်မှုခံကြရသော နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူလူထုများနှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ နိုင်ငံတော်မှထုတ်ပြန်ထားသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တို့အား လိုက်နာခြင်းမရှိဘဲ ဆူပူဆန္ဒဖော်ထုတ်လျက်ရှိသူများသည် လုံခြုံရေးတာဝန်ဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အချို့အား လုပ်ငန်းတာဝန်ဆောင်ရွက်၍မရအောင် တိုက်ခိုက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ရိုက်ပုတ် ထိုးနှက်ခြင်း၊ အလားတူ နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများအား CDM ပြုလုပ်စေရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်း၊ အငြိမ်းစားတပ်မတော်သားများ၊ အငြိမ်းစားရဲတပ်ဖွဲ့ဝင်များနှင့် အချို့သော ပြည်သူလူထုအား ရဲသတင်းပေး၊ စစ်သတင်းပေးဟုစွပ်စွဲကာ မတရားဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရိုက်ပုတ်ထိုးကြိတ်ခြင်း၊ အရှက်ရစေရန် ကတုံးတုံးခြင်း၊ ဆံပင်ထိပ်ကွက်ခြင်း၊ မျက်ခုံးမွေးရိတ်ခြင်း၊ ရာသက်ပန်ရုပ်အဆင်းပျက်စေရန်နှင့် အရှက်ရစေရန် မျက်နှာအား တက်တူးထိုးခြင်းများ စသည့် မင်းမဲ့စရိုက်ဆန်စွာ ညှဉ်းပန်းနှိပ်စက်ပြုမူ ကျူးလွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၂။ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်း မပြုနိုင်အောင် ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်းပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ၊ ၁၈၆၊ ၁၈၉ နှင့် ၃၅၃ အရ လည်းကောင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ရိုက်နှက်ခြင်းများပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၃၃၂၊ ၃၃၃၊ ၃၄၂ အရ လည်းကောင်း၊ မျက်နှာကို အမြဲရုပ်ဆင်းပျက်အောင်ပြုလုပ်ပြီး နာကျင်စေမှုကျူးလွန်ပါက ရာဇသတ်ကြီး ပုဒ်မ ၃၂၅၊ ၃၂၆ ဖြင့်လည်းကောင်း၊ တစ်ဦးတစ်ယောက်အား အရှက်ရစေရန် ကတုံးတုံးခြင်း၊ မျက်ခုံးမွေးရိတ်ခြင်း စသည့်ဖြင့် ပြုလုပ်ပါက လူ့ဂုဏ်သိက္ခာကိုကျဆင်းအောင် ပြုလုပ်ခြင်းဖြစ်သဖြင့် ရာဇသတ်ကြီး ပုဒ်မ ၃၅၂၊ ၃၅၄ နှင့် ပုဒ်မ ၅၀၀ ဖြင့်လည်းကောင်း၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအား CDM ပြုလုပ်ရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်းပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ၊ ၅၀၅(က)၊ ၅၀၅-က၊ ၅၀၆ နှင့် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့်လည်းကောင်း စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳


# ချင်းပြည်နယ် ကျီရီးယန်းတောင်ကို အမျိုးသားဥယျာဉ်အဖြစ်သတ်မှတ်ပြီး ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်နိုင်ရန် စီစဉ်မည်

**ထန်တလန် မတ် ၇**

ချင်းပြည်နယ် ထန်တလန်မြို့နယ် သီကီးရ်ကျေးရွာ သီကီးရ်ရေလှောင်တမံအနီးတွင်တည်ရှိပြီး တောရိုင်းတိရစ္ဆာန်နှင့် ဇီဝမျိုးစိတ်များကြွယ်ဝသည့် ကျီရီးယန်းတောင်ကို အမျိုးသားဥယျာဉ်အဖြစ်သတ်မှတ်၍ ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျီရီးယန်းတောင်ကို အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ဖို့ ပြီးခဲ့တဲ့နှစ်တွေကစတင်ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ သစ်တောကသတ်မှတ်ချက်တွေလည်း ပြည့်စုံပါတယ်။ သဘာဝဂေဟစနစ်တွေ ပျက်စီးမှုမရှိသေးတဲ့နေရာ ဖြစ်ပါတယ်။ အမျိုးသားဥယျာဉ်အဖြစ်သတ်မှတ်ပြီး ခရီးသွားတွေ ဝင်ထွက်သွားလာနိုင်ဖို့ လမ်းဖောက်လုပ်မှုတွေ ဆောင်ရွက်နေဆဲဖြစ်ပါတယ်" ဟု ချင်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကျီရီးယန်းတောင်ဒေသကို အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်နိုင်ရန် ပြင်ဆင်ခဲ့သည်မှာ နှစ်နှစ်ဝန်းကျင်ရှိပြီဖြစ်ပြီး ပြည်တွင်းပြည်ပခရီးသွားများ သွားလာလည်ပတ်နိုင်ရန်နှင့် တည်းခိုနိုင်ရန် ထန်တလန်မြို့နှင့် **စာမျက်နှာ ၂၅ ကော်လံ ၁ သို့** ○



## ဒေါ့မွန်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး အမှတ်ပေးဇယားထိပ်တွင် ဘိုင်ယန်မြူးနစ် ဦးဆောင်နိုင်ခဲ့



ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် ၂၄ အဖြစ် မတ် ၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ဒေါ့မွန်အသင်းတို့ရဲ့ ပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းက ဒေါ့မွန်အသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိပြီး ဂျာမန်ဘွန်ဒက်လီဂါအမှတ်ပေးဇယားထိပ်မှာ ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။

**ဟက်ထရစ်ဂိုး သွင်းယူ**

အဆိုပါပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတွေကိုပွဲကစားချိန် ၂၆ မိနစ်၊ ၄၄ မိနစ်နဲ့ မိနစ် ၉၀ တို့မှာ သွင်းယူခဲ့တဲ့ တိုက်စစ်မှူး လီဝန်ဒိုစကီးရဲ့ ဟက်ထရစ်သွင်းဂိုးနဲ့ ပွဲကစားချိန် ၈၈ မိနစ်မှာ သွင်းယူခဲ့တဲ့ ဂိုရက်ဇ်ကာတို့ရဲ့ သွင်းဂိုးတွေနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ဒေါ့မွန်အသင်းအတွက် သွင်းဂိုးတွေကို တိုက်စစ်မှူး ဟာလန်းက ပွဲကစားချိန် ၂ မိနစ်နဲ့ ၉ မိနစ်တို့မှာ သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

**စာမျက်နှာ ၂၉ ကော်လံ ၁ သို့** ❖

ကြေးမုံ ယနေ့ ဖတ်စရာ

**အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၃ ဒသမ ၉၅ သန်း အထိရှိလာ**
စာမျက်နှာ » ၁၃

**မဗျိုင်းသို့ အိတ်ဖွင့်ပေးစာ**
စာမျက်နှာ » ၁၅

**ကျေးရွာ / ရပ်ကွက် စီမံအုပ်ချုပ်ရေးမှူးရုံးများ ပြန်လည်ဖွင့်လှစ်၍ အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာ အကောင်အထည်ဖော်ဆောင်ရွက်**
စာမျက်နှာ » ၂၄